မြန်မာ့အလင်း
၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914
Myanma Alinn Daily

## ပညာဆီမီးကို ရှာဖွေကြိုးစား

လောဘ စသော မီးတဟုန်းဟုန်း တောက်လောင်ခြင်းကို ခံနေရပါလျက် အဘယ်ကြောင့် လူတို့သည် ပြုံးရွှင်ပျော်မြူး နေကြရပါသနည်း။ နှစ်လိုဝမ်းသာခြင်း ဖြစ်နေရပါသနည်း။ ထိုရာဂစသော မီးတို့ကို ငြိမ်းသတ်နိုင်ရန် အားထုတ်သင့်ကြ၏။ မသိအောင် ဖုံးလွှမ်းထားသော အဝိဇ္ဇာ အမှောင်တိုက်ကြီးအတွင်းမှ ထွက်မြောက်ရန် ပညာတည်းဟူသော ဆီမီးကိုရှာဖွေကာ ကြိုးစားသင့်၏။

ဇရာဝဂ်(ဓမ္မပဒ-၁၄၆)

၁၃၇၉ ခုနှစ်၊ နတ်တော်လပြည့်ကျော် ၇ ရက် | ၂၀၁၇ ခုနှစ်၊ ဒီဇင်ဘာ ၁၀ ရက်၊ တနင်္ဂနွေနေ့ | အတွဲ (၅၇)၊ အမှတ် (၀၇၁)

# ဒုတိယအကြိမ် မြန်မာနိုင်ငံ လူငယ်စွန့်ဦးတီထွင်လုပ်ငန်းရှင်များ၏ ထိပ်သီးညီလာခံ ၂၀၁၇ ဖွင့်ပွဲကျင်းပ
# နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် တက်ရောက်လမ်းညွှန်အမှာစကားပြောကြား



နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ဒုတိယအကြိမ် မြန်မာနိုင်ငံ လူငယ်စွန့်ဦးတီထွင်လုပ်ငန်းရှင်များ၏ ထိပ်သီးညီလာခံ ၂၀၁၇ ဖွင့်ပွဲအခမ်းအနားတွင် တာဝန်ရှိသူများနှင့် တွေ့ဆုံစဉ်။ သတင်းစဉ်

**နေပြည်တော် ဒီဇင်ဘာ ၉**

မြန်မာနိုင်ငံလူငယ် စွန့်ဦးတီထွင်လုပ်ငန်းရှင်များအသင်းက ကြီးမှူးကျင်းပသည့် ဒုတိယအကြိမ် မြန်မာနိုင်ငံ လူငယ်စွန့်ဦးတီထွင်လုပ်ငန်းရှင်များ၏ ထိပ်သီးညီလာခံ ၂၀၁၇ ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၉နာရီတွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန-၂ (MICC-II)၌ကျင်းပရာ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် တက်ရောက်လမ်းညွှန် အမှာစကား ပြောကြားသည်။

အခမ်းအနားသို့ ပြည်ထောင်စုလွှတ်တော်ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်ဥက္ကဋ္ဌ သူရဦးရွှေမန်း၊ ပြည်ထောင်စုဝန်ကြီးများ၊ ပြည်ထောင်စု ရာထူးဝန်အဖွဲ့ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံတော် ဗဟိုဘဏ်ဥက္ကဋ္ဌ၊ လွှတ်တော်ရေးရာကော်မတီဥက္ကဋ္ဌများ၊ ဒုတိယဝန်ကြီးများ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ စီးပွားရေး လုပ်ငန်းရှင်များ၊ မြန်မာနိုင်ငံလူငယ်စွန့်ဦးတီထွင်လုပ်ငန်းရှင်များ အသင်းဥက္ကဋ္ဌ နှင့် တာဝန်ရှိသူများ၊ အသင်းသား အသင်းသူများ၊ ပြည်တွင်း ပြည်ပမှ အသိပညာရှင် အတတ်ပညာရှင်များ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ လူငယ်စွန့်ဦးတီထွင်လုပ်ငန်းရှင်များ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

*စာမျက်နှာ ၃ ကော်လံ ၁* ❁

## နိုင်ငံသိက္ခာရှိရှိ၊ တောင့်တင်းခိုင်မာစွာ ရပ်တည်နိုင်ဖို့ စီးပွားရေးတိုးတက်မှုက အရေးကြီး လူငယ်အင်အားနဲ့ စီးပွားရေးအင်အားပေါင်းပြီး နိုင်ငံဖွံ့ဖြိုးတိုးတက်အောင် လုပ်ကြရမှာဖြစ်

မိန့်ခွန်း စာ » ၄

## မြန်မာနိုင်ငံတစ်ဝန်း လူငယ်များအတွက် စွန့်ဦးတီထွင်ယဉ်ကျေးမှု ပေါ်ထွက်လာရန် ကြိုးပမ်း

စာ » ၆

## ငြိမ်းချမ်းရေးဂီတပွဲတော် Grand Final Winner ကို ပရိသတ်များ ကိုယ်တိုင်မဲပေးရွေးချယ်နိုင်

စာ » ၉

## မုန်တိုင်းငယ် မြောက်-အရှေ့မြောက်ဘက်သို့ ဆက်လက်ရွေ့လျားမည်ဟု ခန့်မှန်းရ

**နေပြည်တော် ဒီဇင်ဘာ ၉**

ယနေ့မြန်မာစံတော်ချိန် ညနေ ၆ နာရီခွဲ တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော် အနောက်မြောက်ပိုင်းတွင် ဖြစ်ပေါ်နေသော မုန်တိုင်းငယ် (Depression) သည် မြောက်-အရှေ့ မြောက်ဘက်သို့ရွေ့လျားခဲ့ပြီး အိန္ဒိယနိုင်ငံ ပါရာဒစ်မြို့၏ အရှေ့-အရှေ့တောင်ဘက် မိုင် ၈၀ ခန့်နှင့် ဒီဂါမြို့၏ တောင်-အရှေ့တောင်ဘက်မိုင် ၁၀၀ ခန့်အကွာ ပင်လယ်ပြင်ကို ဗဟိုပြုနေသည်။ အဆိုပါမုန်တိုင်းငယ်သည် မြောက်-အရှေ့မြောက်ဘက်သို့ ဆက်လက်ရွေ့လျားမည်ဟု ခန့်မှန်းရသည်။

မုန်တိုင်းငယ်၏ လက်ရှိအခြေအနေမှာ မြန်မာ့ကမ်းရိုးတန်းသို့ ဦးတည်ရွေ့လျားမည့်အခြေအနေမရှိပါသဖြင့်

*စာမျက်နှာ ၃ ကော်လံ ၁* ❍



မြန်မာ့အလင်း

# ပညာရေးက ဖော်ဆောင်ပေးမည့် နိုင်ငံတော်၏ လမ်းပြမြေပုံ

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်က ပညာရေးဖွံ့ဖြိုးတိုးတက်မှု အကောင်အထည်ဖော်ရေး နှီးနှောဖလှယ်ပွဲ (အခြေခံပညာကဏ္ဍ)၌ ပညာရေးက ပေးအပ်နိုင်သော မျှော်လင့်ချက်တို့ကို ရှင်းလင်းမိန့်ကြားခဲ့ပါသည်။ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်က ပညာရေးဖြင့် ဆင်းရဲနွမ်းပါးမှုမှ လွတ်မြောက်နိုင်သကဲ့သို့ ပညာရေးဖြင့် မတည်ငြိမ်မညီမျှမှုများ ဖယ်ရှားလျက် တရားဥပဒေစိုးမိုးမှုတမှုနှင့်အတူ နိုင်ငံသားအားလုံးအတွက် ငြိမ်းချမ်းလွတ်လပ်မှုများကို ဖန်တီးပေးနိုင်ကြောင်း ထောက်ပြခဲ့ပါသည်။ ထိုမှုမက ပညာရေးက ပိုမိုစည်းလုံး၊ ငြိမ်းချမ်းစည်ပင်၊ ဆတက်ထမ်းပိုးတိုးတက်သော မြန်မာနိုင်ငံတော်ကြီးကို ထူထောင်ပေးနိုင်မည်သာမက ပြည်ထောင်စုတိုင်းရင်းသားတို့၏ ရိုးရာယဉ်ကျေးမှုဓလေ့များ တန်ဖိုးထားမြတ်နိုး ထိန်းသိမ်းရေးကို ဖော်ဆောင်နိုင်မည်ဖြစ်ကြောင်း နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်က မီးမောင်းထိုး ပြောဆိုခဲ့ပါသည်။ ခြုံ၍ပြောဆိုရပါက နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်က ပညာရေးဖြင့် နိုင်ငံသားတိုင်း၊ မိသားစုတိုင်း လူတန်းစေ့ဘဝများ ပိုင်ဆိုင်လျက် သာယာပျော်ရွှင်စွာ ရပ်တည်နိုင်ကြောင်း ရှင်းလင်းမိန့်ကြားပြောဆိုခဲ့ခြင်း ဖြစ်ပါသည်။

ပညာရေး၏ အဆိုပါ အကျိုးကျေးဇူးများ ခံစားနိုင်ရန် အမြစ်တွယ်နေသော အလွတ်ကျက်မှတ် ပညာရေးစနစ်မှ စဉ်းစားတွေးခေါ်မှုအပေါ် အခြေခံသော ပညာရေးစနစ်သို့ ပြောင်းလဲရမည်ဟူသော နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်၏ လမ်းညွှန်ချက်သည် ပညာရေးစနစ် ပြုပြင်ပြောင်းလဲရေး၏ ကျယ်ပြန့်နက်ရှိုင်းပုံကို သွယ်ဝိုက်ဖော်ညွှန်းပြသနေပါသည်။ ပညာရေးဆိုင်ရာ ပြုပြင်ပြောင်းလဲမှုများ ဆောင်ရွက်ရာ၌ ဝန်နှင့်အား မျှတမှုကို ချင့်ချိန်လျက် အုပ်ချုပ်ရေးနှင့် ဘဏ္ဍာရေးဆိုင်ရာ ဘောင်များအတွင်းမှ အင်တိုက်အားတိုက် ကြိုးပမ်းဆောင်ရွက်ရမည်ဟူသော နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်၏ ညွှန်ကြားချက်သည် ပညာရေးကဏ္ဍ ပြုပြင်ပြောင်းလဲရေး၌သာမက နိုင်ငံတော်၏ ကဏ္ဍအားလုံး ပြုပြင်ပြောင်းလဲရေးအတွက်ပါ အလေးအနက်ခံယူကျင့်သုံးရမည့် ညွှန်ကြားချက်ဖြစ်ပါသည်။

ကလေး၊ လူငယ်၊ ကျောင်းသူ ကျောင်းသားတို့အား ကျောင်းသင်ခန်းစာအပြင် မိမိနေအိမ်နှင့် မိမိလူ့အဖွဲ့အစည်းအပါအဝင် မိမိနိုင်ငံ၏ သမိုင်းမှသည် ကမ္ဘာ့လူသားအားလုံးဆိုင်ရာ ဗဟုသုတအရပ်ရပ်အထိ နားလည်စေရမည်ဟူသော နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်၏ ခံယူချက်သည် ဆရာ ဆရာမအားလုံး အလေးအနက် နှလုံးသွင်းရမည့် ခံယူချက်ဖြစ်ပါသည်။ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်က အခြေခံပညာကဏ္ဍအတွင်း အဓိကနယ်ပယ်များဖြစ်သည့် ပညာသင်ယူမှု အခွင့်အလမ်း၊ ပညာအရည်အသွေးနှင့် အကျုံးဝင်မှု၊ သင်ရိုးညွှန်းတမ်း၊ စစ်ဆေးအကဲဖြတ်ခြင်း၊ ဆရာအတတ်ပညာနှင့် ပညာရေးစီမံခန့်ခွဲမှုဆိုင်ရာ ပြုပြင်ပြောင်းလဲမှုတို့ကို ပညာရေးဝန်ကြီးဌာနအနေဖြင့် အထူး အလေးပေးဆောင်ရွက်လျက်ရှိကြောင်း ရှင်းလင်းချပြခဲ့ခြင်းသည် ပညာရေးဆိုင်ရာ ပြုပြင်ပြောင်းလဲမှုအတွက် နိုင်ငံတော်က ချမှတ်ထားသော သန္နိဋ္ဌာန်ကို ဖော်ထုတ်ပြသလိုက်ခြင်း ဖြစ်ပါသည်။ ဆရာ ဆရာမများ၏ အတတ်ပညာ၊ စွမ်းဆောင်ရည်များပြည့်ဝရန် လိုအပ်သကဲ့သို့ ကျောင်းသားကျောင်းသူများနှင့် မိဘများကလည်း ကိုယ်တိုင် ပါဝင်ဖြည့်ဆည်းကြရမည်ဟူသော နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်၏ လမ်းညွှန်ချက်သည် ဘက်စုံစွမ်းဆောင်ရည်ရှိသည့် နိုင်ငံ့သားကောင်း၊ သမီးကောင်းများမှသည် ဘက်စုံဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ဆီသို့ ချီတက်နိုင်မည့် လမ်းပြမြေပုံကို ချပြခြင်းဖြစ်ပါကြောင်း လေးစားစွာ တင်ပြအပ်ပါသည်။ ။

## စာအုပ်စာပေ လူ့မိတ်ဆွေ

# မြန်မာ-ထိုင်း ချစ်ကြည်ရေး သံဃာအပါး ၂၀၀၀၀ ဆွမ်းဆန်စိမ်း လောင်းလှူပွဲ ကျင်းပမည်

**မန္တလေး ဒီဇင်ဘာ ၉**

မြန်မာ-ထိုင်းချစ်ကြည်ရေး သံဃာအပါး ၂၀၀၀၀ ဆွမ်းဆန်စိမ်းလောင်းလှူပွဲကို ၂၀၁၈ ခုနှစ် ဇန်နဝါရီ ၂၀ ရက် နံနက် ၆ နာရီတွင် ချမ်းမြသာစည် လေဆိပ်၌ ကျင်းပမည်ဖြစ်ပြီး ယင်းအခမ်းအနား အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် ဒုတိယအကြိမ် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ဒီဇင်ဘာ ၂၇ ရက်တွင် ဆက်လက်ပြုလုပ်သွားမည်ဖြစ်ကြောင်း ဒီဇင်ဘာ ၈ ရက်က တိုင်းဒေသကြီး အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ပြုလုပ်သည့် ပထမအကြိမ် လုပ်ငန်းညှိနှိုင်းအစည်းအဝေးမှ သိရသည်။



အစည်းအဝေးသို့ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေါက်တာဇော်မြင့်မောင် တက်ရောက်၍ အမှာစကားပြောကြားပြီး ကော်မတီ၊ ဆပ်ကော်မတီ အသီးသီးတို့က သက်ဆိုင်ရာကဏ္ဍများအလိုက် ဆောင်ရွက်ထားရှိမှု အခြေအနေများကို ရှင်းလင်းတင်ပြရာ တိုင်းဒေသကြီး ဝန်ကြီးချုပ်က လုပ်ငန်းလိုအပ်ချက်များကို ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**တင်မောင် (မန်းကိုယ်ပွား)**

# လူထုဗဟိုပြုစီမံကိန်းမှ ကျေးရွာဘဏ္ဍာရေး ဆပ်ကော်မတီများ စာရင်းကိုင်သင်တန်း ပို့ချ

**ကျောက်တန်း ဒီဇင်ဘာ ၉**

လူထုဗဟိုပြုစီမံကိန်းမှ ဒုတိယနှစ်စီမံကိန်းစက်ဝန်း စတင်ရန်အတွက် ရန်ကုန်တောင်ပိုင်းခရိုင် ကျောက်တန်းမြို့နယ် ကျေးရွာများတွင် စာရင်းဇယားများ ပြုစုထိန်းသိမ်းခြင်းဆိုင်ရာ ငွေစာရင်းသင်တန်း ဖွင့်လှစ်ပို့ချပေးလျက်ရှိသည်။

ကျေးရွာအဆင့် ဘဏ္ဍာရေးဆပ်ကော်မတီဝင်များအနေဖြင့် ဒုတိယနှစ်စီမံကိန်း စက်ဝန်းနှင့်ပတ်သက်သော ဘဏ္ဍာရေးလုပ်ငန်းများကို ရှင်းရှင်းလင်းလင်း သိရှိရန်၊ စီမံကိန်းမှ လူထုသို့ တိုက်ရိုက်ထောက်ပံ့ပေးသော ငွေများကို ကျေးရွာလူထု အကျိုးဖြစ်စေမည့် လုပ်ငန်းခွဲများတွင် စနစ်တကျ အသုံးပြုရမည်ကို သိရှိစေရန်၊ မိမိတို့မြို့နယ်၏ စီမံကိန်းလုပ်ငန်းများအပေါ် စီမံကိန်းရာသီစက်ဝန်း ပြီးဆုံးချိန်အထိ လစဉ်အစီရင်ခံစာ တင်ပြခြင်း၊ လူထုဆန်းစစ်ခြင်း ဘဏ္ဍာရေးသတ်မှတ်ပုံစံ စာရင်းဇယားများဖြင့် ဖော်ပြ အစစ်အဆေးခံနိုင်စေရန် စသည့် ရည်ရွယ်ချက်များကို ဒီဇင်ဘာ ၆ ရက်က ကျောက်တန်းမြို့ ဆင်ကန်ရပ်ကွက် အသောကာရာမ ပရိယတ္တိစာသင်တိုက် သာသနာ့ဝေပုလ္လ ဓမ္မာဗိမာန်၌ ဖွင့်လှစ်သည့် ကျေးရွာအဆင့် ဘဏ္ဍာရေးဆပ်ကော်မတီများကို လူထုဗဟိုပြုစီမံကိန်း နည်းပညာအကြံပေးအဖွဲ့မှ ဘဏ္ဍာရေးအရာရှိ ဒေါ်ဇာလီမော်က ဆွေးနွေး၍ လက်တွေ့ပြသပေးခဲ့သည်။

အဆိုပါ စာရင်းကိုင်သင်တန်းသို့ လူထုဗဟိုပြုစီမံကိန်း ဒုတိယနှစ်စက်ဝန်း စတင်ကြမည့် ကျေးရွာအုပ်စု ၁၀ အုပ်စု၊ ကျေးရွာ ၁၅ ရွာမှ ဘဏ္ဍာရေး ဆပ်ကော်မတီဝင် အမျိုးသား ၃၃ ဦးနှင့် အမျိုးသမီး ၂၅ ဦးတို့ တက်ရောက်၍ လက်တွေ့ လေ့ကျင့်ကြကြောင်း သိရသည် ။

**စိုးဝင်း (ကျောက်တန်း)**

## ဇမ္ဗူသီရိမြို့နယ်တွင် ပြည်သူလူထုအခြေပြု ကာကွယ်ဆေးထိုးနှံမည်

**နေပြည်တော် ဒီဇင်ဘာ ၉**

ပြည်ထောင်စုနယ်မြေ နေပြည်တော် ဒက္ခိဏခရိုင် ဇမ္ဗူသီရိမြို့နယ်အတွင်းတွင် ပြည်သူလူထုအခြေပြု ကာကွယ်ဆေးထိုးခြင်းကို ဒီဇင်ဘာ ၁၆ ရက်မှ ၂၀ ရက်အထိ မင်္ဂလာသိဒ္ဓိရပ်ကွက်ရှိ ဓမ္မာရုံ၌ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

ပြီးခဲ့သည့် နိုဝင်ဘာလနောက်ဆုံးပတ်က ဇမ္ဗူသီရိမြို့နယ် မင်္ဂလာသိဒ္ဓိရပ်ကွက်ရှိ အမှတ် (၃) အခြေခံပညာမူလတန်းကျောင်းတွင် မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာ တင်မြထွေးနှင့် ကျန်းမာရေးဝန်ထမ်းများက ကျောင်းအခြေပြု ဂျပန်ဦးနှောက်ရောင်ရောဂါ ကာကွယ်ဆေးထိုးနှံခြင်းကို ကျောင်းသား ကျောင်းသူ ၂၃၄ ဦးကို ထိုးနှံပေးခဲ့ပြီး အကြောင်းအမျိုးမျိုးကြောင့် ကာကွယ်ဆေး လာရောက်ထိုးနှံခြင်း မရှိသည့် ကျောင်းသား ကျောင်းသူများကို ပြည်သူလူထုအခြေပြု ကာကွယ်ဆေးထိုးနှံမည့် ဒီဇင်ဘာ ၁၆ ရက်မှ ၂၀ ရက်များတွင် မင်္ဂလာသိဒ္ဓိဓမ္မာရုံ၌ ပြန်လည်ထိုးနှံပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**မင်းမင်းလတ် (မန်းတက္ကသိုလ်)**

## မြန်မာ့ရုပ်မြင်သံကြား ၁၀-၁၂-၂၀၁၇ (တနင်္ဂနွေနေ့)

| | | |
|---|---|---|
| ၆း၀၀ | - | တောင်တန်းသာသနာပြုဆရာတော်ကြီး၏ ပရိတ်တရားတော် |
| ၈း၄၅ | - | "ငြိမ်းချမ်းရေးဂီတပွဲတော် Grand Final အတွက် ကြိုတင်ရင်ခုန်လှုပ်ရှားမှုများ" |
| ၁၀း၀၀ | - | Sunday Talk |
| ၁၂း၄၅ | - | မြန်မာဂန္ထဝင်ရုပ်ရှင်"ရမ္မက်ဇော" |
| ၁၆း၃၅ | - | "ဘောလုံးအားကစား၏ အခြေခံနည်းစနစ်များ"(ရှေ့တန်းတိုက်စစ်) |
| ၁၈း၄၅ | - | "အမျိုးသမီးတိုင်းအတွက်" |
| ၁၉း၁၅ | - | နိုင်ငံခြားဇာတ်လမ်းတွဲ" မြွေပျိုမယ်ရဲ့မာယာလှည့်ကွက်"(အပိုင်း-၄၇) |
| ၂၀း၀၀ | - | ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း၊ မိုးလေဝသအခြေအနေ |
| | - | ငြိမ်းချမ်းရေးဂီတပွဲတော် Grand Final တိုက်ရိုက်ထုတ်လွှင့်မှုအစီအစဉ် |

## ရွှေ၊ ငွေ၊ စက်သုံးဆီနှင့် နိုင်ငံတကာသုံး ငွေကြေးပေါက်ဈေးနှုန်း

ခင်ရတနာ-စုစည်းသည်။

၉-၁၂-၂၀၁၇

**ရွှေဈေးနှုန်း(အောင်သမာဓိရွှေဆိုင်)**

| | | | |
|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၉၁၄၀၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၈၆၀၂၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၉၁၄၅၀၀ |

**စက်သုံးဆီဈေးနှုန်း (စက်သုံးဆီအသင်း)**

| | |
|---|---|
| ဒီဇယ် | ၇၇၀/၇၈၅ ကျပ် (လက်လီဈေး) |
| အောက်တိန်း ၉၂ | ၇၇၅/၇၉၀ ကျပ် (လက်လီဈေး) |
| အောက်တိန်း ၉၅ | ၈၂၀/၈၃၀ ကျပ် (လက်လီဈေး) |
| ပရီမီယံဒီဇယ် | ၇၉၀/၈၀၅ ကျပ် (လက်လီဈေး) |

**နိုင်ငံတကာ ငွေကြေးဈေးနှုန်း (ဗဟိုဘဏ်)**

| | | |
|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ၁၃၆၄ ·၀ |
| ဥရောပ | တစ်ယူရို | ၁၆၀၈ ·၃ |
| စင်ကာပူ | တစ်ဒေါ်လာ | ၁၀၁၀ ·၄ |
| ထိုင်း | တစ်ဘတ် | ၄၁ ·၈ |
| အိန္ဒိယ | တစ်ရူပီး | ၂၁ ·၁ |
| တရုတ် | တစ်ယွမ် | ၂၀၆ ·၁ |
| မလေးရှား | တစ်ရင်းဂစ် | ၃၃၃ ·၇ |

မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။

Myanma Alinn Daily

| | | |
|---|---|---|
| စာတည်းမှူးချုပ် | - | အောင်နိုင်ဦး |
| စာတည်းမှူး | - | ဝင်းရွှေ |
| စာတည်းမှူး | - | မြင့်ဆွေ(သတင်းထောက်ချုပ်) |
| စာတည်းမှူးများ | - | မြင့်စိုး၊ ကြည်ဝင်း၊ ဝင်းကျော်၊ ခြူးစန္ဒီနွေး၊ ကလျာမိုးမြင့် |
| အကြီးတန်းသတင်းထောက်များ | - | ကျော်သူဝင်း၊ ခင်ရတနာ၊ သိမ့်သိမ့်မိုး၊ ဇူလိုင်မိုး၊ စိန်လွင်အောင်၊ တင်စိုး(ခတ်ပုံ) |
| အငယ်တန်းသတင်းထောက်များ | - | တင်လင်းအောင်၊ တင်မောင်လွင်၊ ဇင်ဦး၊ နေဝင်းထွန်း(၂)၊ ဟိန်းထက်ဇော်၊ ဝေသူနွယ် |
| ထုတ်ဝေခြင်းအမှတ် | - | (၀၁၀၉၃)၊ ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇) |

မြန်မာ့အလင်း

mmalin.npt @ gmail.com,

www. facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၆၊ ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။





နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ဒုတိယအကြိမ် မြန်မာနိုင်ငံ လူငယ်စွန့်ဦးတီထွင်လုပ်ငန်းရှင်များ၏ ထိပ်သီးညီလာခံ ၂၀၁၇ ဖွင့်ပွဲအခမ်းအနားတွင် လမ်းညွှန်အမှာစကားပြောကြားစဉ်။ သတင်းစဉ်

❀ *ရွှေဖုံးမှ*

ဒုတိယအကြိမ်မြောက် မြန်မာနိုင်ငံ လူငယ်စွန့်ဦးတီထွင်လုပ်ငန်းရှင်များ၏ ထိပ်သီးညီလာခံ ၂၀၁၇ ကို ဂီတကဗျာအဖွဲ့က အဖွင့်တေးသီချင်းဖြင့် တေးသရုပ်ဖော်ကပြ၍ ဖွင့်လှစ်ပေးကြသည်။

**လမ်းညွှန်အမှာစကားပြော**

ဖွင့်ပွဲအခမ်းအနားတွင် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် က လူငယ်စွန့်ဦးတီထွင်လုပ်ငန်းရှင်များအတွက် လမ်းညွှန်အမှာစကား ပြောကြားသည်။

(နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်၏ လမ်းညွှန်အမှာစကား အပြည့်အစုံကို စာမျက်နှာ ၄၊ ၅ တွင် ဖော်ပြထားပါသည်)

**မှတ်တမ်းတင်ဓာတ်ပုံရိုက်**

ဖွင့်ပွဲအခမ်းအနား အပြီးတွင် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် မြန်မာနိုင်ငံ လူငယ်စွန့်ဦး တီထွင်လုပ်ငန်းရှင်များ အသင်းဥက္ကဋ္ဌနှင့် တာဝန်ရှိသူများအား MICC-II ဧည့်ခန်းမ၌ ရင်းရင်းနှီးနှီး တွေ့ဆုံပြီး အသင်းဥက္ကဋ္ဌနှင့် တာဝန်ရှိသူများ၊ စီမံခန့်ခွဲမှုကော်မတီမှတာဝန်ရှိသူများ၊ အလုပ်အမှုဆောင်များနှင့် ညီလာခံကျင်းပရေး လုပ်ငန်းကော်မတီတို့မှ လူငယ်များနှင့် သီးခြားစီ မှတ်တမ်းတင် ဓာတ်ပုံရိုက်သည်။

**လှည့်လည်ကြည့်ရှုအားပေး**

ယင်းနောက် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်သည် အဆိုပါခန်းမ မြေညီထပ်၌ ခင်းကျင်းပြသထားသည့် ပြခန်းများ၊ ဒုတိယအကြိမ် Myanmar Entrepreneurship Summit Award ဆုရရှိထားသူများ၏ပြခန်းများနှင့် အသေးစား၊ အလတ်စားလုပ်ငန်း ပြခန်းများအား လှည့်လည်ကြည့်ရှု အားပေးသည်။

**ခင်းကျင်းပြသထား**

ဒုတိယအကြိမ် မြန်မာနိုင်ငံ လူငယ် စွန့်ဦးတီထွင်လုပ်ငန်းရှင်များ၏ ထိပ်သီး ညီလာခံ ၂၀၁၇ တွင် ပြခန်းပေါင်း ၄၃ ခန်း ခင်းကျင်းပြသထားသည်။

ထို့နောက် ညီလာခံကို ဆက်လက် ကျင်းပရာ မြန်မာနိုင်ငံလူငယ်စွန့်ဦး တီထွင်လုပ်ငန်းရှင်များ အသင်းဥက္ကဋ္ဌ ဦးထွန်းထွန်းနိုင်က အမှာစကားပြောကြားပြီး "Leading Entrepreneurs, Building Economy" ခေါင်းစဉ်ဖြင့် ဆွေးနွေးသည်။

**ဆွေးနွေးခြင်းများပြုလုပ်**

ယင်းနောက် **"မြန်မာနိုင်ငံတွင် စွန့်ဦးတီထွင်မှုပြောင်းလဲလာပုံ" "ကိုယ်ပိုင်စီးပွားရေးလုပ်ငန်းများ ပိုမိုအောင်မြင်လာစေရန် ဆောင်ရွက်ခြင်း" "ဈေးကွက်ဖြေရှင်းမှုများဖြင့် လူမှုရေးပြဿနာများကို အဖြေရှာခြင်း"** နှင့် **"စွန့်ဦးတီထွင်လုပ်ငန်းရှင်များအတွက် မဟာဗျူဟာ ထွက်ပေါက်"** ခေါင်းစဉ်များဖြင့် ဆွေးနွေးခြင်းများ ပြုလုပ်ခဲ့ကြသည်။

ယခုညီလာခံကို မြန်မာနိုင်ငံ၏ စွန့်ဦးတီထွင်လုပ်ငန်းများ အရှိန်အဟုန်ဖြင့် အောင်မြင်လာအောင် ထောက်ပံ့ရန်၊ လူငယ်စွန့်ဦးတီထွင်လုပ်ငန်းရှင်များအား မြေတောင်မြှောက်ပေးရန်နှင့် စီးပွားရေးလုပ်ငန်းရှင်များ အောင်မြင်စွာပေါ်ထွက်လာစေရန်၊ အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းရှင်များ အရှိန်အဟုန်ဖြင့် တိုးတက်လာစေပြီး နိုင်ငံတော်၏ စီးပွားရေး ဖွံ့ဖြိုးတိုးတက်ရေးအတွက် တစ်ဖက်တစ်လမ်းမှ ပံ့ပိုးကူညီရန်စသည့် ရည်ရွယ်ချက်တို့ဖြင့် ကျင်းပခြင်းဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**



နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ဒုတိယအကြိမ် မြန်မာနိုင်ငံ လူငယ်စွန့်ဦးတီထွင်လုပ်ငန်းရှင်များ၏ ထိပ်သီးညီလာခံ ၂၀၁၇ ဖွင့်ပွဲအခမ်းအနား၌ ခင်းကျင်းပြသထားသည့် ပြခန်းများကို ကြည့်ရှုအားပေးစဉ်။ သတင်းစဉ်

**" ယခု ညီလာခံကို မြန်မာနိုင်ငံ၏ စွန့်ဦးတီထွင်လုပ်ငန်းများ အရှိန်အဟုန်ဖြင့် အောင်မြင်လာအောင် ထောက်ပံ့ရန်၊ လူငယ်စွန့်ဦးတီထွင်လုပ်ငန်းရှင်များအား မြေတောင်မြှောက်ပေးရန်နှင့် စီးပွားရေးလုပ်ငန်းရှင်များ အောင်မြင်စွာပေါ်ထွက်လာစေရန်၊ အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းရှင်များ အရှိန်အဟုန်ဖြင့် တိုးတက်လာစေပြီး နိုင်ငံတော်၏ စီးပွားရေး ဖွံ့ဖြိုးတိုးတက်ရေးအတွက် တစ်ဖက်တစ်လမ်းမှ ပံ့ပိုးကူညီရန်စသည့် ရည်ရွယ်ချက်တို့ဖြင့် ကျင်းပခြင်းဖြစ် "**

❍ *ရွှေဖုံးမှ*

အဝါရောင်အဆင့်ဟု သတ်မှတ်ပါသည်။

အဆိုပါ မုန်တိုင်းငယ်သည် မြန်မာစံတော်ချိန် ညနေ ၆ နာရီခွဲတွင် မြောက်လတ္တီကျု ၂၀ ဒသမ ၀ ဒီဂရီနှင့် အရှေ့လောင်ဂျီကျု ၈၈ ဒသမ ၀ ဒီဂရီတွင်ရှိပြီး၊ ဗဟိုချက်လေဖိအား ၁၀၀၄ ဟက်တိုပါစကယ်နှင့် အမြင့်ဆုံးလေတိုက်နှုန်းမှာ တစ်နာရီလျှင် ၃၅ မိုင် နှုန်းဖြစ်သည်။

အဆိုပါ မုန်တိုင်းငယ်သည် မြောက် -အရှေ့မြောက်ဘက်သို့ ဆက်လက်ရွေ့လျားနေပြီး အိန္ဒိယနိုင်ငံ ဩရိသကမ်းခြေမှ အနောက်ဘင်္ဂလားကမ်းခြေနှင့် ယင်းနှင့်ဆက်စပ်လျက်ရှိသော ဘင်္ဂလားဒေ့ရှ်ကမ်းခြေသို့ရောက်ရှိပြီးနောက် တဖြည်းဖြည်းအားလျော့သွားမည်ဟု ခန့်မှန်းရပါသည်။

အဆိုပါ မုန်တိုင်းငယ်၏အရှိန်ကြောင့် စစ်ကိုင်းတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်နှင့် ချင်းပြည်နယ်တို့တွင် နေရာအနှံ့အပြား၊ မန္တလေးတိုင်းဒေသကြီးနှင့် ကချင်ပြည်နယ်တို့တွင် နေရာစိပ်စိပ်၊နေပြည်တော်၊ ဧရာဝတီတိုင်းဒေသကြီးနှင့် ရခိုင်ပြည်နယ်တို့တွင် နေရာကျဲကျဲနှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။

မြစ်ဝကျွန်းပေါ်၊ ရခိုင်ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးမည်။ မိုးသက်လေပြင်းကျစဉ် ရေပြင် မြေပြင်လေသည် တစ်နာရီလျှင် ၃၅မိုင်အထိ တိုက်ခတ်နိုင်သည်။ ကျန်မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြစ်ဝကျွန်းပေါ်၊ ရခိုင်ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန် ပင်လယ်ပြင်တို့တွင် ခြောက်ပေမှ ကိုးပေခန့်၊ မုတ္တမကွေ့၊ မွန်-တနင်္သာရီကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် လေးပေမှ ခုနစ်ပေခန့်ရှိနိုင်သည်။

သို့ဖြစ်၍ မိဘပြည်သူများအနေဖြင့် အချိန်အခါမဟုတ် မိုးရွာခြင်း၊ လေပြင်းတိုက်ခတ်ခြင်းများ ဖြစ်ပေါ်နိုင်ပါသဖြင့် ကြိုတင်သတိပြုနေထိုင်ကြပါရန်နှင့် မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့ရှိ ကမ်းနီး၊ ကမ်းဝေး ငါးဖမ်းရေယာဉ်များ၊ သင်္ဘောများအနေဖြင့်လည်း ကြိုတင်သတိပြုနိုင်ပါရန် မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက အကြံပြုထားသည်။ **မိုး/ဇလ**

# နိုင်ငံသိက္ခာရှိရှိ၊ တောင့်တင်းခိုင်မာစွာ ရပ်တည်နိုင်ဖို့ စီးပွားရေးတိုးတက်မှုက အရေးကြီး လူငယ်အင်အားနဲ့ စီးပွားရေးအင်အားပေါင်းပြီး နိုင်ငံဖွံ့ဖြိုးတိုးတက်အောင် လုပ်ကြရမှာဖြစ်

**နေပြည်တော် ဒီဇင်ဘာ ၉**

ဒီနေ့အခမ်းအနားကို ကြွရောက်လာကြတဲ့ ပြည်ထောင်စုဝန်ကြီးများ၊ လွှတ်တော်အသီးသီးမှ ကိုယ်စားလှယ်များ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ အနယ်နယ် အရပ်ရပ်မှ လူငယ်လုပ်ငန်းရှင်များနဲ့ ဧည့်သည်တော်များအားလုံးကို မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သပါတယ်။

ကျွန်မတို့နိုင်ငံမှာရှိတဲ့ စွန့်ဦးတီထွင်လူငယ်လုပ်ငန်းရှင်တွေရဲ့ စဉ်ဆက်မပြတ်ကြိုးပမ်းအားထုတ်မှုတွေကို အခုလို တွေ့မြင်ရတဲ့အတွက် ဝမ်းသာဂုဏ်ယူကြောင်း ဦးစွာပြောကြားလိုပါတယ်။

### ကောင်းမွန်တဲ့ အမွေအနှစ်တွေ ထားရှိ

ဒီနေ့ကျင်းပတဲ့ညီလာခံဟာ ဒုတိယအကြိမ်မြောက် မြန်မာနိုင်ငံ လူငယ်စွန့်ဦးတီထွင်လုပ်ငန်းရှင်များရဲ့ ထိပ်သီးညီလာခံဖြစ်ပါတယ်။ မနှစ်က ဒီဇင်ဘာလမှာ ပထမဦးဆုံးအကြိမ် ကျင်းပခဲ့ပါတယ်။ အခုခေတ် လူငယ်တွေမှာ ပညာရေး၊ စီးပွားရေးနဲ့ပတ်သက်တဲ့ အခွင့်အလမ်းတွေ အများကြီးရှိတဲ့အတွက် ဒါတွေကို မှန်မှန်ကန်ကန် အသုံးချတတ်ကြဖို့၊ ကျွန်မတို့နိုင်ငံရဲ့ စီးပွားရေးတိုးတက်မှုအတွက် အစိုးရပိုင်း၊ ပုဂ္ဂလိကပိုင်း၊ လူကြီး၊ လူငယ်အားလုံး ပူးပေါင်းဆောင်ရွက်ကြဖို့၊ ကိုယ့်အတွက်ရော ပတ်ဝန်းကျင်အတွက်ကိုပါ တာဝန်ယူစိတ်ရှိကြဖို့၊ ကိုယ့်ရဲ့စိတ်ဓာတ်၊ အစွမ်းအစ၊ လုပ်ရည်ကိုင်ရည်ကို မြှင့်တင်ရာကနေ ကိုယ့်ပတ်ဝန်းကျင် ကိုယ့်နိုင်ငံကို အကျိုးဖြစ်ထွန်းစေဖို့၊ ကောင်းမွန်တဲ့ ပြိုင်ဆိုင်မှု၊ ပူးပေါင်းဆောင်ရွက်မှု၊ တီထွင်ဆန်းသစ်မှုတွေကတစ်ဆင့် နိုင်ငံအတွက် ကောင်းမွန်တဲ့ အနာဂတ်ကို ဖန်တီးပေးကြဖို့၊ နောင်အနာဂတ်မျိုးဆက်တွေအတွက် ရုပ်ပိုင်းဆိုင်ရာသာမက စိတ်ပိုင်းဆိုင်ရာပါ ကောင်းမွန်တဲ့ အမွေအနှစ်တွေ ထားရှိခဲ့နိုင်ဖို့အတွက် ကြိုးစားအားထုတ်ကြဖို့ ပထမဦးဆုံးညီလာခံမှာ ကျွန်မပြောကြားခဲ့ပါတယ်။

ယခုလည်း ကျွန်မတို့နိုင်ငံရဲ့ စီးပွားရေးဖွံ့ဖြိုးတိုးတက်ဖို့နဲ့ ရေရှည်တည်တံ့ခိုင်မြဲတဲ့ စီးပွားရေးစနစ်ဖြစ်စေဖို့ လူငယ်တွေသာမက အစိုးရပိုင်း၊ ပုဂ္ဂလိကပိုင်း၊ ပြည်သူပြည်သားအားလုံးရဲ့ စိတ်ဓာတ်နဲ့ အရည်အချင်း တန်ဖိုးမြှင့်တင်ဖို့ အလွန်အရေးကြီးကြောင်း၊ အားလုံး ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ကြဖို့ လိုအပ်ကြောင်းကို ထပ်လောင်းပြောပါရစေ။

### စီးပွားရေးတိုးတက်မှုက အရေးကြီး

ကျွန်မတို့ရဲ့ လူငယ်တွေဟာ အနာဂတ်နိုင်ငံတော်ရဲ့ အရင်းအမြစ်တွေ ဖြစ်ပါတယ်။ ကျွန်မတို့နိုင်ငံ၊ ကျွန်မတို့လူမျိုးတွေ နောင်တစ်ခေတ်မှာ ကမ္ဘာ့အလယ်မှာ ဂုဏ်သိက္ခာရှိစွာနဲ့ ရပ်တည်နေသွားနိုင်ဖို့အတွက် အခုလူငယ်တွေအပေါ် အများကြီး မူတည်နေပါတယ်။ အလားတူ ကျွန်မတို့နိုင်ငံ သိက္ခာရှိရှိ၊ တောင့်တင်းခိုင်မာစွာ ရပ်တည်နိုင်ဖို့ စီးပွားရေးတိုးတက်မှုက အရေးကြီးလှပါတယ်။ လူငယ်အင်အားနဲ့ စီးပွားရေးအင်အားပေါင်းပြီး ကျွန်မတို့နိုင်ငံကို ဖွံ့ဖြိုးတိုးတက်အောင် လုပ်ကြရမှာဖြစ်ပါတယ်။

ကျွန်မတို့ မြန်မာလူငယ်တွေဟာ စူးစမ်းလိုစိတ်၊ တီထွင်ဖန်တီးလိုစိတ်၊ ပွင့်လင်းလွတ်လပ်တဲ့ အတွေးအခေါ်တွေကို လက်တွေ့အကောင်အထည်ဖော်ပြီး အများအကျိုးအတွက် ကြိုးပမ်းဆောင်ရွက်လိုတဲ့ စိတ်ထားရှိကြပါတယ်။

ကျွန်မတို့နိုင်ငံမှာ စွန့်ဦးတီထွင်ယဉ်ကျေးမှုတစ်ရပ် ဖြစ်ပေါ်လာစေဖို့အတွက် အစိုးရပိုင်းအနေနဲ့လည်း ပြည်ထောင်စုအဆင့်သာမက တိုင်းဒေသကြီးအစိုးရတွေကပါ ကိုယ့်တိုင်းဒေသမှာရှိကြတဲ့ စွန့်ဦးတီထွင်လုပ်ငန်းတွေကို အားပေးကူညီပံ့ပိုးကြဖို့တိုက်တွန်းပါတယ်။ အခုဆိုရင် အစိုးရအနေနဲ့ အသေးစားနဲ့ အလတ်စားစီးပွားရေးလုပ်ငန်းတွေ ဖွံ့ဖြိုးတိုးတက်ရေးအတွက် တွန်းအားပေး လုပ်ဆောင်ပေးလျက်ရှိပါတယ်။

စွန့်ဦးတီထွင်ကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် စွန့်ဦးတီထွင်ကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာဥပဒေ၊ မူဝါဒတွေချမှတ်နိုင်ဖို့ မြန်မာ့စွန့်ဦးတီထွင် လူငယ်လုပ်ငန်းရှင်များအသင်းက ဦးဆောင်ပြီး သက်ဆိုင်ရာဌာနတွေနဲ့ ပူးပေါင်းဆောင်ရွက်နေတာကို သိရှိရတဲ့အတွက် ဝမ်းသာဂုဏ်ယူပါတယ်။

စွန့်ဦးတီထွင်ကဏ္ဍအတွက် ပုံမှန်တွေ့ဆုံနိုင်မယ့် အစိုးရ-ပုဂ္ဂလိက ဆွေးနွေးပွဲတစ်ခု ဖွဲ့စည်းနိုင်ရေးအတွက်ကိုလည်း သက်ဆိုင်ရာဝန်ကြီးဌာနတွေက ဆောင်ရွက်ပေးနေကြောင်းကို လူငယ်တွေကို အသိပေးပြောလိုပါတယ်။

### တက်တက်ကြွကြွနဲ့ ပါဝင်ဆွေးနွေး

ပြီးခဲ့တဲ့လက ဖိလစ်ပိုင်နိုင်ငံမှာ ကျင်းပခဲ့တဲ့ အာဆီယံစီးပွားရေးနှင့် ရင်းနှီးမြှုပ်နှံမှု ထိပ်သီးညီလာခံကို ကျွန်မတက်ရောက်ခဲ့ပါတယ်။ အဲ့ဒီမှာ အာဆီယံနိုင်ငံအသီးသီးက လူငယ်လုပ်ငန်းရှင်တွေ တက်တက်ကြွကြွနဲ့ ပါဝင်ဆွေးနွေးကြတာကို အားရစရာ တွေ့မြင်ခဲ့ရပါတယ်။

ကျွန်မတို့ဒေသတွင်းနိုင်ငံတွေမှာ တီထွင်ဆန်းသစ်မှု၊ အီလက်ထရောနစ်စနစ်ဖြင့် ကုန်သွယ်ရေးနဲ့ ဒီဂျစ်တယ်စီးပွားရေးတို့ကို သွားနေတဲ့အချိန် ဖြစ်ပါတယ်။ ဒီလိုအချိန်မှာ ကျွန်မတို့ မြန်မာလူငယ်တွေအနေနဲ့လည်း နောက်ကျကျန်ရစ်လို့မဖြစ်ပါဘူး။ ဒေသတွင်း နိုင်ငံတွေမှာရှိတဲ့ လူငယ်လုပ်ငန်းရှင်တွေနဲ့ ရင်ပေါင်တန်းနိုင်ဖို့ ကြိုးစားကြရမှာ ဖြစ်ပါတယ်။

အခုဆိုရင် အာဆီယံမှာ နှစ်စဉ်ချီးမြှင့်နေတဲ့ ထူးချွန်ဆုကို ကျွန်မတို့ မြန်မာနိုင်ငံ လူငယ်စွန့်ဦးတီထွင်အသင်းက ၂၀၁၄ ခုနှစ်ကနေ ဒီနှစ် ၂၀၁၇ ခုနှစ်အထိဆို စုစုပေါင်း ၂၁ ယောက် ဆုရရှိခဲ့တာကို အားရဂုဏ်ယူစရာ တွေ့မြင်ရပါတယ်။ ဒီအရှိန်အဟုန်ကို ဆက်ထိန်းသိမ်းထားပြီး နောင်နှစ်တွေမှာလည်း ဒီလိုရလဒ်ကောင်းတွေကို ပိုပြီးတိုးတက်ရရှိဖို့ ကြိုးစားကြပါလို့ တိုက်တွန်းချင်ပါတယ်။

### တီထွင်ဆန်းသစ်မှုတွေ ပြုလုပ်ကြဖို့ လိုအပ်

ကျွန်မအနေနဲ့ မှာကြားချင်တာတစ်ခုကတော့ လုပ်ငန်းရှင်တွေအနေနဲ့ ဒေသဆိုင်ရာ အစီအစဉ်တွေက ရလာတဲ့ အတွေ့အကြုံတွေကို ကိုယ့်နိုင်ငံက လူငယ်တွေကို ပြန်လည်မျှဝေဖို့ လိုအပ်သလို ဒီအတွေ့အကြုံတွေကို အခြေခံပြီး တီထွင်ဆန်းသစ်မှုတွေ ပြုလုပ်ကြဖို့ လိုပါတယ်။



နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် မိန့်ခွန်းပြောကြားစဉ်။

ဒါ့အပြင် ကိုယ့်ဆီက ထုတ်ကုန်တွေ ဈေးကွက်ရရှိရေးနဲ့ တခြားနိုင်ငံက ပစ္စည်းတွေနဲ့ ပြည်တွင်း၊ ပြည်ပဈေးကွက်တွေမှာ ယှဉ်ပြိုင်နိုင်စွမ်းရှိဖို့ ကြိုးပမ်းရမှာဖြစ်ပါတယ်။ ကိုယ့်ပြည်တွင်းက ဈေးကွက်တစ်ခုတည်း မဟုတ်ဘဲ အိမ်နီးချင်းနိုင်ငံတွေ၊ အာဆီယံနိုင်ငံတွေရဲ့ ဈေးကွက်တွေမှာ ထိုးဖောက်နိုင်ဖို့ ရည်မှန်းချက်ထားကြိုးစားကြရမှာဖြစ်ပါတယ်။

### စိန်ခေါ်မှုတွေကို ကျော်လွှားနိုင်အောင်ကြိုးစား

ကျွန်မတို့နိုင်ငံဟာ ပထဝီဝင်အနေအထားအရ မဟာဗျူဟာကျတဲ့ နိုင်ငံတစ်နိုင်ငံဖြစ်ပါတယ်။ ဒါတွေ အားလုံးသိပြီးသားပါ။ လူဦးရေအများဆုံး နိုင်ငံတွေဖြစ်ပြီး စီးပွားရေးအရ အရှိန်အဟုန်နဲ့ တိုးတက်နေတဲ့ တရုတ်နိုင်ငံနဲ့ အိန္ဒိယနိုင်ငံတို့အကြားမှာ တည်ရှိနေပါတယ်။ ဒါဟာ အားသာချက်တွေ အများကြီးရှိသလို စိန်ခေါ်မှုတွေလည်း အများကြီးရှိနေပါတယ်။ စိန်ခေါ်မှုတွေကို ကျော်လွှားနိုင်အောင် ကြိုးစားရမှာဖြစ်သလို အားသာချက်တွေကိုလည်း အခွင့်အလမ်းတစ်ရပ်အဖြစ် အသုံးချသွားနိုင်ဖို့ ကြိုးစားကြရမှာ ဖြစ်ပါတယ်။

> “ အခုဆိုရင် အာဆီယံမှာ နှစ်စဉ်ချီးမြှင့်နေတဲ့ ထူးချွန်ဆုကို ကျွန်မတို့မြန်မာနိုင်ငံ လူငယ်စွန့်ဦးတီထွင်အသင်းက ၂၀၁၄ ခုနှစ်ကနေ ဒီနှစ် ၂၀၁၇ ခုနှစ်အထိဆို စုစုပေါင်း ၂၁ ယောက်ဆုရရှိခဲ့တာကို အားရဂုဏ်ယူစရာ တွေ့မြင်ရပါတယ်။ ဒီအရှိန်အဟုန်ကို ဆက်ထိန်းသိမ်းထားပြီး နောင်နှစ်တွေမှာလည်း ဒီလိုရလဒ်ကောင်းတွေကို ပိုပြီး တိုးတက်ရရှိဖို့ ကြိုးစားကြပါလို့ တိုက်တွန်းချင်ပါတယ်။ ကျွန်မအနေနဲ့ မှာကြားချင်တာတစ်ခုကတော့ လုပ်ငန်းရှင်တွေအနေနဲ့ ဒေသဆိုင်ရာ အစီအစဉ်တွေက ရလာတဲ့အတွေ့အကြုံတွေကို ကိုယ့်နိုင်ငံက လူငယ်တွေကို ပြန်လည်မျှဝေဖို့ လိုအပ်သလို ဒီအတွေ့အကြုံတွေကိုအခြေခံပြီး တီထွင်ဆန်းသစ်မှုတွေ ပြုလုပ်ကြဖို့လိုပါတယ်။ ”

ကျွန်မတို့နိုင်ငံဟာ တကယ်တော့ လယ်ယာထွက်ကုန်၊ သယံဇာတ အရင်းအမြစ်တွေ ပေါကြွယ်ဝပါတယ်။ ဒါပေမယ့် အိမ်နီးချင်းနိုင်ငံတွေ၊ ဒေသတွင်းနိုင်ငံတွေနဲ့ အရည်အသွေးမှာ မယှဉ်နိုင်တဲ့အတွက် အခက်အခဲ ကြုံတွေ့နေရတာကိုလည်း အားလုံးသိကြမှာ ဖြစ်ပါတယ်။ ဒါကြောင့် ကိုယ့်နိုင်ငံက ထွက်ကုန်တွေကို ဝယ်လိုအားဈေးကွက်အပေါ် အခြေခံပြီး နည်းပညာအသစ်တွေနဲ့ ပိုမိုကောင်းမွန်တဲ့ အရည်အသွေးရရှိအောင် တီထွင်ဆန်းသစ်ထုတ်လုပ်ကြဖို့၊ ကုန်ကြမ်းတင်ပို့ရောင်းချတာထက် တန်ဖိုးမြင့်ထွက်ကုန်တွေကို ထုတ်လုပ်ပြီး ပြည်ပကို တင်ပို့ရောင်းချနိုင်ဖို့ကို လိုအပ်ပါတယ်။

### အခွင့်အလမ်းများစွာ ဖန်တီးပေးထား

ကျွန်မတို့နိုင်ငံမှာ နိုင်ငံတကာကုမ္ပဏီကြီးတွေ လာပြီးရင်းနှီးမြှုပ်နှံနိုင်ဖို့ ဝန်းကျင်ကောင်းတစ်ခုဖြစ်အောင် ကြိုးစားဖန်တီးပေးနေပါတယ်။ အစိုးရအနေနဲ့ ပြည်တွင်း၊ ပြည်ပရင်းနှီးမြှုပ်နှံသူတွေအတွက် အခွင့်အလမ်းများစွာ ဖန်တီးပေးထားတဲ့ ရင်းနှီးမြှုပ်နှံမှုဥပဒေ၊ နည်းဥပဒေအသစ်တွေကို ပြင်ဆင်ပြဋ္ဌာန်းပေးခဲ့ပြီး ဖြစ်ပါတယ်။ ဒါ့အပြင် အစိုးရပိုင်းကနေ စီမံကိန်းတွေ ချမှတ်ဆောင်ရွက်နေပါတယ်။ ဒီလိုဆောင်ရွက်တဲ့နေရာမှာ လူငယ်လုပ်ငန်းရှင်တွေက အကြံကောင်း၊ ဉာဏ်ကောင်းတွေကို အလေးပေး ထည့်သွင်းစဉ်းစားသွားမှာဖြစ်တဲ့အတွက် လူငယ်များရဲ့ အကြံပြုမှုတွေကိုလည်းဖိတ်ခေါ်ပါတယ်။

အာဆီယံစီးပွားရေးအကြံပေးကောင်စီ (ASEAN Business Advisory Council-ABAC)က ဒီနှစ် အာဆီယံထိပ်သီးအစည်းအဝေး ကာလအတွင်း တွေ့ဆုံဆွေးနွေးခဲ့တဲ့အထဲမှာ ဒေသတွင်းနိုင်ငံတွေအနေနဲ့ ငွေကြေး (Money)၊ ဈေးကွက် (Market) နဲ့ လမ်းညွှန်ပေးမှု (Mentorship) ဆိုတဲ့ 3M ကို ဆောင်ရွက်ကြဖို့နဲ့ သက်ဆိုင်ရာ ကဏ္ဍအလိုက် လုပ်ငန်းအဖွဲ့တွေမှာ အာဆီယံစီးပွားရေးအကြံပေးကောင်စီအနေနဲ့ ပါဝင်တက်ရောက်ဆွေးနွေးဖို့ အကြံပြုတင်ပြခဲ့ပါတယ်။

### တိုးတက်လာမယ်လို့ ယုံကြည်

ကျွန်မတို့နိုင်ငံရဲ့ စီးပွားရေးလုပ်ငန်းတွေ တိုးတက်လာစေဖို့အတွက် 3M လိုအပ်ပါတယ်။ ပထမ M ဖြစ်တဲ့ ငွေကြေး(Money) နဲ့ ပတ်သက်လို့ လူငယ်စွန့်ဦးတီထွင်လုပ်ငန်းရှင်တွေအတွက် ရင်းနှီးငွေ၊ ချေးငွေရရှိရေးက ခက်ခဲတယ်ဆိုတာ သိရှိပါတယ်၊ ကျွန်မတို့အနေနဲ့ ဘဏ်ချေးငွေတစ်ခုတည်း မဟုတ်ဘဲ တခြားနည်းလမ်းတွေကိုလည်း ကြံဆဖော်ဆောင်ရမှာ ဖြစ်ပါတယ်။ ဒီအတွက် သမားရိုးကျနည်းလမ်းဖြစ်တဲ့ ဘဏ်ချေးငွေ တစ်ခုတည်းကိုပဲ အားမကိုးဘဲ အောင်မြင်တဲ့ လုပ်ငန်းရှင်ကြီးတွေက စတင်စ လုပ်ငန်းသစ် အသေးလေးတွေမှာ အစုရှယ်ယာ ထည့်ဝင်ပြီး ဒီလုပ်ငန်းသစ်ကလေးတွေကို အောင်မြင်အောင် ပူးပေါင်းကူညီပေးဖို့ လိုပါတယ်။ လုပ်ငန်းကြီးတွေအနေနဲ့ လုပ်ငန်းလေးတွေ ရေရှည်တည်တံ့နိုင်ဖို့အတွက် ကူညီပံ့ပိုးပေးခြင်းအားဖြင့် ကိုယ်ပိုင်အရင်းအနှီးထည့်ဝင်မှု အခွင့်အလမ်းများ ပိုပြီးတော့လည်း တိုးတက်လာမယ်လို့ ယုံကြည်ပါတယ်။

### ဈေးကွက်ထိုးဖောက်နိုင်အောင် ကြိုးစား

ဒုတိယ M ဖြစ်တဲ့ ဈေးကွက်(Market)နဲ့ ပတ်သက်လို့ လုပ်ငန်းရှင်တွေအနေနဲ့ ဈေးကွက်က လိုအပ်နေတဲ့ ကုန်စည်၊ ဝန်ဆောင်မှုတွေအပေါ် မူတည်ပြီး ထုတ်လုပ်နေရုံသာမက ကိုယ်ထုတ်လုပ်တဲ့ ပစ္စည်းတွေအတွက် ဈေးကွက်ဖန်တီးနိုင်ဖို့က အများကြီး အရေးကြီးပါတယ်။ ခိုင်မာတဲ့ ဈေးကွက်တစ်ခု ရရှိဖို့အတွက် အစိုးရကိုသာ အားကိုးနေရတာမျိုး မဟုတ်ဘဲ လူငယ်လုပ်ငန်းရှင်တွေကလည်း ကိုယ့်ရဲ့စွမ်းဆောင်ရည်နဲ့ တစ်ဖက်တစ်လမ်းကနေ ဈေးကွက်ရအောင်ရှာဖို့ လိုအပ်ပါတယ်။ ကိုယ်ထုတ်လုပ်တဲ့ ကုန်ပစ္စည်းပုံစံ၊ အရည်အသွေးတွေကို သမားရိုးကျမဟုတ်ဘဲ စမ်းသပ်တီထွင်မှုတွေ ပေါင်းစပ်ဖြစ်အောင်လုပ်ပြီး ဈေးကွက်မှာ တွင်ကျယ်သွားအောင် ထိုးဖောက်နိုင်အောင် ကြိုးစားရမှာဖြစ်ပါတယ်။ ဒီနေရာမှာ ပြောချင်တာကတော့ ဈေးကွက်ရရှိရေးအတွက် IT နည်းပညာ၊ အီလက်ထရောနစ်ဖြင့် ကုန်သန်းရောင်းဝယ်ရေးစနစ်နဲ့ ဒီဂျစ်တယ်စီးပွားရေးစနစ် မရှိမဖြစ် လိုအပ်တယ်ဆိုတဲ့ အချက်ပဲ ဖြစ်ပါတယ်။ နည်းပညာ တစ်ဟုန်ထိုး တိုးတက်နေတဲ့ခေတ်ကြီးမှာ လိုအပ်တဲ့ နည်းပညာတွေဟာ အားလုံးရဲ့ လက်တစ်ကမ်းမှာပဲ ရှိနေကြပါတယ်။ မိမိတို့အနေ နဲ့ ဒီနည်းပညာတွေကို ရယူနိုင်ဖို့နဲ့ အကျိုးရှိစွာ သုံးစွဲနိုင်ဖို့ လိုအပ်ပါတယ်။

တတိယ M ကတော့ လမ်းညွှန်ပေးမှု (Mentorship) ဖြစ်ပါတယ်။ ဒါနဲ့ပတ်သက်လို့ ပြီးခဲ့တဲ့ အာဆီယံ ထိပ်သီးအစည်းအဝေးကာလမှာ အာဆီယံ စွန့်ဦးတီထွင်လုပ်ငန်းရှင်များအား လမ်းညွှန်ပေးတဲ့ကွန်ရက် (ASEAN Mentorship of Entrepreneurs Network- AMEN) ကို ဖွဲ့စည်းတည်ထောင်ခဲ့ပါတယ်။ ဒါ့ကြောင့် မြန်မာနိုင်ငံက စွန့်ဦးတီထွင် လူငယ်လုပ်ငန်းရှင်များအနေနဲ့ အာဆီယံဒေသတွင်းအဆင့်မှာ အောင်မြင်နေတဲ့ လုပ်ငန်းရှင်တွေဆီက အကြံဉာဏ်တွေ အထောက်အပံ့တွေရနိုင်တဲ့ လမ်းညွှန်ပေးမယ့်သူတွေရဲ့ ကွန်ရက်(Mentorship Network) တစ်ခု တည်ဆောက်နိုင်မှာဖြစ်ပါတယ်။ မြန်မာနိုင်ငံအတွင်းမှာလည်း အောင်မြင်ပြီးသား လုပ်ငန်းရှင်ကြီးတွေအနေနဲ့ အခုမှ လုပ်ငန်းစတင်နေတဲ့ လူငယ်လုပ်ငန်းရှင်အသစ်တွေကို အားပေးကူညီနိုင်ဖို့ လမ်းညွှန်ပေးသူများ၏ ကွန်ရက်တစ်ခု တည်ထောင်သင့်ပါတယ်လို့ ကျွန်မပြောကြားလိုပါတယ်။

### နမူနာကောင်းတွေကို အတုယူ

အိမ်နီးချင်းနိုင်ငံတွေမှာဆိုရင် စီးပွားရေးလုပ်ငန်းသစ်များ စတင်ပျိုးထောင်ပေးတဲ့ဗဟိုဌာန (Business Incubation Centre) တည်ဆောက်ပြီး အဲ့ဒီဌာနတွေကနေ လုပ်ငန်း စတင်လုပ်ကိုင်လိုသူတွေ လုပ်ငန်းငယ်လေးတွေကို သူတို့ရဲ့လုပ်ငန်းစတင်တဲ့အချိန်မှာ အထောက်အကူဖြစ်စေဖို့နဲ့ ဖွံ့ဖြိုးတိုးတက်ဖို့ ကူညီဆောင်ရွက်ပေးနေကြပါတယ်။ ဒီလို နမူနာကောင်းတွေကို အတုယူပြီး ကျွန်မတို့

စာမျက်နှာ ၅ သို့

# မြန်မာနိုင်ငံနှင့် နိုင်ငံတကာမှ အောင်မြင်ကျော်ကြားသော စွန့်ဦးတီထွင်လုပ်ငန်းရှင်များနှင့် စီးပွားရေးပညာရှင်များက ခေါင်းစဉ်လေးခုဖြင့် ဝိုင်းဖွဲ့ဆွေးနွေးပြီး လူငယ်စွန့်ဦးတီထွင်လုပ်ငန်းရှင်များကို ပြန်လည်မျှဝေလမ်းပြပေးခဲ့

**နေပြည်တော် ဒီဇင်ဘာ ၉**

ဒုတိယအကြိမ် မြန်မာနိုင်ငံ လူငယ်စွန့်ဦးတီထွင်လုပ်ငန်းရှင်များ၏ ထိပ်သီးညီလာခံ ၂၀၁၇ တွင် မြန်မာနိုင်ငံနှင့် နိုင်ငံတကာမှ အောင်မြင်ကျော်ကြားသော စွန့်ဦးတီထွင်လုပ်ငန်းရှင်များနှင့် စီးပွားရေးပညာရှင်များက စီးပွားရေး စီမံခန့်ခွဲမှု၊ ဘဏ္ဍာရေးစီမံခန့်ခွဲမှု၊ ဈေးကွက်ရှာဖွေရေးနှင့် လူမှုပတ်ဝန်းကျင် အကျိုးပြု စီးပွားရေးလုပ်ငန်းများနှင့် ပတ်သက်သည့် အသိအမြင်များ၊ ကိုယ်ပိုင် အတွေ့အကြုံများကို ခေါင်းစဉ်လေးခုဖြင့် ဝိုင်းဖွဲ့ဆွေးနွေးပြီး လူငယ်စွန့်ဦးတီထွင်လုပ်ငန်းရှင်များကို ပြန်လည်မျှဝေလမ်းပြပေးခဲ့သည်။

မြန်မာနိုင်ငံတွင် “ စွန့်ဦးတီထွင်မှု ပြောင်းလဲလာပုံ ”ခေါင်းစဉ်နှင့်စပ်လျဉ်း၍ Grand National Capital ကုမ္ပဏီလီမိတက်မှ ဦးရဲမင်းဦးက ဦးဆောင်ဆွေးနွေးသူအဖြစ် ဆောင်ရွက်ပြီး ထွန်းဖောင်ဒေးရှင်းဥက္ကဋ္ဌ ဦးသိန်းထွန်း၊ လွယ်ဟိန်းကုမ္ပဏီလီမိတက် ဥက္ကဋ္ဌ ဒေါက်တာစိုင်းဆမ်ထွန်း၊ ဒဂုံအုပ်စုဥက္ကဋ္ဌ ဦးဝင်းအောင်နှင့် Zeya & Associates Group အမှုဆောင်အရာရှိချုပ် ဦးဇေယျာသူရမွန် တို့က ဆွေးနွေးကြသည်။

၎င်းတို့က မြန်မာနိုင်ငံရှိ စွန့်ဦးတီထွင် လုပ်ငန်းများ၏ ခေတ်အဆက်ဆက် ဆင့်ကဲပြောင်းလဲမှု ဖြစ်စဉ်များ၊ ကြုံတွေ့ခဲ့ရသော အခက်အခဲများနှင့် အဆိုပါ အခက်အခဲများကို ကျော်လွှားနိုင်ရန် ဆန်းသစ်တီထွင် အသုံးပြုခဲ့သည့် နည်းလမ်းများကို ဆွေးနွေးခဲ့ကြသည်။

ဆက်လက်၍ “ကိုယ်ပိုင်စီးပွားရေး လုပ်ငန်းများ ပိုမိုအောင်မြင်လာစေရန် ဆောင်ရွက်ခြင်း” ခေါင်းစဉ်နှင့်စပ်လျဉ်း၍ Founder of MIT မှ ဒေါက်တာထွန်းသူရသက်က ဦးဆောင်ဆွေးနွေးသူအဖြစ် ဆောင်ရွက်ပြီး Myanmar Cars DB အမှုဆောင်အရာရှိချုပ် ဦးဝေယံလင်း၊ Oway Group အမှုဆောင်အရာရှိချုပ် ဦးနေအောင်၊ Seekster ကုမ္ပဏီလီမိတက်အမှုဆောင်အရာရှိချုပ် Mr.Sahib Anandsongvit တို့က ဆွေးနွေးကြသည်။

၎င်းတို့က စတင်စလုပ်ငန်းသစ်များအား လွယ်ကူသက်သာစွာ အလျင်အမြန် ချဲ့ထွင်နိုင်မည့် နည်းပညာသစ်များ၊ အခြေခံကောင်းများနှင့် အလေးထားရမည့်စွမ်းအားစုများကို ဆွေးနွေးခဲ့ကြသည်။

မွန်းလွဲပိုင်းတွင် ဆွေးနွေးပွဲကို ဆက်လက်ကျင်းပရာ “ဈေးကွက်ဖြေရှင်းမှုများဖြင့် လူမှုရေးပြဿနာများကို အဖြေရှာခြင်း” ခေါင်းစဉ်နှင့်စပ်လျဉ်း၍ British Council မှ ဒေါ်မိမိမျိုးဝင်းက ဦးဆောင်ဆွေးနွေးသူအဖြစ် ဆောင်ရွက်ပြီး YOMA Strategic Holdings, Singapore မှ Mr. Martin Pun၊ UN မှ Mr.Jonathan Wong၊ Team Leader at Dana Facility မှ Mr. Peter Brimble နှင့် ဒေါ်လှလှဝင်းတို့က ဆွေးနွေးကြသည်။

၎င်းတို့က မြန်မာ့လူ့အဖွဲ့အစည်း အတွင်းရှိ လူမှုရေးပြဿနာများကို အားလုံးပါဝင်နိုင်ပြီး လူမှုပတ်ဝန်းကျင်အတွက် တာဝန်ယူမှု၊ တာဝန်ခံမှုရှိသော အသေးစားနှင့် အလတ်စားစီးပွားရေး လုပ်ငန်းများ တည်ထောင်ပေးမည့် အစီအစဉ်များ၊ စီးပွားရေး အသိပညာများအား လူ့အဖွဲ့အစည်း၏ အနိမ့်ဆုံး အလွှာများအထိ ဖြန့်ဝေပေးနိုင်မည့် နည်းလမ်းများ၊ ဈေးကွက်ရှာဖွေဖော်ဆောင်ပေးနိုင်မည့် စီမံချက်များကို ဆွေးနွေးခဲ့ကြသည်။

ယင်းနောက် “ စွန့်ဦးတီထွင်လုပ်ငန်းရှင်များအတွက် မဟာဗျူဟာထွက်ပေါက်” ခေါင်းစဉ်နှင့်စပ်လျဉ်း၍ Thura Swiss ကုမ္ပဏီလီမိတက် အမှုဆောင်အရာရှိချုပ် ဒေါက်တာ အောင်သူရက ဦးဆောင်ဆွေးနွေးသူအဖြစ် ဆောင်ရွက်ပြီး The Myanmar Distiller ကုမ္ပဏီလီမိတက်မှ ဦးအောင်မိုးကျော်၊ ဘဏ္ဍာရေး အကြံပေးပုဂ္ဂိုလ် ဦးကျော်မျိုးထွဏ်း၊ Golden Rock Capital မှ Mr. Rudolf Gildemeister နှင့် ဧရာဝတီဘဏ်မှ Mr. Azeem Azimuddin တို့က ဆွေးနွေးကြသည်။

၎င်းတို့က အောင်မြင်သော စွန့်ဦးတီထွင် လုပ်ငန်းများအား ငွေကြေးရင်းနှီးမြှုပ်နှံသူများ၊ မဟာဗျူဟာမြောက် ရင်းနှီးမြှုပ်နှံသူများအားဖိတ်ခေါ်၍ အကျိုးအမြတ် ဖော်ဆောင်ခြင်း၊ လုပ်ငန်းတိုးချဲ့ခြင်းများ ဆောင်ရွက်နိုင်သည့် နည်းလမ်းများ၊ ဆောင်ရန် ရှောင်ရန်များနှင့် စာရင်းအင်းနိုင်နင်းမှုနှင့် နိုင်ငံခြားဘာသာစကား ကျွမ်းကျင်မှုတို့၏ အထူးအရေးပါမှုများကို ဆွေးနွေးခဲ့ကြသည်။

**သတင်းစဉ်**



“ ကိုယ်ပိုင်စီးပွားရေးလုပ်ငန်းများ ပိုမိုအောင်မြင်လာစေရန် ဆောင်ရွက်ခြင်း” ခေါင်းစဉ်နှင့်စပ်လျဉ်း၍ ဒေါက်တာထွန်းသူရသက်က ဦးဆောင်ဆွေးနွေးသူအဖြစ် ဆောင်ရွက်ပြီး ဦးဝေယံလင်း၊ ဦးနေအောင်၊ **Mr.Sahib Anandsongvit** တို့က ဆွေးနွေးကြစဉ်။




“စွန့်ဦးတီထွင်လုပ်ငန်းရှင်များအတွက် မဟာဗျူဟာထွက်ပေါက်” ခေါင်းစဉ်နှင့်စပ်လျဉ်း၍ ဒေါက်တာ အောင်သူရက ဦးဆောင်ဆွေးနွေးသူအဖြစ် ဆောင်ရွက်ပြီး ဦးအောင်မိုးကျော်၊ ဦးကျော်မျိုးထွဏ်း၊ **Mr. Rudolf Gildemeister** နှင့် **Mr. Azeem Azimuddin** တို့က ဆွေးနွေးကြစဉ်။



“ မြန်မာနိုင်ငံတွင် စွန့်ဦးတီထွင်မှု ပြောင်းလဲလာပုံ” ခေါင်းစဉ်နှင့် စပ်လျဉ်း၍ ဦးရဲမင်းဦးက ဦးဆောင်ဆွေးနွေးသူအဖြစ် ဆောင်ရွက်ပြီး ဦးသိန်းထွန်း၊ ဒေါက်တာစိုင်းဆမ်ထွန်း၊ ဦးဝင်းအောင်နှင့် ဦးဇေယျာသူရမွန်တို့က ဆွေးနွေးကြစဉ်။



“ ဈေးကွက်ဖြေရှင်းမှုများဖြင့် လူမှုရေးပြဿနာများကို အဖြေရှာခြင်း” ခေါင်းစဉ်နှင့်စပ်လျဉ်း၍ ဒေါ်မိမိမျိုးဝင်းက ဦးဆောင်ဆွေးနွေးသူအဖြစ် ဆောင်ရွက်ပြီး **Mr. Martin Pun**၊ **Mr. Jonathan Wong**၊ **Mr.Peter Brimble** နှင့် ဒေါ်လှလှဝင်းတို့က ဆွေးနွေးကြစဉ်။

*စာမျက်နှာ ၄ မှ*

နိုင်ငံမှာလည်း စီးပွားရေးလုပ်ငန်းသစ်များ စတင်ပျိုးထောင်ပေးတဲ့ ဗဟိုဌာနတွေ ပေါ်ပေါက်အောင် ဆောင်ရွက်ဖို့လိုအပ်ပါတယ်။

နိဂုံးချုပ် ပြောကြားလိုတာကတော့ လူငယ်တွေအနေနဲ့ စီးပွားရေးလုပ်ငန်းတွေကို လုပ်ကိုင်ဆောင်ရွက်ရာမှာ ငွေကြေးအကျိုးအမြတ် တစ်ခုတည်းကို သာမကြည့်ဘဲ ကိုယ့်ပတ်ဝန်းကျင်မှာရှိတဲ့ လူမှုရေးပြဿနာတွေကို ဖြေရှင်းပေးနိုင်ပြီး အားလုံးပါဝင်နိုင်ပြီး တာဝန်ယူမှုရှိတဲ့ စီးပွားရေးလုပ်ငန်းတွေဖြစ်အောင် ကြိုးစားဆောင်ရွက်ဖို့ တိုက်တွန်းလိုပါတယ်။

### လူငယ်လုပ်ငန်းရှင်တွေ ဖြစ်လာကြမယ်လို့ ယုံကြည်

အခုလို လူငယ် စွန့်ဦးတီထွင်လုပ်ငန်းရှင်များအားလုံးနဲ့ တွေ့ဆုံဆွေးနွေးနိုင်မယ့် မြန်မာစွန့်ဦးတီထွင်လုပ်ငန်းရှင်များ ထိပ်သီးညီလာခံတွေကို လာမယ့်နှစ်တွေမှာလည်း ဆက်လက်ပြီး ကျင်းပသွားကြဖို့၊ နိုင်ငံ့အကျိုး၊ ပြည်သူ့အကျိုးအတွက် ဆတက်ထမ်းပိုး ဆောင်ရွက်နိုင်တဲ့ လူငယ်လုပ်ငန်းရှင်တွေ ဖြစ်လာကြမယ်လို့ ယုံကြည်ပါတယ်။

ကျွန်မတို့ မြန်မာနိုင်ငံကဆိုရင် ဒီဒေသမှာ တစ်ကြိမ်တစ်ခါတုန်းက ရှေ့တန်းက ရှိပေမယ့် အခုနောက်တန်းမှာ ရောက်နေပါတယ်။ ဒါတွေက ကျွန်မတို့ အားလုံးသိပြီးသားပါ။ ဒါကြောင့်မို့ ကျွန်မတို့ရဲ့လူငယ်တွေဟာ ပိုပြီးတော့ ကျွန်မတို့ဒေသမှာ တခြားနိုင်ငံတွေ တိုးတက်နေတဲ့နိုင်ငံတွေက လူငယ်တွေထက် ပိုပြီးတော့ ကြိုးစားဖို့လိုပါတယ်။ ပိုပြီးတော့ ဝါယမစိုက်ဖို့လိုပါတယ်။ ပိုပြီးတော့ ကိုယ့်ပတ်ဝန်းကျင်အပေါ်မှာ စေတနာထားနိုင်ဖို့ လိုပါတယ်။ ကျွန်မတို့အားလုံး ပူးပေါင်းဆောင်ရွက်ပြီးတော့ တိုးတက်အောင်လုပ်မယ်ဆိုတဲ့ သန္နိဋ္ဌာန်ချပြီးတော့ လုပ်မှ ကျွန်မတို့နိုင်ငံက အောင်မြင်မှာပါ။ အခုကမ္ဘာကြီးမှာဆိုရင် Soft Power ပဲပြောပြော၊ Head Power ပဲပြောပြော Power အင်အားကြီးမှုဟာ ဘယ်လောက်အရေးပါလဲဆိုတာ ကျွန်မတို့ရဲ့ လူငယ်တွေအားလုံး သိပြီးသားပါ။ ဒီတော့ ကျွန်မတို့အနေနဲ့ တခြားနိုင်ငံတွေမှာ မရှိသေးတဲ့ အင်အားတွေကို ရှိအောင်လို့လည်း လုပ်ရပါလိမ့်မယ်။ တခြားနိုင်ငံတွေမှာ ရှိပြီးသား အင်အားတွေဖြစ်တဲ့ စီးပွားရေးအင်အား၊ ပညာအင်အား၊ ကျန်းမာရေးအင်အား ဒါတွေအပြင် ကျွန်မတို့ စိတ်ဓာတ်အင်အားတွေကို တခြားနိုင်ငံတွေနဲ့ မတူအောင်မွေးမြူနိုင်မှ တခြားနိုင်ငံတွေကို မှီရုံတင်မက ကျွန်မတို့ ကျော်သွားနိုင်မှာဖြစ်ပါတယ်။

ဒါကြောင့် ဒီကိစ္စကို ကျွန်မတို့ရဲ့ လူငယ်များ လေးလေးနက်နက် စဉ်းစားစေချင်ပါတယ်။ ကိုယ့်နိုင်ငံရဲ့အခြေအနေက ဘယ်လိုရှိလဲ။ ကမ္ဘာကြီးရဲ့ အခြေအနေက ဘယ်လိုရှိလဲ။ ကမ္ဘာက ကိုယ့်နိုင်ငံကို ဘယ်လိုမြင်သလဲ။ ဘာကြောင့် အဲလိုပုံစံနဲ့ မြင်လဲ။ ကျွန်မတို့ဟာ ကျွန်မတို့နိုင်ငံရဲ့ ဂုဏ်သိက္ခာတွေသာမက ကျွန်မတို့နိုင်ငံရဲ့ ညီညွတ်မှု၊ ကျွန်မတို့ နိုင်ငံသူ၊ နိုင်ငံသားတွေရဲ့ တိုးတက်မှုဖြစ်မြောက်ဖို့ ဘာတွေလုပ်ဖို့လိုသလဲဆိုတာ တစ်ဦးချင်း တစ်ဦးချင်းကနေပြီးတော့ ကိုယ့်ရဲ့တာဝန်အနေနဲ့ ထည့်သွင်းစဉ်းစားပြီးတော့ လုပ်စေချင်ပါတယ်။ နောက်ဆုံးကျတော့ အနာဂတ်ဆိုတာ လူငယ်တွေဆီ သွားတာပဲ။ လူငယ်တွေကိုလည်း ကျွန်မအမြဲပဲ သတိပေးရပါတယ်။ အာဆီယံတုန်းက လူငယ်တွေကိုလည်း သတိပေးခဲ့တယ်။ လူငယ်တွေဆိုတာ အမြဲငယ်နေတာ မဟုတ်ဘူး။ တစ်နေ့ကျတော့ ကြီးသွားမှာပဲ။ အဲဒီတော့ ကိုယ်ငယ်နေတုန်းအချိန်မှာ ကိုယ့်ရဲ့ လူငယ်အင်အားတွေကို မှန်မှန်ကန်ကန် သုံးကြပါ။ နောက်ပြီးတော့ ကိုယ့်ရှေ့က သွားတဲ့ လူကြီးတွေဆီက သင်ခန်းစာလည်း ယူပါ။ သင်ယူတာလည်း လုပ်ပါ။ သင်ခန်းစာယူတယ်ဆိုတာ လူကြီးလုပ်တဲ့အထဲမှာ အမှားတွေကို ကိုယ်က ပြန်ပြီးတော့ မလုပ်မိပါနဲ့။ သင်ယူတယ်ဆိုတာ ကောင်းတဲ့ဟာတွေကို သေချာမှတ်ထားပါ။ ကိုယ်က ပိုပြီးတော့ ကောင်းအောင်လုပ်ပါ။ ဒီလိုနည်းနဲ့မှ ကျွန်မတို့နိုင်ငံဟာ မျိုးဆက်တစ်ခုနဲ့တစ်ခု ပိုမိုပြီးတော့ ဖွံ့ဖြိုးတိုးတက်တဲ့နိုင်ငံ၊ ကျွန်မတို့ ကမ္ဘာကြီးမှာ တည်တည်ငြိမ်ငြိမ် လုံလုံခြုံခြုံ ဖွံ့ဖွံ့ဖြိုးဖြိုးနဲ့ ရပ်တည်နိုင်တဲ့ နိုင်ငံတစ်ခုဖြစ်လာမှာ ဖြစ်ပါတယ်။ ဒါကြောင့်မို့ ကျွန်မတို့ရဲ့လူငယ်တွေကို အားကိုးပါတယ်။ ကျေးဇူးတင်ပါတယ်။ ။

# မြန်မာနိုင်ငံတစ်ဝန်း လူငယ်များအတွက် စွန့်ဦးတီထွင်ယဉ်ကျေးမှု ပေါ်ထွက်လာရန် ကြိုးပမ်း

ဒုတိယအကြိမ်မြောက် မြန်မာနိုင်ငံလူငယ်စွန့်ဦးတီထွင်လုပ်ငန်းရှင်များ၏ ထိပ်သီးညီလာခံ ၂၀၁၇ ကို ဒီဇင်ဘာ ၉ ရက်က နေပြည်တော်ရှိ အပြည်ပြည်ဆိုင်ရာ မြန်မာကွန်ဗင်းရှင်းစင်တာ ၂ တွင် ကျင်းပသည်။ စွန့်ဦးတီထွင်ခြင်းသည် သမားရိုးကျ၊ လုပ်နေကျလုပ်ငန်းစဉ်များမှ ကွဲထွက်ခြင်း သို့မဟုတ် ဆန်းသစ်အောင် ပြန်လည် ဖန်တီးခြင်း ပင်ဖြစ်သည်။ လူငယ်တိုင်း၏ အနာဂတ်သည် အသစ်အသစ်သော စိတ်ကူးများနှင့် ပြည့်နှက်လျက်ရှိရာ လူငယ်တို့၏ စိတ်ကူးအသစ်၊ အိပ်မက်အသစ်များကို ဖြည့်ဆည်းပေးနိုင်မည့် ယခုကဲ့သို့ အခမ်းအနားများ၊ ဆွေးနွေးပွဲများကို အားလုံးက မျှော်လင့်ကြသည်။



ဦးကောင်းငြိမ်းစိုး



ဦးတင်မောင်ဝင်း



မစုသဇင်



မဥမ္မာဖြိုး



ကိုကျော်ဆန်းဦး



နန်းစိန်လင်းနောက်

**ဦးကောင်းငြိမ်းစိုး(MYEA) အမှုဆောင်**

ဒီနေ့ မနက်ပိုင်းမှာ နိုင်ငံတော်ရဲ့ အတိုင်ပင်ခံပုဂ္ဂိုလ်က လမ်းညွှန်အမှာစကား ပြောပေးသွားပါပြီ၊ ပြီးသွားရင် Panel Session လေးခုရှိပါတယ်၊ ဒီထဲမှာ ပထမတစ်ခုက စွန့်ဦးတီထွင်လုပ်ငန်းရှင်တွေ မြန်မာနိုင်ငံမှာ ဘယ်လိုအဆင့်ဆင့်ဖြစ်ပေါ်ပြောင်းလဲခဲ့သလဲ၊ သူတို့ရဲ့အတွေ့အကြုံတွေ၊ စိန်ခေါ်မှုတွေအကြောင်းကို ဆွေးနွေးကြမှာပါ၊ ဒုတိယကတော့ စွန့်ဦးတီထွင်လုပ်ငန်းတစ်ခုကို စတင်လုပ်ကိုင်သူတွေအတွက် ကြီးထွားလာအောင်၊ အားကောင်းလာအောင် ဘယ်လိုလုပ်မလဲဆိုတာကို ဆွေးနွေးသွားမှာပါ၊ ဒါကလည်း လက်ရှိမှာ စတင်လုပ်ကိုင်နေတဲ့ လူငယ်တွေအတွက် အကြံဉာဏ်တွေ၊ ကြိုတင်ပြင်ဆင်မှုတွေ ရရှိစေမယ်၊ တတိယဆွေးနွေးမှုအနေနဲ့ကတော့ CSRအကြောင်းတွေပေါ့၊ ဒါကလည်း စီးပွားရေးလုပ်တဲ့သူတိုင်း မဖြစ်မနေ သိထား၊ လုပ်ကိုင်ထားရမယ့် အကြောင်းအရာပဲလေ၊ ဒါမှသာ အခက်အခဲတွေ အတားအဆီးတွေကို ကျော်လွှားပြီး Win Win Soultion ကို ရရှိမှာပါ။

နောက်ဆုံးကတော့ စွန့်ဦးတီထွင်သူတွေအနေနဲ့ အလုပ်ကိုစပြီးရင် ပြန်ထွက်တာရှိတယ်၊ စွန့်ဦးလုပ်သူတိုင်းဟာ ကိုယ့်လုပ်ငန်းတွေကို အခြားသူတစ်ဦးက လိုက်ပြီး လုပ်မယ်၊ ပိုပြီးကောင်းအောင် လုပ်မယ်ဆိုတာမျိုးတွေကို ကျိန်းသေပေါက်ကြုံ ရမှာလေ၊ အဲဒီတော့ ဘယ်အချိန်မှာ ကိုယ့်လုပ်ငန်းကို ချဲ့မလဲ၊ ဘယ်အချိန်မှာ ရောင်းမလဲ၊ ဘယ်အချိန်မှာ ဆုတ်မလဲဆိုတာမျိုးတွေကို ကြိုတင်ပြင်ဆင်ထားဖို့လည်း လိုအပ်တယ်၊ အဲဒီအပိုင်းတွေကို ဆွေးနွေးတာဖြစ်ပါတယ်။

အဓိကကတော့ ကျွန်တော်တို့အသင်းက သတ်မှတ်တဲ့ လူငယ် အသက် ၄၅ နှစ်အောက် လူငယ်တွေကို လုပ်ငန်းရှင်တွေ အကုန်လုံးကို စွန့်ဦးတီထွင်တယ်ဆိုတဲ့ ယဉ်ကျေးမှုတစ်ခု ပေါ်ပေါက်လာအောင် Support လုပ်ပေးတဲ့ အဖွဲ့အစည်းပါ၊ ဒီမှာက စွန့်ဦးတီထွင် စီမံခန့်ခွဲရေးဆိုင်ရာနဲ့ ပတ်သက်ပြီးတော့လည်းကောင်း၊ ငွေကြေးပိုင်းဆိုင်ရာနဲ့ ပတ်သက်ပြီးတော့လည်းကောင်း လိုအပ်ချက်မှန်သမျှကို ကျွန်တော်တို့အသင်းက ကူညီပေးနိုင်ပါတယ်။

နောက်တစ်ခါ ဒီလိုကူညီပေးနိုင်တာက ရန်ကုန်အသင်းချုပ်တင်မကပါဘူး၊ အခုဆိုရင် မွန်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ကရင်ပြည်နယ်၊ မန္တလေးတိုင်းဒေသကြီးနဲ့ ဧရာဝတီ တိုင်းဒေသကြီးတို့မှာ အသင်းခွဲတွေပေါ်လာခဲ့ပြီ၊ အဲဒီအသင်းခွဲတွေမှာလည်း ဆက်သွယ်လို့ရတယ်၊ အဓိကကတော့ ခက်ခက်ခဲခဲ ဆက်သွယ်ရတာ မဟုတ်တော့ဘူး၊ နီးစပ်ရာ နေရာတွေကနေ အကူအညီတွေတောင်းလို့ရပါတယ်၊ အသင်းသားတွေအချင်းချင်း ရိုင်းပင်းကူညီပြီး အားလုံးအတူတကွ ဖွံ့ဖြိုးတိုးတက်မှုကို ရယူနိုင်ပါပြီ၊ တစ်ယောက်တည်း လုပ်တာထက်စာရင် အသင်းအဖွဲ့မှာဝင်ပြီးတော့ ချိတ်ဆက်ပြီးလုပ်တော့ လုပ်ငန်းတွေ မြန်မြန်တိုးတက်တာပေါ့၊ ဒါကို အဓိကထားတဲ့အတွက် အားလုံးစုပေါင်းပြီး အဖြေရှာ အောင်မြင်မှုရယူတာမျိုးပါ။

**ဦးတင်မောင်ဝင်း(ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်) (ပို့ဆောင်ရေး၊ ဆက်သွယ်ရေးနဲ့ဆောက်လုပ်ရေးဆိုင်ရာ ကော်မတီဥက္ကဋ္ဌ)**

မြန်မာနိုင်ငံ စွန့်ဦးတီထွင်လုပ်ငန်းရှင်များအသင်းက ဦးစီးပြီး လုပ်တဲ့ Summit က အများကြီးအကျိုးရှိတယ်၊ မနှစ်ကလည်း ဒီလိုအခမ်းအနားကို လုပ်ခဲ့တယ်၊ လူငယ်တွေကို လွှတ်တော်တွေကလည်း အားပေးကြရမှာပါ၊ တိုင်းပြည်တိုင်းပြည်တိုင်းမှာ Entrepreneurship တွေ များများ ပေါ်ထွက်လေလေ အဲဒီတိုင်းပြည်ဟာ တိုးတက်လေပါပဲ၊ ဒါကြောင့် ဒီလိုအခမ်းအနားကို ကြိုဆိုပါတယ်။

ဖွံ့ဖြိုးတိုးတက်ဖို့အတွက် အိုင်စီတီနည်းပညာဟာလည်း အလွန်အရေးကြီးပါတယ်၊ ဒါပေမယ့် လူငယ်တွေအနေနဲ့ သုံးတတ်ရင် ဆေးပါ၊ တန်ဖိုးမဖြတ်နိုင်ပါဘူး၊ မသုံးတတ်ရင်တော့ လမ်းမှားရောက် သွားမှာစိုးရပါတယ်၊ ကျွန်တော်တို့လို လူကြီးတွေ ကိုယ်တိုင်လည်း နည်းပညာနဲ့ အလှမ်းမဝေးရဲဘူး၊ လက်လှမ်းမီသလောက် လေ့လာနေရပါတယ်၊ ဒါကြောင့် နည်းပညာကို အသုံးပြုပြီး အကျိုးရှိအောင်၊ တိုင်းပြည်အတွက် ဖွံ့ဖြိုးတိုးတက်မှုရအောင် လူငယ်တွေ စီးပွားရေးလုပ်ငန်း၊ စီးပွားရေးလမ်းစ အသစ်တွေကို စွန့်ဦးတီထွင် ဖော်ထုတ်နိုင်ကြပါစေလို့ ဆန္ဒပြုပါတယ်။

**မစုသဇင် (MYEA အဖွဲ့ဝင် လုပ်ငန်းရှင်)**

Myanmar Entrepreneurship Association ရဲ့ အဖွဲ့ဝင်တစ်ဦးပါ၊ တာဝန်ကတော့ International Relation ကို တာဝန်ယူထားရပါတယ်၊ ဒီအခမ်းအနားကျင်းပတဲ့ အခါမှာလည်း Working Committee မှာပါဝင်ပါတယ်၊ ကျွန်မကတော့ Comment ဗလာစာအုပ်ထုတ်လုပ်ဖြန့်ချိတဲ့လုပ်ငန်းကိုလုပ်ကိုင်ပါတယ်၊ ကျွန်မက MYEA မှာ အသင်းဝင်ခဲ့တာ နှစ်နှစ်ကျော်လောက်ရှိပါပြီ၊ လူငယ်တွေအားလုံးကိုလည်း အသင်းဝင်ဖို့ ဖိတ်ခေါ်ပါတယ်၊ ဘာဖြစ်လို့လဲဆိုရင် ဒီမှာက စီးပွားရေးနဲ့ပတ်သက်ပြီး စွန့်ဦးတီထွင်လုပ်ငန်းရှင် စီနီယာတွေ စီကနေ အတွေ့အကြုံတွေ သင်ယူနိုင်ပါတယ်။

ဒီအဖွဲ့အစည်းမှာ အကောင်းဆုံးကတော့ တစ်ဦးနဲ့တစ်ဦး ချိတ်ဆက်မှု အမြဲရှိနေတဲ့အတွက် အခက်အခဲတွေ၊ လုပ်ငန်းပြီးမြောက်အောင် ဆောင်ရွက်ဖို့ လိုအပ်ချက်တွေရှိတဲ့အခါ အများကြီး အထောက်အကူဖြစ်ပါတယ်၊ ဒါတင်မကသေးပါဘူး စီးပွားရေးအကြံဉာဏ်တွေပေးနိုင်တယ်၊ ပြည်တွင်းပြည်ပက ရင်းနှီးမြှုပ်နှံသူတွေနဲ့လည်း ချိတ်ဆက်ပေးတဲ့အစီအစဉ်တွေလည်းရှိတယ်၊ သင်တန်းတွေ၊ လေ့လာရေးတွေ၊ သုတေသနအစီအစဉ်တွေအများကြီးလည်း ရှိနေတယ်။ အခုလို တွေ့ဆုံဆွေးနွေးပွဲတွေ Summit ကြီးတွေ လုပ်ခွင့်လေ့လာခွင့်ရတာလည်း လုပ်ငန်းရှင်အားလုံးအတွက် အဖိုးမဖြတ်နိုင်တဲ့ အရာတွေပါပဲ။

အခု Summit မှာဆိုရင် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ကိုယ်တိုင်လည်း တက်ရောက်ပြီး အမှာစကားပြောပေးတဲ့ကိစ္စကြောင့် အများကြီးလည်း အားတက်မိတယ်၊ ကျွန်မတို့ကို တိုင်းရင်းသားလုပ်ငန်းရှင်ကြီးတွေ အားလုံးကလည်း ထောက်ပံ့အားပေးတာကိုမြင်တော့ ဝမ်းသာမိတယ်၊ MYEA အနေနဲ့ အများကြီး ဂုဏ်ယူမိတယ်။ လူငယ်တွေကိုလည်း ပြောချင်ပါတယ်၊ စီးပွားရေးစိတ်ဝင်စားမယ် ဆိုရင် ကျွန်မတို့အသင်းကို ဆက်သွယ်ချိတ်ဆက်ပါလို့။

နောက်ပိုင်းမှာလည်း လူငယ်တွေ အတွက် စွန့်ဦးတီထွင်ခြင်းကို ဝါသနာပါဖို့ပဲလိုပါတယ်၊ ကိုယ့် Idea ကို နောက်ကနေ ထောက်ပံ့ပေးမယ့် ကျွန်မတို့အသင်းရှိနေပါပြီလို့၊ အမြန်ဆုံး လာရောက်ချိတ်ဆက်ကြပါလို့ တစ်နိုင်ငံလုံးမှာရှိတဲ့ စီးပွားရေး လုပ်ငန်းလုပ်သူတွေကိုရော၊ လူငယ်စိတ်ပါဝင်စား သူတွေကိုပါ အကြံပေးဖိတ်ခေါ်ပါတယ်။

နိုင်ငံခြားကနေ မြန်မာနိုင်ငံမှာ လာပြီး ရင်းနှီးမြှုပ်နှံလိုသူတွေ ရှိပါတယ်၊ ကျွန်မတို့အသင်းကနေ ပြည်တွင်း စွန့်ဦးလူငယ်တွေနဲ့ ချိတ်ဆက်ပေးပြီး သင့်လျော်ကောင်းမွန်တဲ့ အလုပ်အကိုင်အခွင့်အလမ်းတွေ၊ စီးပွားရေးလုပ်ငန်းတွေကို ရနိုင်လာမှာပါ၊ ကျွန်မတို့အသင်းက ရန်ကုန်မြို့ မင်းရဲကျော်စွာလမ်းက UMFCCI အသင်းချုပ် ၁၁ လွှာမှာရှိပါတယ်လို့ သတင်းပေးလိုပါတယ်။

**မဥမ္မာဖြိုး(MYEA အဖွဲ့ဝင် လူငယ်လုပ်ငန်းရှင်)**

မဖွံ့ဖြိုးသေးတဲ့ နေရာတွေကို ဖွံ့ဖြိုးစေချင်တယ်၊ သဘာဝခရီးသွားလုပ်ငန်းကိုလည်း မြှင့်တင်ပေးချင်တယ်၊ အဲဒီလို ရည်ရွယ်ပြီးတော့ စိုက်ပျိုးရေးအခြေပြု ခရီးသွားလုပ်ငန်းကို ကျွန်မတို့လင်မယား စလုပ်ဖြစ်ခဲ့ပါတယ်၊ အခုဆိုရင် တစ်နှစ်ကျော်သွားပါပြီ။ လုပ်ငန်းက အဆင်ပြေ တိုးတက်တယ်လို့ ပြောရင်ရပါတယ်၊ နိုင်ငံခြားသားတွေရော၊ ပြည်တွင်းက ခရီးသွားတွေပါ ကိုယ့်နိုင်ငံရဲ့ တန်ဖိုးမဖြတ်နိုင်တဲ့ အရာတွေကို ပြသချင်တယ်၊ ဒီလုပ်ငန်းကို အဓိကဦးဆောင်တာက ကျွန်မ အမျိုးသားပါ၊ သူက ဒေါက်တာအောင်မြတ်လွင်ပါ၊ MYEA ရဲ့အမှုဆောင် တစ်ဦးလည်းဖြစ်ပါတယ်။

လူငယ်တွေအကုန်လုံးကို ဖိတ်ခေါ်ပါတယ်၊ ဒါကလည်း ကိုယ့်နိုင်ငံအတွက်ပဲလေ၊ ကျွန်မတို့နိုင်ငံမှာ SMEs တွေ ဖွံ့ဖြိုးတိုးတက်ဖို့ အများကြီး လိုအပ်ပါတယ်၊ အမေစုလည်း ပြောသွားတယ်လေ၊ မဖွံ့ဖြိုးမတိုးတက်သေးတဲ့ စက်မှုဇုန်တွေ၊ ဖော်ထုတ်ရမယ့် လုပ်ငန်းတွေအများကြီးရှိတယ်၊ ဒါတွေကို အားလုံးပူးပေါင်းပြီး အချင်းချင်း ကူညီရင်း ရှေ့ဆက်ကြမှသာ နိုင်ငံဖွံ့ဖြိုးတိုးတက်မှာဖြစ်ပါတယ်၊ ဒါကိုလုပ်ဖို့က လူငယ်တွေရဲ့ လက်ထဲမှာရှိတယ်။ လူငယ်တွေအချင်းချင်း ရိုင်းပင်းပြီး တီထွင်ဖန်တီးကြမယ်၊ ပူးပေါင်း အဖြေရှာကြမယ် ဆိုရင် မဖြစ်နိုင်တဲ့အရာမရှိဘူးလို့ ကျွန်မယုံကြည်တယ်၊ ကျွန်မတို့ ကိုယ်တိုင်လည်း ကိုယ့်အခက်အခဲတွေ စိန်ခေါ်မှုတွေကို အကြံဉာဏ်တွေရယူတယ်၊ သူများကိုလည်း အကြံဉာဏ်တွေပေးတယ်၊ အသင်းအဖွဲ့တွေကလည်း အများကြီး ထောက်ပံ့ပေးမှာပါလို့ ပြောချင်ပါတယ်။

**ကိုကျော်ဆန်းဦး(MYEA အဖွဲ့ဝင် လူငယ်လုပ်ငန်းရှင်)**

ကျွန်တော် ဒီအခမ်းအနားကို တက်ရောက်ဖြစ်တဲ့ အကြောင်းအရင်း သုံးချက်ရှိပါတယ်၊ ပထမတစ်ခုကတော့ နိုင်ငံတော်ရဲ့အတိုင်ပင်ခံပုဂ္ဂိုလ်ပြောကြားမယ့် လမ်းညွှန်မိန့်ခွန်းကို ကိုယ်တိုင်ကိုယ်ကျ နားထောင်ချင်ပါတယ်၊ သူဘာတွေ ပြောမလဲ၊ ဘယ်လိုတွေ လမ်းညွှန်မလဲ၊ ဒါပြီးရင် မြန်မာနိုင်ငံမှာ စီးပွားဆိုရင် ထိပ်ဆုံးကရှိနေသူတွေပေါ့၊ တိုင်းရင်းသားလုပ်ငန်းရှင် ဝါရင့်သမ္ဘာရင့်တွေ သူတို့ဆွေးနွေးကြ၊ ပြောဆိုကြတာတွေ ဆိုရင် ပညာအများကြီးရမယ်လို့ ယူဆတယ်။

နောက်တစ်ခုကတော့ ဆိုရှယ်နက်ဝက်ခ်ပေါ့၊ ဒီထဲမှာလည်း ကျွန်တော် MBA တက်တုန်းက သူငယ်ချင်း လုပ်ငန်းရှင်တွေလည်း အများကြီးပါတယ်၊ မသိသေးပေမယ့် နာမည်ကြားဖူးပြီးသားသူတွေလည်း အများကြီးတွေ့ရတယ်။ ဒီလို Summit မျိုးက ကျွန်တော်တို့ လုပ်ငန်းရှင်တွေအတွက် အများကြီး အကျိုးရှိစေပါတယ်၊ ဒီအချက်တွေကြောင့် ကျွန်တော် ဒီအခမ်းအနားကို တက်ရောက် ခြင်းဖြစ်ပါတယ်၊ မြန်မာနိုင်ငံမှာက နည်းပညာက တော်တော် လိုအပ်သေးတယ်၊ အလွန်လည်း နောက်ကျနေပြီ၊ သိသာတာဆိုရင် ကျွန်တော်တို့ရဲ့အရှေ့မျိုးဆက်တွေက အိုင်တီနဲ့ဆိုရင် အလွန်ကွာဟတယ်၊ ဒါကြောင့် Business ကို နည်းပညာနဲ့ ပေါင်းစပ်နိုင်မှုအားနည်းတယ်၊ အခုကတော့ ပြောင်းသွားပြီ၊ ခေတ်ကလည်း ဒီဂျစ်တယ်ခေတ်ဖြစ်လာပြီ၊ အွန်လိုင်းမားကတ်တင်းကလည်း အလွန်တွင်ကျယ်လာပြီ၊ မဖြစ်မနေလည်း နည်းပညာကို သုံးရမယ်၊ ကျွန်တော်ဆိုကွန်ပျူတာဘွဲ့ရတစ်ဦးပါ၊ ဆော့ဖ်ဝဲတွေလည်း ရေးခဲ့ဖူးတယ်၊ ကျွန်တော်သိတဲ့ အိုင်တီကို အပြည့်အဝအသုံးချဖို့ မလွယ်ကူတာကိုလည်း တွေ့ရတယ်။

ကျွန်တော်သိသလောက်ကို ကျွန်တော် မလုပ်နိုင်ဘူး၊ Solution တွေကို ဖြေရှင်းဖို့လည်း လိုအပ်တဲ့ အခြေခံအဆောက်အအုံတွေ မရှိဘူး၊ စားသုံးသူဘက်လည်း အဆင်သင့်မဖြစ်သေးတာတွေရှိတယ်။ e-commerce လို့အလွယ်တကူသာ ပြောနေတာ Customer တွေက e-commerce ဆိုတာ ဘာမှန်းတောင် နားမလည်ကြဘူး၊ အိုင်တီသုံးသူတွေကလည်း ကိုယ့်တိုင်းပြည် မှာ ဖေ့ဘုတ်ခ်လောက် အဓိကသုံးကြတာ။

ဖေ့ဘုတ်ခ်က အခု နောက်ပိုင်းတော့ စီးပွားရေးဘက်ကို တိုးချဲ့ဖို့ ကြိုးစားလာတာတွေ့ရတော့ နောက်ပိုင်း ပိုအဆင်ပြေလာနိုင်တယ်လို့ ထင်ပါတယ်။ တကယ်တမ်းမှာ ကျွန်တော်တို့က နည်းပညာကို မားကတ်နဲ့ လိုက်လျောညီထွေရှိအောင် လုပ်ရတာပေါ့။ အပြည့်မလုပ် နိုင်သေးတာက သူတို့ကို သုံးစွဲတတ်ဖို့၊ ပညာပေးဖို့၊ CSR ပိုင်းတွေ၊ ပညာရေးပိုင်းမြှင့်တင်တာတွေက နိုင်ငံတော်ကလုပ်ပေးဖို့ လိုအပ်တာတွေလည်း အများကြီးရှိနေသေးတယ်။

**နန်းစိန်လင်းနောက်(တက္ကသိုလ်ဝင်တန်း) ပညာရောင်ခြည်ကိုယ်ပိုင်အထက်တန်းကျောင်း**

ကျွန်မက လူငယ်ဆိုတော့ ဘဝမှာ အများကြီးဖြတ်သန်းရဦးမယ်၊ ဒီပွဲကို တက်ရင် ဘဝမှာ လိုအပ်တဲ့အတွေးအခေါ်တွေ ရနိုင်မယ်လို့ထင်လို့ တက်ရောက်တာပါ၊ ကျွန်မက နည်းပညာကိုလည်း စိတ်ဝင်စားတယ်၊ အဓိက ကျွန်မရဲ့ ရည်ရွယ်ချက်က ဓာတုဗေဒပညာရှင်တစ်ယောက် ဖြစ်ချင်ပါတယ်၊ ကိုယ်တတ်ကျွမ်းတဲ့ ပညာနဲ့ ဆေးဝါးတွေ ထုတ်လုပ်ချင်တယ်၊ ဖော်ထုတ်မှု အသစ်တွေ လုပ်ချင်တယ်၊ ကိုယ့်တိုင်းပြည်က လူတွေကို စျေးသက်သက်သာသာနဲ့ ရောင်းချပေးချင်တယ်။

ဒီအခမ်းအနားတွေဟာ ကျွန်မတို့လို ကျောင်းမပြီးသေးတဲ့ လူငယ်တွေအပေါ်မှာလည်း အများကြီး အကျိုးသက်ရောက်ပါတယ်၊ ကျွန်မတို့ မျှော်လင့်ချက်တွေ အရောင်တောက်လာစေတယ်။

**တွေ့ဆုံမေးမြန်း-ခင်ရတနာ၊**
**ဓာတ်ပုံ-ဟိန်းထက်ဇော်**

**“စွန့်ဦးတီထွင်သူတွေအနေနဲ့ အလုပ်ကိုစပြီးရင် ပြန်ထွက်တာရှိတယ်၊ စွန့်ဦးလုပ်သူတိုင်းဟာ ကိုယ့်လုပ်ငန်းတွေကို အခြားသူတစ်ဦးက လိုက်ပြီး လုပ်မယ်၊ ပိုပြီးကောင်းအောင် လုပ်မယ်ဆိုတာမျိုးတွေကို ကျိန်းသေပေါက် ကြုံရမှာလေ၊ အဲဒီတော့ ဘယ်အချိန်မှာ ကိုယ့်လုပ်ငန်းကို ချဲ့မလဲ၊ ဘယ်အချိန်မှာ ရောင်းမလဲ၊ ဘယ်အချိန်မှာ ဆုတ်မလဲဆိုတာမျိုးတွေကို ကြိုတင်ပြင်ဆင်ထားဖို့လည်း လိုအပ်”**

# ဒုတိယအကြိမ် မြန်မာနိုင်ငံ လူငယ်စွန့်ဦးတီထွင်လုပ်ငန်းရှင်များ၏ ထိပ်သီးညီလာခံ ၂၀၁၇ ဂုဏ်ပြုညစာစားပွဲနှင့် ဆုချီးမြှင့်ပွဲ ကျင်းပ

နေပြည်တော် ဒီဇင်ဘာ ၉

**ဒုတိယအကြိမ် မြန်မာနိုင်ငံ လူငယ်စွန့်ဦးတီထွင်လုပ်ငန်းရှင်များ၏ ထိပ်သီးညီလာခံ ၂၀၁၇ ဂုဏ်ပြုညစာစားပွဲနှင့် ဆုချီးမြှင့်ပွဲအခမ်းအနားကို ယနေ့ ည ၇ နာရီတွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန -၂ (MICC-2)၌ ကျင်းပသည်။** (ယာပုံ)

ဂုဏ်ပြုညစာစားပွဲတွင် ပညာရေး ဒေါက်တာ မျိုးသိမ်းကြီးနှင့် မြန်မာနိုင်ငံ ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး လူငယ်စွန့်ဦးတီထွင် လုပ်ငန်းရှင်များ



အသင်း ဒုတိယဥက္ကဋ္ဌ ဦးဇော်နိုင်သိန်းတို့က အမှာစကားပြောကြားကြသည်။

ထို့နောက် မြန်မာနိုင်ငံ လူငယ်စွန့်ဦးတီထွင်လုပ်ငန်းရှင်များအသင်း ဒုတိယဥက္ကဋ္ဌ ဒေါက်တာအောင်သူရက ဆုများနှင့်စပ်လျဉ်းသည့် အကြောင်းအရာများကို ရှင်းလင်းပြောကြားသည်။

ယင်းနောက် The Myanmar Young Start Up Award ပြိုင်ပွဲဝင် လူငယ်လုပ်ငန်းရှင် သုံးဦး၏ ကြိုးစားမှုဗီဒီယိုမှတ်တမ်းအား ပြသသည်။

ထို့နောက် The Myanmar Young Entrepreneur Award ရရှိသူ သုံးဦး၊ The Myanmar Young Social Entrepreneur Award ရရှိသူ သုံးဦးနှင့် The Myanmar




Young Start Up Award ရရှိသူ သုံးဦးတို့အား တာဝန်ရှိသူများက ဂုဏ်ပြုဆုများကို ပေးအပ်ချီးမြှင့်ကြသည်။ (ဝဲပုံ)

အခမ်းအနားသို့ စီးပွားရေးလုပ်ငန်းရှင်များ၊ မြန်မာနိုင်ငံ လူငယ်စွန့်ဦးတီထွင်လုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌနှင့် တာဝန်ရှိသူများ၊ အသင်းသား၊ အသင်းသူများ၊ ပြည်တွင်း ပြည်ပမှ အသိပညာရှင် အတတ်ပညာရှင်များ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ လူငယ် စွန့်ဦးတီထွင် လုပ်ငန်းရှင်များ၊ ဖိတ်ကြားထားသူများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

**သတင်းစဉ်**

# လူငယ်စွန့်ဦးတီထွင်လုပ်ငန်းရှင်များ၏ လုပ်ငန်းဖော်ဆောင် လုပ်ကိုင်နေသည့် စီးပွားရေးသဘောထားအမြင်များ



ကိုပုည



ကိုနေလင်းစိုး



ကိုအောင်ဇော်ဦး



ဒေါက်တာအောင်မြတ်လွင်



ကျော်စွာမြင့်ထူး



ငြိမ်းငြိမ်းအိ

**ဒုတိယကြိမ် မြန်မာနိုင်ငံ လူငယ်စွန့်ဦးတီထွင်လုပ်ငန်းရှင်များ၏ ထိပ်သီးညီလာခံ ၂၀၁၇ ကို ဒီဇင်ဘာ ၉ ရက် နံနက်ပိုင်းတွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန-၂ ၌ ကျင်းပသည်။**

အဆိုပါ အခမ်းအနားသို့ တက်ရောက်လာသည့် လူငယ်စွန့်ဦးတီထွင် လုပ်ငန်းရှင်အချို့၏ စီးပွားရေးလုပ်ငန်းအတွေ့အကြုံများ၊ သဘောထားများကို မေးမြန်းဖြစ်ခဲ့သည်-

**ကိုပုည (Recycle Myanmar တည်ထောင်သူ)**

Recycle Myanmar အနေနဲ့ ဆန်းသစ်တီထွင်ထားတဲ့ ထုတ်ကုန်တွေကို ထုတ်လုပ်ပြီး ဈေးကွက်ဝန်ဆောင်မှုအနေနဲ့ ပြန်ပြီး ချိတ်ဆက်ပေးသွားမှာ ဖြစ်ပါတယ်၊ လွန်ခဲ့တဲ့ ၂၀၁၃ ခုနှစ်ကတည်းက ကရုဏာသည်များ ကွန်ရက်အနေနဲ့ စွန့်ပစ်ပစ္စည်းတွေကို အလှူခံတဲ့ အလှူခံအမှိုက်ပုံးတွေကို တီထွင်ဖန်တီးခဲ့ပါတယ်၊ စွန့်ပစ်ပစ္စည်းတွေဖြစ်တဲ့ ဥပမာ ရေသန့်ဘူးခွံ၊ အချိုရည်ဘူးခွံ၊ ပုလင်းခွံတွေကို ပုံးတွေထဲလာထည့်ပြီး လှူလို့ရပါတယ်၊ ရလာတဲ့ အမှိုက်တွေကိုရောင်းပြီး ရတဲ့ငွေနဲ့ ကျောင်းမနေနိုင်တဲ့ ကလေးတွေကို စာသင်ပေးခဲ့ပါတယ်။

အခုနောက်ပိုင်း ဒါကို ပိုပြီး ကျယ်ကျယ်ပြန့်ပြန့်လုပ်ဖို့အတွက် Recycle Myanmar ဆိုတဲ့ လူမှုအကျိုးပြု စီးပွားရေးကို တည်ထောင်ခဲ့တာပါ၊ Recycle Myanmar အနေနဲ့ကျတော့ နည်းပညာအမှိုက်ပုံးတွေ ထုတ်မှာဖြစ်ပါတယ်၊ ဒီအမှိုက်ပုံးတွေမှာ လက်ရှိခေတ်မီနည်းပညာတွေပါ ပါမယ်၊ ကွန်ပျူတာနဲ့ အီလက်ထရွန်နစ် နည်းပညာတွေပါမယ်၊ အမှိုက်တွေကို ဝယ်ယူစုဆောင်းတဲ့သူတွေ၊ အလဲအလှယ်လုပ်တဲ့သူတွေ ရှိတယ်၊ နောက်ပြီး အမှိုက်တွေကို အရည်ကျိုတဲ့ စက်ရုံတွေ ရှိတယ်၊ စည်ပင်သာယာအဖွဲ့တွေရှိတယ်၊ သူတို့အနေနဲ့ အမှိုက်ပုံးတွေနဲ့ အမှိုက်ကို အလွယ်တကူ သိမ်းလို့ရအောင် ကွန်ရက်လုပ်ပေးမှာပါ။

စွန့်ပစ်ပစ္စည်းကို စုလို့ရတဲ့ စုဘူးတွေထုတ်မှာ ဖြစ်ပါတယ်၊ စုဘူးတွေကို ဝယ်ယူ သုံးစွဲသူတွေအနေနဲ့ အမှိုက်ပြည့်သွားတဲ့အခါ သိမ်းတဲ့လူတွေက လာရောက် သိမ်းပေးမှာဖြစ်သလို အမှိုက်တွေကို ရောင်းလို့ ပိုက်ဆံရမယ်၊ ဒါမှမဟုတ် လိုအပ်တဲ့နေရာကို လှူလို့ရမယ်၊ ရွေးချယ်စရာနှစ်ခုရှိပါမယ်၊ အမှိုက်ကို လိုက်သိမ်းတဲ့လူတွေကတော့ အရင်ကထက် လွယ်လွယ်ကူကူ အဆင်ပြေပြေနဲ့ သိမ်းလို့ရပါမယ်။

အခုလောလောဆယ်တော့ ငွေကြေးရင်းနှီးမြှုပ်နှံမှု အခက်အခဲ ရှိပါတယ်၊ နည်းပညာပိုင်းဆိုင်ရာ အခက်အခဲရှိပါတယ်။

**ကိုနေလင်းစိုး**
**(မင်္ဂလာပါ မြန်မာမှုကုန်ပစ္စည်းဆိုင် ဒါရိုက်တာ)**

မြန်မာမှုနဲ့ ပတ်သက်လို့ ပန်းပု၊ ပန်းချီတွေရမယ်၊ ရွှေချည်ထိုးတွေ၊ ယွန်းထည်တွေ၊ ငွေပန်းထိမ် စသည်ဖြင့် အမျိုးမျိုးရပါတယ်။ အခုနောက်ပိုင်း တီထွင်ဆန်းသစ်မှုအရ ပြုလုပ်လာတာကတော့ အုန်းခွံတွေ၊ ဘူးသီးခြောက်ခွံတွေနဲ့ လက်မှုပစ္စည်းတွေ အတော်များများ လုပ်ပါတယ်၊ နောက်ပြီး မြစ်ထဲကရတဲ့ ကျောက်အလုံးလေးတွေနဲ့ ပန်းချီပုံဖော်ထားတဲ့ ပစ္စည်းတွေလည်း ရှိပါတယ်၊ အခုလောလောဆယ်တော့ တစ်ပိုင်တစ်နိုင် လုပ်နေတာဖြစ်ပါတယ်၊ ဒီလုပ်ငန်းကို တိုးချဲ့မယ်ဆိုရင်တော့ ပညာရှင်တွေ လိုအပ်သလို ငွေကြေးရင်းနှီးမြှုပ်နှံမှုလည်း လိုအပ်မှာဖြစ်ပါတယ်၊ မြန်မာလက်မှု ကုန်ပစ္စည်းဆိုင်တွေအနေနဲ့က ပြည်ပကလာတဲ့ ခရီးသည်တွေကိုပဲ မှီခိုရောင်းချနေလို့မရပါဘူး၊ ပြည်တွင်းခရီးသွားတွေကိုလည်း မှီခိုရောင်းချနေရပါတယ်၊ မြန်မာမှု၊ မြန်မာလက်ရာကို တန်ဖိုးထား ချစ်မြတ်နိုးကြမှ ဒီလုပ်ငန်းကို လုပ်ကိုင်နေတဲ့လူတွေ ရေရှည်ရပ်တည်နိုင်ပြီး မြန်မာမှုအနုပညာလက်ရာတွေလည်း မတိမ်ကော မပျောက်ပျက်ဘဲ ရေရှည်ရှင်သန်နိုင်မှာ ဖြစ်ပါတယ်။

**ကိုအောင်ဇော်ဦး**
**(အောင်နိုင်သစ္စာကုမ္ပဏီ မန်နေဂျင်းဒါရိုက်တာ)**

အောင်နိုင်သစ္စာကုမ္ပဏီက ဆန်းစပါးကို ကြိတ်ခွဲတင်ပို့ရုံတင်မဟုတ်ဘဲ လယ်ယာသွင်းကုန်တွေဖြစ်တဲ့ ဓာတ်မြေဩဇာတွေ၊ လယ်ယာသုံးစက်ကိရိယာတွေကို တောင်သူလယ်သမားတွေကို အရစ်ကျစနစ်နဲ့ ရောင်းချဝန်ဆောင်မှုပေးနေတဲ့ ကုမ္ပဏီဖြစ်ပါတယ်၊ ဆန်စပါးတင်ပို့တဲ့ လုပ်ငန်းကိုတော့ ၂၀၀၄ ခုနှစ်ကတည်းက လုပ်နေတာဖြစ်ပြီး ၂၀၀၈ နောက်ပိုင်းလောက်မှာ ဆန်စပါးအထူးပြုကုမ္ပဏီအနေနဲ့ မျိုးစေ့တွေ၊ သွင်းအားစုတွေ၊ စက်ကိရိယာတွေကို ငါးလဆိုင်း၊ ခြောက်လဆိုင်းနဲ့ ထောက်ပံ့ပေးပြီး သီးနှံပေါ်တော့မှပြန်ပေးတဲ့ ပုံစံမျိုးနဲ့ လုပ်လာတာဖြစ်ပါတယ်။

လယ်ယာသုံးစက်ကိရိယာတွေကို တောင်သူတွေက အရင်ကထက် ပိုပြီးသုံးစွဲလာကြပါတယ်၊ စက်ကိရိယာတွေရဲ့ လွယ်ကူမှု အဆင်ပြေမှုကို လယ်သမားတွေ သိလာကြပါပြီ။ ဒါပေမယ့် စက်ကိရိယာတွေရဲ့အရည်အသွေးအလိုက် တန်ဖိုးမြင့်တော့ လယ်သမားတွေအနေနဲ့ လက်ငင်းဝယ်ယူဖို့ ရင်းနှီးမြှုပ်နှံဖို့ အခက်အခဲရှိကြပါတယ်၊ အဲဒါကို ကျွန်တော်တို့ ကုမ္ပဏီက လယ်သမားတွေ သုံးစွဲနိုင်အောင် အရစ်ကျစနစ်နဲ့ ရောင်းချပေးပြီး ငွေကြေးဝန်ဆောင်မှု ပေးရတာပေါ့၊ ဒီကနေ့ကျင်းပတဲ့ Myanmar Entrepreneurship Summit 2017 ကို နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ကိုယ်တိုင် တက်ရောက်ပြီး လူငယ်တွေရဲ့ ကြိုးစားအားထုတ်မှုကို အသိအမှတ်ပြုတယ်၊ လူငယ်တွေကို ဒီထက်ပိုကြိုးစားအောင်၊ ပိုအရည်အချင်းရှိအောင် လမ်းညွှန်မိန့်ခွန်းပြောတဲ့အတွက် ကျေနပ်မိပါတယ်။

**ဒေါက်တာအောင်မြတ်လွင်**
**(အုပ်ချုပ်မှုဒါရိုက်တာ၊ ORIENTAL CENTURY, Trals & Tours)**

ကျွန်တော်တို့ လက်ရှိ အဓိကလုပ်နေတာကတော့ စိုက်ပျိုးရေးကိုအခြေခံပြီးတော့ ရပ်ရွာအခြေပြု ခရီးသွားလုပ်ငန်းဖြစ်ပါတယ်၊ ကျွန်တော်တို့ဆီမှာ ဘာပြဿနာဖြစ်နေလဲဆိုတော့ သွားပြီးသားနေရာတွေဖြစ်တဲ့ ရန်ကုန်၊ မန္တလေး၊ ပုဂံလောက်ပဲ ရှိတယ်၊ ခရီးသွားတွေအတွက် ခရီးစဉ်အသစ် မရှိသေးဘူး၊ ဒါကြောင့် ကျွန်တော်တို့ ကုမ္ပဏီက ခရီးစဉ်အသစ် ဖန်တီးပေးဖို့ စဉ်းစားတဲ့အခါကျတော့ ဘာကိုအခြေခံပြီး စဉ်းစားလဲဆိုတော့ ကျွန်တော်တို့ လုပ်လိုက်တဲ့ ခရီးစဉ်ဟာ ကျွန်တော်တို့ ကုမ္ပဏီ စီးပွားရေးတစ်ခုတည်းအတွက် မဟုတ်ဘဲ ခရီးသွားတဲ့ နေရာဒေသဖွံ့ဖြိုးဖို့အတွက်နဲ့ ဒေသခံပြည်သူတွေအတွက် အလုပ်အကိုင်အခွင့်အလမ်း ပိုမိုရရှိရေးအတွက်ပါ စဉ်းစားပြီး လုပ်ဆောင်ပါတယ်။

ရပ်ရွာအခြေပြု ခရီးသွားလုပ်ငန်းကို စလုပ်တဲ့အခါမှာ ရွာက စိတ်ဝင်စားတဲ့ပြည်သူတွေနဲ့ တိုင်ပင်တယ်၊ သူတို့ကို ဒီလုပ်ငန်းရဲ့ အကျိုးသက်ရောက်ပုံဟာ ဘယ်လောက်အထိရှိတယ်ဆိုတာကို ရှင်းပြတယ်၊ သူတို့ကလည်း စိတ်ဝင်စားပြီး ပူးပေါင်းပါဝင်ပါတယ်၊ အဲ့ရွာလေးကို အခြေပြုပြီးတော့ ခရီးသွားလုပ်ငန်းကို စလုပ်ဖြစ်ပါတယ်၊ လုပ်တဲ့အခါကျတော့ ပြည်တွင်းကဧည့်သည်ဖြစ်ဖြစ်၊ ပြည်ပက ဧည့်သည်ဖြစ်ဖြစ် လာတဲ့အခါမှာ အဲဒီရွာလေးကို ခေါ်သွားပြီးတော့ အိမ်ရှင်တွေရဲ့အိမ်မှာပေးနေတယ်၊ ပြီးတော့ ကျန်းမာရေးအရ သန့်ရှင်းမှုရှိအောင် စီစဉ်ပေးထားတယ်၊ ထမင်းစားဖို့ စီစဉ်တဲ့အခါမှာလည်း မြို့ကစားသောက်ဆိုင်တွေလိုမဟုတ်ဘဲ ရွာက ဓလေ့အတိုင်းပဲကျွေးပါတယ်၊ အဲ့ဒါကို နိုင်ငံခြားသားဧည့်သည်တွေက ပိုပြီးကြိုက်ကြတယ်။

ပြီးရင် မြင်းမထိရွာဘေးမှာရှိတဲ့ မြင်းမထိဂူနဲ့ ဓနုတိုင်းရင်းသား အများစုနေထိုင်တဲ့ ရွာလေး ငါးရွာကို ယဉ်ကျေးမှုဓလေ့စရိုက်တွေ လေ့လာဖို့ လိုက်ပြတယ်။ ခရီးသွားဧည့်သည်တွေက နှစ်ည၊ သုံးညနေပြီးတော့ လေ့လာကြပါတယ်။

ကျွန်တော်တို့ရဲ့ ရပ်ရွာအခြေပြုလုပ်ငန်း တိုးချဲ့ဖို့ဆိုရင် ခရီးသွားဝန်ကြီးဌာနရဲ့ပံ့ပိုးမှုတွေ အများကြီးလိုပါတယ်။ ပံ့ပိုးမှုဆိုတဲ့နေရာမှာ ကျေးရွာတွေမှာ ခရီးသွားဧည့်သည်တွေအတွက် လုံခြုံမှုရရှိအောင် ဘယ်လိုလုပ်ကြမလဲဆိုတဲ့ ပူးပေါင်းဆောင်ရွက်မှုမျိုး လိုပါတယ်။ နောက်တစ်ခုက အဲဒီလိုမျိုးနေရာတွေကို နိုင်ငံတကာက ခရီးသွားတွေ ပိုမိုသိအောင် လုပ်ဆောင်ဖို့လည်း လိုပါတယ်၊ ပြီးတော့ နိုင်ငံခြားသားဧည့်သည်တွေ ဝင်လာတာနဲ့အမျှ သူတို့ရွာက ဓလေ့လေးတွေ ထိခိုက်မှာ စိုးရိမ်တယ်၊ အဲဒါအတွက် ဟိုဘက်နဲ့ ဒီဘက် အဆင်ပြေအောင် ပြန်ညှိရတာလေးတွေရှိတယ်။

မြန်မာနိုင်ငံရဲ့ လက်ရှိ ခရီးသွားလုပ်ငန်းတွေ တိုးတက်လာတာနဲ့အမျှ စီးပွားရေးလုပ်ငန်းတွေ ပိုမိုတိုးတက်လာပါတယ်။ တစ်ဖက်မှာလည်း လက်ရှိ ရခိုင်ပြဿနာနဲ့ ပတ်သက်ပြီးတော့ ခရီးသွားဧည့်သည်တွေ လာရောက်မှု အထိုက်အလျောက် ကျသွားတယ်။ အဲဒါကို မီဒီယာကနေ ဘယ်လောက်အထိ ငြိမ်းချမ်းကြောင်း၊ တည်ငြိမ်ကြောင်းကို ပြနိုင်မယ်ဆိုရင် နိုင်ငံခြားဧည့်သည်တွေက ယုံကြည်မှုရှိပြီး ပိုမိုဝင်ရောက်လေ့လာမယ်လို့ ယုံကြည်ပါတယ်၊ နောက်ပြီးတော့ နိုင်ငံတကာ တိုက်ရိုက်လေကြောင်းလိုင်းတွေ ဖြည့်ဆည်းပေးနိုင်မယ်ဆိုရင် မြန်မာနိုင်ငံရဲ့ခရီးသွားလုပ်ငန်းကဏ္ဍ ပိုပြီးဖွံ့ဖြိုးတိုးတက်လာမယ်လို့ ယုံကြည်ပါတယ်။

*စာမျက်နှာ ၈ သို့*

# မြန်မာပြည်တွင်းပတ်လည် ဂေါက်သီးရိုက်ပြိုင်ပွဲ နောက်ဆုံးပွဲစဉ် စတုတ္ထနေ့ ပြိုင်ပွဲနှင့် ဆုချီးမြှင့်ခြင်းအခမ်းအနား ကျင်းပ




**နေပြည်တော် ဒီဇင်ဘာ ၉**

မြန်မာနိုင်ငံ ဂေါက်သီးအဖွဲ့ချုပ်နှင့် မြန်မာပီဂျီအေတို့က ကြီးမှူး၍ Innwa Bank Ltd. က အဓိကကူညီပံ့ပိုးသည့် ၂၀၁၇ ခုနှစ် မြန်မာပြည်တွင်းပတ်လည် ဂေါက်သီးရိုက်ပြိုင်ပွဲ နောက်ဆုံးပွဲစဉ် စတုတ္ထနေ့ ပြိုင်ပွဲများကို ယနေ့ နံနက်ပိုင်းတွင် နေပြည်တော်ရှိ ရေပြာ တပ်မတော် ဂေါက်ကွင်း၌ ကျင်းပရာ ဒုတိယတပ်မတော် ကာကွယ်ရေး ဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယ ဗိုလ်ချုပ်မှူးကြီး စိုးဝင်း တက်ရောက်ဂုဏ်ပြု၍ ပါဝင်ကစားသည်။

မွန်းလွဲပိုင်းတွင် ဆုချီးမြှင့်ခြင်းအခမ်းအနားကို အဆိုပါ ဂေါက်ကလပ်၌ ကျင်းပရာ ဒုတိယတပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း)နှင့်တကွ မြန်မာပြည်တွင်းပတ်လည် ဂေါက်သီးရိုက်ပြိုင်ပွဲ ပွဲစဉ်တစ်လျှောက်လုံး အဓိက ကူညီပံ့ပိုးပေးခဲ့သော ကုမ္ပဏီများဖြစ်သည့် Mottama Holdings Co,Ltd၊ Myanmar Zwe Mann Co,Ltd၊ မြဝတီဘဏ်လီမိတက်၊ Phyo Si Thu Teak Plantation (Myanmar)BagoYoma Eco Resort (Myanmar)၊ ကမ္ဘောဇဘဏ်နှင့် အင်းဝဘဏ်တို့မှ တာဝန်ရှိသူများအား မြန်မာနိုင်ငံဂေါက်သီး အဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးကိုကိုအေးက ဂုဏ်ပြု Trophy များ ပေးအပ်သည်။

ယင်းနောက် တစ်ချက်တည်း ကျင်းဝင် ရိုက်ချက်ဆုနှင့် ပြိုင်ပွဲတွင် ဆုရရှိသူများကို ဆုချီးမြှင့်ရာ တစ်ချက်တည်း ကျင်းဝင် ရိုက်ချက်ဆုရရှိသော ဇော်ဇော်လတ်၊ ဝါသနာရှင်အဆင့် (အမျိုးသား)ပြိုင်ပွဲတွင် ပထမ၊ ဒုတိယဆုရရှိခဲ့ကြသော သီဟဌေးနှင့် ကျော်သက်ဦး၊ ဝါသနာရှင်အဆင့် (အမျိုးသမီး) ပြိုင်ပွဲတွင် ပထမဆုနှင့် ဒုတိယရရှိခဲ့ကြသော ဧကရီဝင်းထွန်းနှင့် ပြုံးပြုံးထွေးတို့အား တာဝန်ရှိသူများက ဆုများ ပေးအပ်ချီးမြှင့်သည်။

**ပေးအပ်ချီးမြှင့်**

ထို့နောက် ၂၀၁၇ ခုနှစ် မြန်မာပြည်တွင်းပတ်လည်ဂေါက်သီး ရိုက်ပြိုင်ပွဲတွင် ဆုရရှိခဲ့သော ဟိန်းစည်သူ (Amateur) နှင့် ဇော်ဇင်ဝင်း (Han Golf Academy) တို့အား ပထမဆုဖလားနှင့် ဆုကြေးငွေကျပ် သိန်း ၃၀ တန် ချက်လက်မှတ်ကို ဒုတိယ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း)ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းက ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သတင်းရရှိသည်။ **(ဝဲပုံ)**

**သတင်းစဉ်**

# တတိယအကြိမ် အာရှ-ပစိဖိတ် ရေညီလာခံကျင်းပရေးအတွက် ဦးစီးကော်မတီ အစည်းအဝေး ကျင်းပ

ရန်ကုန် ဒီဇင်ဘာ ၉

**မြန်မာနိုင်ငံတွင် ကျင်းပမည့် တတိယအကြိမ် အာရှ-ပစိဖိတ် ရေညီလာခံအတွက် ဒီဇင်ဘာ ၉ ရက် မွန်းလွဲ ၁ နာရီက ရန်ကုန်တိုင်းဒေသကြီး အစိုးရရုံးအဖွဲ့အစည်းအဝေးခန်းမ၌ ကျင်းပရေး ဦးစီးကော်မတီ၏ စတုတ္ထအကြိမ် ညှိနှိုင်းအစည်း အဝေးကို ကျင်းပခဲ့သည်။**

အဆိုပါ ညှိနှိုင်းအစည်းအဝေးတွင် ဦးစီးကော်မတီဥက္ကဋ္ဌ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့် ဦးစီးကော်မတီ ဒုတိယဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်တို့က ကြီးမှူး၍ ဦးစီးကော်မတီဝင်များ၊ လုပ်ငန်းကော်မတီ၊ အတွင်းရေးမှူး ရုံးလုပ်ငန်းအဖွဲ့နှင့် ဆပ်ကော်မတီများမှ ဥက္ကဋ္ဌ၊ အတွင်းရေးမှူးများနှင့် တွဲဖက်အတွင်းရေးမှူးတို့က လုပ်ငန်းများနှင့် ဆပ်ကော်မတီများအလိုက် ဆောင်ရွက်ရမည့် လုပ်ငန်းများနှင့်ပတ်သက်၍ တတိယအကြိမ် အာရှ - ပစိဖိတ် ရေညီလာခံကျင်းပရန် ညှိနှိုင်းစည်းဝေးခဲ့ခြင်း ဖြစ်သည်။

အာရှ - ပစိဖိတ် ရေညီလာခံကို ဆီဒိုးနား ဟိုတယ်တွင် နိုင်ငံပေါင်း ၄၈ နိုင်ငံမှ ကိုယ်စားလှယ် ၅၀၀ ကျော် တက်ရောက် ကြမည် ဖြစ်သည်။

**ဆွေးနွေး**

ညှိနှိုင်းအစည်းအဝေးတွင် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့နှင့် ဝန်ကြီးဌာနများမှ တာဝန်ရှိသူများက ဆောင်ရွက်ထားရှိသည့် လုပ်ငန်းများနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြကြသည်။

ပထမအကြိမ် အာရှ - ပစိဖိတ် ရေညီလာခံကို ဂျပန်နိုင်ငံနှင့် ဒုတိယအကြိမ် အာရှ- ပစိဖိတ် ရေညီလာခံကို ထိုင်းနိုင်ငံတို့တွင် ကျင်းပခဲ့ကာ တတိယအကြိမ် အာရှ - ပစိဖိတ် ရေညီလာခံကို မြန်မာနိုင်ငံတွင် ကျင်းပခြင်းဖြစ်ပြီး ဒီဇင်ဘာ ၁၁ ရက်၊ ၁၂ ရက်တို့တွင် ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**သန်းထိုက်**

*စာမျက်နှာ ၇ မှ*

**ကိုကျော်စွာမြင့်ထူး**

**(Brand Executive, ASAHI LOIHEIN)**

Honey Gold ရွှေပျား အားဖြည့်အချိုရည်သစ်ကို ထုတ်လုပ်မှုအပိုင်းနဲ့ ဈေးကွက်ဖြန့်ဖြူးရေးအတွက် စားသုံးသူကို ပိုပြီးတော့ ရွေးချယ်မှုများစေချင်တဲ့ဆန္ဒနဲ့ ကောင်းမွန်တဲ့ပစ္စည်းတွေကို အဓိကထုတ်လုပ်ဖြန့်ဖြူးပေးတယ်၊ ပစ္စည်းသစ်ဖြစ်တဲ့အခါကျတော့ စားသုံးသူတွေ သိလာအောင်၊ ဈေးကွက်ထဲကို ထိုးဖောက်နိုင်အောင် ဖြန့်ချိရေးအပိုင်းမှာ အားစိုက်ရပါတယ်၊ လိုအပ်တဲ့ အရည်အသွေးပြည့်မီတဲ့ ကုန်ကြမ်းကို နိုင်ငံခြားကပဲ တင်သွင်းပါတယ်။

**မငြိမ်းငြိမ်းအိ (Chief Executive Officer, United Myanmar & Asia Co., Ltd)**

ကျွန်မတို့ ကုမ္ပဏီရဲ့နာမည်ကတော့ United Myanmar & Asia Co., Ltd ပဲဖြစ်ပါတယ်၊ ကျွန်မတို့ ကုမ္ပဏီက မြန်မာနိုင်ငံက ထုတ်ကုန်ပစ္စည်းတွေ၊ သဘာဝဆေးဖက်ဝင်ပစ္စည်းတွေကို အသုံးပြုပြီးတော့ Dnae ဆိုတဲ့ နာမည်နဲ့ ရေချိုးဆပ်ပြာ၊ Body Lotion၊ Facial Mist၊ ချိုင်းချွေးနံ့ပျောက်အရည်၊ ဘက်စုံသုံးဆပ်ပြာရည်၊ လက်ဆေးဆပ်ပြာရည်၊ ရေမလိုလက်သန့်ဆေး စသဖြင့် လူသုံးကုန်ပစ္စည်းတွေ၊ အလှကုန်ပစ္စည်းတွေ ထုတ်လုပ်ပါတယ်။

သဘာဝအလှကုန်ပစ္စည်းနဲ့ပတ်သက်ပြီးတော့ Online Marketing မှာလည်း သုံးကြတယ်၊ နောက်ပြီးတော့ တချို့ Super Market တွေမှာလည်း ရောင်းချပေးနေပါပြီ၊ မြန်မာနိုင်ငံထဲမှာပဲ ဒီကုန်ပစ္စည်းက ထုတ်တဲ့အတွက် ဈေးနှုန်းကို အတတ်နိုင်ဆုံး သက်သာအောင် ဒီနိုင်ငံသားတွေ သုံးနိုင်တဲ့ ဈေးနှုန်းနဲ့ ရောင်းချပေးနေပါတယ်၊ အဲဒီအတွက် ကျွန်မတို့ နိုင်ငံသားတွေ ပစ္စည်းအရည်အသွေးကောင်းကောင်းနဲ့ ဈေးနှုန်းသက်သက်သာသာနဲ့ သုံးခွင့်ရအောင် ကြိုးစားထုတ်လုပ်ထားတာ ဖြစ်ပါတယ်။ ။

**အေဝမ်းစိုး**

● *ကျောဖုံးမှ*

ရွှေတောင်ပိုင်း သယ်ယူပို့ဆောင်ရေးအများနှင့် သက်ဆိုင်သော ကုမ္ပဏီလီမိတက်(ဒလ)မှ တာဝန်ရှိသူ ဦးကျော်စိုးမိုးက ယာဉ်လိုင်းအနေဖြင့် ခရီးသွားပြည်သူများ သွားလာမှုအဆင်ပြေစေရန်နှင့် ယာဉ်စီးခသက်သာစေရန် ရည်ရွယ်ပါကြောင်း၊ ယာဉ်စီးရေကိုလည်း ထပ်မံတိုးချဲ့သွားရန် စီစဉ်မှုများရှိကြောင်း သိရသည်။

YBS ခရီးစဉ်နှင့်ပတ်သက်၍ ကွမ်းခြံကုန်းမြို့မှ ရန်ကုန်မြို့သို့ နေ့စဉ်ရုံးတက်သူ ပညာရေးဝန်ထမ်း ဦးဝင်းနှင့် ကော့မှူးမြို့မှ အရောင်းအဝယ်သမားဖြစ်သူ ဦးတင်ထွန်းတို့က ယခုကဲ့သို့ YBS ယာဉ်များ ပြေးဆွဲပေးသည့်အတွက် ယာဉ်စီးခသက်သာပြီး သွားလာမှုလည်း အဆင်ပြေကြောင်း၊ ယာဉ်စီးရေ တိုးချဲ့ပေးစေလိုကြောင်းနှင့် တွံတေးမြို့မှ ကုမ္ပဏီဝန်ထမ်း တစ်ဦးဖြစ်သူ မဖူးပွင့်သဇင်က တွံတေးမြို့သို့လည်း YBS ယာဉ်များ ပြေးဆွဲပေးစေလိုကြောင်း ပြောကြားသည်။ ဒလမှ ကွမ်းခြံကုန်း၊ ကော့မှူး၊ တွံတေးမြို့များသို့ လက်ရှိအချိန်တွင် ယာဉ်ငယ်လေးများ ပြေးဆွဲနေလျက်ရှိပြီး ယာဉ်စီးခမှာ အနိမ့်ဆုံး ငွေကျပ် ၁၅၀၀ မှ ငွေကျပ် ၃၀၀၀ အထိဖြစ်ကြောင်း YBS ယာဉ်ကြီးများအနေဖြင့် ယခုကဲ့သို့ ပြေးဆွဲပေးခြင်းဖြင့် ဒေသခံပြည်သူများယာဉ်စီးခနှုန်း သက်သာပြီး သွားလာမှုအဆင်ပြေကြောင်း၊ တွံတေးမြို့နယ်သို့လည်း YBS ယာဉ်များ ပြေးဆွဲပေးစေလိုကြောင်း ဒေသခံပြည်သူများက ပြောကြားလျက်ရှိသည်။

**မောင်ယဉ်ဦး(ဒလ)**




# ကျွမ်းကျင်လုပ်သားများအနေဖြင့် မိမိတို့ တတ်ကျွမ်းထားသော အသိပညာ၊ အတတ်ပညာများဖြင့် နိုင်ငံတော်၏ ကုန်ထုတ်စွမ်းအားကို မြှင့်တင်ပေးရန်လို

**ရန်ကုန် ဒီဇင်ဘာ ၉**

၂၀၁၈ ခုနှစ်တွင် အာဆီယံအသိုက်အဝန်းအတွင်း လွတ်လပ်သော ကုန်သွယ်မှုအရ ကျွမ်းကျင်လုပ်သားများ လွတ်လပ်စွာ ရွှေ့ပြောင်းလုပ်ကိုင်ခြင်းတို့ကြောင့် မိမိတို့ မြန်မာလုပ်သားများ ဒေသတွင်းနိုင်ငံများရှိ လုပ်သားများနှင့် ယှဉ်ပြိုင်နိုင်စွမ်းရှိရန် လိုအပ်လာပြီဖြစ်ကြောင်း၊ မြန်မာလုပ်သားထု အလုပ်အကိုင်အခွင့်အလမ်း တည်မြဲနိုင်စေရန်နှင့် အလုပ်အကိုင် ကျွမ်းကျင်မှုအလိုက် အမျိုးသားအဆင့် အသိအမှတ်ပြု လက်မှတ်များရရှိရေး ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း၊ ကျွမ်းကျင်လုပ်သားများ အနေဖြင့် မိမိတို့ တတ်ကျွမ်းထားသော အသိပညာ၊ အတတ်ပညာများဖြင့် နိုင်ငံတော်၏ ကုန်ထုတ်စွမ်းအားကို မြှင့်တင်ပေးရန်လိုပါကြောင်း အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသိန်းဆွေက ပြောသည်။ **(အပေါ်ပုံ)**

ယနေ့ နံနက်ပိုင်းက ရန်ကုန်မြို့ သုဝဏ္ဏရှိ ဆောက်လုပ်ရေးဝန်ကြီးဌာန ဗဟိုသင်တန်းကျောင်းတွင် ကျင်းပသည့် အမျိုးသားအဆင့် အလုပ်အကိုင်ဆိုင်ရာ ကျွမ်းကျင်မှုအသိအမှတ်ပြုလက်မှတ်ပေးအပ်ပွဲ အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီး ဦးသိန်းဆွေက ပြောကြားခြင်းဖြစ်သည်။

အမျိုးသားအဆင့် အလုပ်အကိုင်ဆိုင်ရာ ကျွမ်းကျင်မှုအသိအမှတ်ပြုလက်မှတ်ကို မြန်မာနိုင်ငံလုပ်သားများ ကျွမ်းကျင်မှု "စံ"သတ်မှတ်ပြဋ္ဌာန်းရေးအဖွဲ့ (NSSA)၏ ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်အတွင်း လုပ်သား ၅၀၀၀ စိစစ်အကဲဖြတ်ရေး လုပ်ငန်းစဉ်အရ စက်တင်ဘာလနှင့် အောက်တိုဘာလအတွင်း စိစစ်အောင်မြင်ခဲ့သူများကို ပေးအပ်ခြင်းဖြစ်သည်။

အခမ်းအနားသို့ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသိန်းဆွေ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ လုပ်ငန်းရှင်များ၊ Assessment Center မှ တာဝန်ရှိသူများ၊ Chief Assessor များ၊ Assessor များ၊ GIZ Swiss contact စသော ဖွံ့ဖြိုးမှု မိတ်ဖက်အဖွဲ့အစည်းများနှင့် ကျွမ်းကျင်လုပ်သားများ စုစုပေါင်း ၅၀၀ တက်ရောက်သည်။

ယနေ့အခမ်းအနားတွင် စက်တင်ဘာလနှင့် အောက်တိုဘာလအတွင်း အလုပ်အကိုင် ၁၀ မျိုးအတွက် ဖြေဆိုအောင်မြင်ခဲ့သည့် လုပ်သား ၄၆၅ ဦးကို အမျိုးသားအဆင့် ကျွမ်းကျင်မှုအသိအမှတ်ပြုလက်မှတ်နှင့် ကျွမ်းကျင်မှုစစ်ဆေး အကဲဖြတ်ရေးဌာန ခြောက်ခုတို့ကို ကျွမ်းကျင်မှုစစ်ဆေး အကဲဖြတ်ရေးဌာနအဖြစ် အသိအမှတ်ပြု လက်မှတ်ပေးအပ်ခဲ့သည်။

မြန်မာနိုင်ငံလုပ်သားများ ကျွမ်းကျင်မှု "စံ"သတ်မှတ်ပြဋ္ဌာန်းရေးအဖွဲ့ (NSSA) ၏ လုပ်ငန်းစဉ်များ အရှိန်အဟုန်မြှင့်တင်သည့်အနေဖြင့် ၂၀၁၇-၂၀၁၈ ခုနှစ်အတွင်း နိုင်ငံ၏ စီးပွားရေးအချက်အချာကျပြီး လုပ်သားဈေးကွက် လိုအပ်ချက်များပြားနေသော ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ မွန်ပြည်နယ်နှင့် ကရင်ပြည်နယ်များတွင် အလုပ်အကိုင် ၁၈ မျိုးအတွက် အမျိုးသားအဆင့် ကျွမ်းကျင်မှု အသိအမှတ်ပြုလက်မှတ်များ စိစစ်အကဲဖြတ်ပေးရန် စီမံဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **သတင်း-မင်းသစ်(MNA)၊ ဓာတ်ပုံ-ဇော်မင်းလတ်**

✻ *ကျောဖုံးမှ*

ကြိုးပမ်း ဆောင်ရွက်နေပါတယ်၊ လာရောက် အပန်းဖြေသူတွေ အန္တရာယ်ကင်းဝေးအောင်၊ အစစအရာရာ အဆင်ပြေအောင် အုပ်ချုပ်ရေး၊ လုံခြုံရေး၊ သွားလာမှု အဆင်ပြေစေရေး၊ ကျန်းမာရေး၊ သန့်ရှင်းရေးတွေကိုလည်း စနစ်တကျ ဆောင်ရွက်ထားပါတယ်" ဟု ညောင်တုန်းမြို့နယ် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ ဦးအောင်မျိုးဝင်းက ပြောသည်။

ညောင်ချောင်းသာ ကမ်းခြေသို့ လာရောက်အပန်းဖြေသူများအနေဖြင့် ပန်းလှိုင်မြစ်ထိပ် ဧရာဝတီမြစ်ကမ်းခြေ ဧရာဝတီမြစ်နှင့် ပန်းလှိုင်မြစ်တို့၏ သဘာဝအလှအပရှုခင်းမျိုးစုံကို တွေ့မြင်ခံစားရင်း ဧရာဝတီမြစ်ပြင်ကျယ်မှ ဖြတ်သန်းတိုက်ခတ်လာသော သဘာဝလေကောင်းလေသန့်များကို ရှူရှိုက်နိုင်သဖြင့် ကျန်းမာရေးအတွက် များစွာအထောက်အကူပြုပြီး အပန်းဖြေရန် အဆင်ပြေသည့် နေရာကောင်းတစ်ခုအဖြစ် လူသိများကြသည်။

ညောင်တုန်းမြို့၏ ညောင်ချောင်းသာ ကမ်းခြေသို့ လာရောက်အပန်းဖြေရင်း ညောင်တုန်းမြို့ရှိ ရှေးဟောင်းသမိုင်းဝင် မိုးဟုတ်စေတီ၊ ဉသျှစ်လှစေတီ၊ အတုလမာရဇိန်သွန်းဘုရားကြီးနှင့် နာမည်ကျော်ဇာတ်မင်းသားကြီး ဦးစိန်ကတုံး၏ နိုင်ငံ့အေးဗုဒ္ဓရုပ်ပွားတော်ကြီးကိုလည်း ဝင်ရောက်ဖူးမြော်နိုင်ကြောင်း သိရသည်။

**နေလင်း(ညောင်တုန်း)**

ဗလ ငါးတန် ဖွံ့ဖြိုးဖို့ စာအုပ် စာပေ လေ့လာစို့

# အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေးနေ့ အထိမ်းအမှတ် အခမ်းအနား ရန်ကုန်မြို့၌ ကျင်းပ




ရန်ကုန် ဒီဇင်ဘာ ၉

**၂၀၁၇ ခုနှစ် ဒီဇင်ဘာ ၁၀ ရက်တွင် ကျရောက်မည့် အပြည်ပြည်ဆိုင်ရာလူ့အခွင့်အရေးနေ့ကို ကြိုဆိုဂုဏ်ပြုသည့်အနေဖြင့် မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်က ကျင်းပသည့် အပြည်ပြည်ဆိုင်ရာလူ့အခွင့်အရေးနေ့ အထိမ်းအမှတ် အခမ်းအနားကို ယနေ့နံနက် ၉ နာရီက ရန်ကုန်မြို့လမ်းမတော်မြို့နယ် မင်းရဲကျော်စွာလမ်းရှိ ပန်ဒါဟိုတယ်၌ ကျင်းပသည်။** (ဝဲပုံ)

အခမ်းအနားသို့ မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင် ဥက္ကဋ္ဌ ဦးဝင်းမြနှင့် အဖွဲ့ဝင်များ၊ ရန်ကုန်တိုင်းဒေသကြီး တရားလွှတ်တော်တရားသူကြီးချုပ် ဦးဝင်းဆွေ၊ တိုင်းဒေသကြီး ဥပဒေချုပ် ဦးဟန်ထူး၊ တိုင်းဒေသကြီး ရခိုင်တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး ဦးဇော်အေးမောင်၊ လွှတ်တော်ကိုယ်စားလှယ်များ၊ ဌာနဆိုင်ရာ အရာရှိကြီးများ၊ ရန်ကုန် မြို့ရှိ သံရုံးများမှ တာဝန်ရှိသူများ၊ UN အဖွဲ့အစည်းများ၊ CSO၊ INGO၊ NGO တို့မှ ကိုယ်စားလှယ်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ရန်ကုန်တိုင်းဒေသကြီး ရခိုင်တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီးက အဖွင့်အမှာစကား ပြောကြားပြီး မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင် ဥက္ကဋ္ဌ ဦးဝင်းမြက ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားသည်။

ထို့နောက် စာရေးဆရာ မင်းခိုက်စိုးစန်က လူ့အခွင့်အရေးနှင့်စပ်လျဉ်း၍ လည်းကောင်း၊ နဝမတန်းကျောင်းသူ မဆုမြတ်မွန်က ကလေးသူငယ်များ အခွင့်အရေးနှင့်စပ်လျဉ်း၍လည်းကောင်း၊ ရွှေမင်းသားဖောင်ဒေးရှင်းဥက္ကဋ္ဌ ဦးမြတ်သူဝင်းက မသန်စွမ်းသူများအခွင့်အရေးနှင့် စပ်လျဉ်း၍ လည်းကောင်း၊ သရုပ်ဆောင် အကယ်ဒမီ စိုးပြည့်သဇင်က အမျိုးသမီးများအခွင့်အရေးနှင့် စပ်လျဉ်း၍ လည်းကောင်းအသီးသီးပြောကြားကြသည်။

ယင်းနောက် မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်၏ လုပ်ငန်းဆောင်ရွက်ချက်များကို ရိုက်ကူးထားသော ဗီဒီယိုကိုပြသပြီး ဒါရိုက်တာ မင်းထင်ကိုကိုကြီးက What are Human Rights မှတ်တမ်းဗီဒီယိုနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားကာ ယင်းမှတ်တမ်းဗီဒီယိုကို ပြသခဲ့သည်။

**သတင်းစဉ်**

## မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်က အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေးနေ့ကို ကြိုဆိုဂုဏ်ပြုသည့်အနေဖြင့် သတင်းထုတ်ပြန်ချက်ထုတ်ပြန်

**နေပြည်တော် ဒီဇင်ဘာ ၉**

မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်ရေးကော်မရှင်က ၂၀၁၇ ခုနှစ် ဒီဇင်ဘာ ၁၀ ရက်တွင် ကျရောက်သည့် အပြည်ပြည်ဆိုင်ရာလူ့အခွင့်အရေးနေ့ကို ကြိုဆိုဂုဏ်ပြုသည့်အနေဖြင့် သတင်းထုတ်ပြန်ချက်အမှတ် (၁၃/၂၀၁၇)ကို ထုတ်ပြန်လိုက်ကြောင်း သိရသည်။

အဆိုပါထုတ်ပြန်ချက်တွင် မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်သည် လူ့အခွင့်ရေးကာကွယ်စောင့်ရှောက်ရေးလုပ်ငန်းအဖြစ် တိုင်တန်းချက်များကို လက်ခံဆောင်ရွက်လျက်ရှိရာ ၂၀၁၇ ခုနှစ်၊ ဇန်နဝါရီ ၁ ရက်မှ လက်ရှိအချိန်ထိ လက်ခံရရှိသော တိုင်တန်းချက်ပေါင်း ၃၅၉ စောင်ကျော်ကို စိစစ်၍ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်ခဲ့ပါကြောင်း၊ တိုင်တန်းချက်အချို့နှင့် ပတ်သက်၍လည်း လိုအပ်သကဲ့သို့ ကွင်းဆင်းစစ်ဆေးမှုများ ပြုလုပ်ခဲ့ပါကြောင်း၊ ၂၀၁၇ ခုနှစ်အတွင်း ကော်မရှင်သည် ညောင်ဦး၊ မြင်းခြံ၊ စစ်တွေ၊ ဘူးသီးတောင်၊ အင်းစိန်၊ လားရှိုး၊ မြစ်ကြီးနား၊ ကျောက်ဖြူ၊ သံတွဲ၊ ကလေး၊ မုံရွာ၊ ကျိုင်းတုံ၊ မိုင်းဆတ်၊ ဟသ်ာတ၊ သထုံ၊ သီပေါ၊ မြောင်းမြ၊ ပုသိမ်၊ မန္တလေး(ထုံးဘို)၊ ရမည်းသင်း၊ သရက်၊ တောင်ငူ၊ နေပြည်တော်၊ မြိတ်၊ ကော့သောင်း၊ သာယာဝတီမြို့များရှိ အကျဉ်းထောင်၊ အကျဉ်းစခန်းများသို့ လူ့အခွင့်အရေးအခြေအနေများနှင့် စပ်လျဉ်း၍ သွားရောက်စစ်ဆေးခဲ့ပြီး ကော်မရှင်၏ တွေ့ရှိချက်များ၊ အကြံပြုချက်များကို သက်ဆိုင်ရာဌာနသို့ပေးပို့၍ အများပြည်သူသိရှိနိုင်ရန်အတွက် ထုတ်ပြန်ချက်များလည်း ထုတ်ပြန်ခဲ့ပါကြောင်း၊ မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်က အဖွဲ့တစ်ဖွဲ့သည် ၂၀၁၇ခုနှစ်၊ စက်တင်ဘာ ၂၄ ရက်မှ ၂၆ ရက် အထိ ဘူးသီးတောင်နှင့် မောင်တောမြို့နယ်များတွင် ဖြစ်ပွားခဲ့သည့် အကြမ်းဖက်တိုက်ခိုက်မှုများကို သွားရောက်လေ့လာစုံစမ်းခဲ့ပြီး တွေ့ရှိချက်များနှင့် အကြံပြုချက်များ ပါဝင်သည့် သတင်းထုတ်ပြန်ချက်တစ်ရပ်ကို ထုတ်ပြန်ခဲ့ပါကြောင်း။

မြန်မာနိုင်ငံလူ့အခွင့်အရေးကော်မရှင်သည် ရခိုင်ပြည်နယ်အရေးကိစ္စအပေါ် လွတ်လပ်မှုကို အခြေခံ၍ အမြင်ချင်းဖလှယ်ခြင်းအားဖြင့် နိုင်ငံတော်က ရခိုင်ပြည်နယ်အရေးကိစ္စဖြေရှင်းဆောင်ရွက်ရာတွင် အထောက်အကူဖြစ်စေရန် ရည်ရွယ်၍ "ရခိုင်ပြည်နယ်အရေးကိစ္စ၊ စိန်ခေါ်မှုများနှင့် ရှေ့အလားအလာဆွေးနွေးပွဲ" ကို ၂၀၁၇ ခုနှစ် အောက်တိုဘာ ၁၁ ရက်တွင် ရန်ကုန်မြို့၌ ကျင်းပခဲ့ပါကြောင်း၊ ဆွေးနွေးပွဲသို့ မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ရခိုင်ပြည်နယ်အရေးကိစ္စနှင့်ပတ်သက်၍ အတွေ့အကြုံရှိသည့် ပုဂ္ဂိုလ်များ၊ ပြည်တွင်း NGOs ကိုယ်စားလှယ်များနှင့် စိတ်ပါဝင်စားသူများ ပါဝင်တက်ရောက်ဆွေးနွေးကြပြီး ဆွေးနွေးပွဲမှ ဆွေးနွေးအကြံပြုချက်များကို နိုင်ငံတော်သမ္မတထံ အစီရင်ခံတင်ပြခဲ့ပါကြောင်း၊ ထို့ပြင် ကော်မရှင်သည် APF ၏ ပံ့ပိုးကူညီမှုဖြင့် "သေဒဏ်ကို တရားဝင်ရပ်ဆိုင်းရေးနှင့်စပ်လျဉ်းသည့် အသိပညာပေးအလုပ်ရုံဆွေးနွေးပွဲ"ကို ၂၀၁၇ ခုနှစ် အောက်တိုဘာလတွင် နေပြည်တော်၌ ကျင်းပခဲ့ပြီး လွှတ်တော်ကိုယ်စားလှယ်များ၊ အစိုးရဌာနများမှ အဆင့်မြင့်အရာရှိများ၊ အရပ်ဘက်အဖွဲ့အစည်းနှင့် မီဒီယာမှ ကိုယ်စားလှယ်များနှင့် ကော်မရှင်အဖွဲ့ဝင်များ ပါဝင်ဆွေးနွေးခဲ့ကြပါကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် လက်ရှိအချိန်တွင် သေဒဏ်ကို လက်တွေ့အကောင်အထည်ဖော်ဆောင်ခြင်း မရှိသဖြင့် ပြည်တွင်းပြည်ပ အကျိုးကျေးဇူးများရရှိနိုင်စေရန် သေဒဏ်ကို တရားဝင်ဆိုင်းငံ့ရေးအတွက် အစိုးရအနေဖြင့် စဉ်းစားသင့်သည်ဟု အလုပ်ရုံဆွေးနွေးပွဲ၏ ဆွေးနွေးအကြံပြုချက်ကို နိုင်ငံတော်သမ္မတထံ တင်ပြခဲ့ပါကြောင်း။

လူ့အခွင့်အရေးနေ့ အခါသမယတွင် မြန်မာနိုင်ငံလူ့အခွင့်အရေးကော်မရှင်သည် နိုင်ငံသားများ၏ လူ့အခွင့်အရေးမြှင့်တင်ရေးနှင့် ကာကွယ်ရေးအတွက် ပြည်ထောင်စုလွှတ်တော်က ပြဋ္ဌာန်းခဲ့သည့် မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင် ဥပဒေပါပြဋ္ဌာန်းချက်များနှင့်အညီ ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်ဟု သန္နိဋ္ဌာန်ပြုပါကြောင်း ဖော်ပြပါရှိသည်။

**သတင်းစဉ်**

## ငြိမ်းချမ်းရေးဂီတပွဲတော် Grand Final Winner ကို ပရိသတ်များကိုယ်တိုင် မဲပေးရွေးချယ်နိုင်

**နေပြည်တော် ဒီဇင်ဘာ ၉**

နိုင်ငံတော်၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို ထောက်ခံသောအားဖြင့် ပြန်ကြားရေးဝန်ကြီးဌာနက ကြီးမှူး၍ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ တိုက်ရိုက်ထုတ်လွှင့်ပြသမည့် ငြိမ်းချမ်းရေးဂီတပွဲတော် Grand Final ပွဲကြီးအား ဒီဇင်ဘာ ၁၀ ရက် ည ၈ နာရီခွဲတွင် ရန်ကုန်မြို့ ပြည်သူ့ရင်ပြင်၌ ကျင်းပသွားမည်ဖြစ်သည်။

ငြိမ်းချမ်းရေးဂီတပွဲတော် Grand Final ပွဲကြီးတွင် ပါဝင်ယှဉ်ပြိုင်ကြမည့် ပြိုင်ပွဲဝင်များကို ပရိသတ်များကိုယ်တိုင်မဲပေးရွေးချယ်နိုင်ပြီး ပြိုင်ပွဲများဖြစ်ကြသည့် ဖြူလု PMF 03၊ Sa Paung PMF07၊ ကြူကြူခိုင် PMF 09၊ မေသူကျော် PMF10 တို့အား မဲပေးခွင့်ကို တနင်္ဂနွေနေ့ ညနေ ၆ နာရီမှစ၍ ဖွင့်လှစ်ပေးထားမည်ဖြစ်သည်။

ပြိုင်ပွဲဝင်အားလုံး သီဆိုပြီးချိန်အထိ မဲပေးခွင့်ရှိနေမည်ဖြစ်ပြီး မဲပေးရာတွင် ပရိသတ်များ ကိုင်ဆောင်သည့် ဖုန်း Operator အလိုက် MPT ဖြစ်ပါက 7676၊ Telenor ဖြစ်ပါက 6600၊ Ooredoo ဖြစ်ပါက 6031 ကုတ်နံပါတ်များသို့ ပြိုင်ပွဲဝင်များ၏ ပြိုင်ပွဲဝင်နံပါတ်များကို အမှားအယွင်းမရှိ ပေးပို့နိုင်သည်။ SMS တစ်စောင်လျှင် ငွေကျပ် ၁၀ သာ ကျသင့်မည်ဖြစ်ပြီး ယခု Grand Final ပွဲကြီးအတွက် Sim Card တစ်ခုလျှင် SMS Vote ၁၀ ခုအထိ တိုးမြှင့်ပေးပို့နိုင်ရန် ပြင်ဆင်ထားရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**




**ရဝမ်စာပေနှင့် ယဉ်ကျေးမှုကော်မတီ(ရန်ကုန်)က ကြီးမှူးကျင်းပသော ရဝမ်အမျိုးသားနေ့ကို ဒီဇင်ဘာ ၉ ရက်က ရန်ကုန်မြို့ ဗဟန်းမြို့နယ် ကိုယ့်မင်းကိုယ့်ချင်းလမ်း ရွှေလိပ်ပြာဟိုတယ်၌ ကျင်းပရာ ရဝမ်လူငယ်များက စုပေါင်းအငြိမ့်အကဖြင့် တင်ဆက်ဖျော်ဖြေကြစဉ်။** တင်စိုး(မြန်မာ့အလင်း)




## ပညာရေးဖွံ့ဖြိုးတိုးတက်မှု အကောင်အထည်ဖော်ရေး နှီးနှောဖလှယ်ပွဲ ဆက်လက်ကျင်းပ

**နေပြည်တော် ဒီဇင်ဘာ ၉**

ပညာရေးဖွံ့ဖြိုးတိုးတက်မှု အကောင်အထည်ဖော်ရေး နှီးနှောဖလှယ်ပွဲ (အခြေခံပညာကဏ္ဍ) ဒုတိယနေ့အဖြစ် ယနေ့နံနက်ပိုင်းတွင် နေပြည်တော် အားကစားလေ့ကျင့်ရေးစခန်း ရွှေတံဆိပ်ခန်းမ၌ ဆက်လက်ကျင်းပသည်။ **(အပေါ်ပုံ)**

နှီးနှောဖလှယ်ပွဲ၌ "ပြည်သူ့နီတိ အလေ့အကျင့်နှင့် အခြေခံပညာရေး အရည်အသွေးမြင့်မားရေး အကောင်အထည်ဖော်ဆောင်ရွက်ခြင်း"၊ "ကျောင်းထွက်သူ ပပျောက်ရေးနှင့် မူလတန်းပညာ သင်ယူသူအားလုံး မူလတန်းပညာ သင်ယူပြီးမြောက်ရေး"၊ "စာသင်ခန်းတွင် သင်ကြားသင်ယူမှုတိုးတက်မြင့်မားရေး ဆောင်ရွက်မှု"၊ "ဆရာ ဆရာမ ခန့်ထားမှုတွင် အရည်အချင်းရှိ၍ သင်တန်းပြီးမြောက်သူများကိုသာ ခန့်ထားရေးနှင့် ထိုခန့်ထားသည့် အရေအတွက်အတိုင်းသာ ရာထူးပြောင်းရွှေ့ ရာထူးတိုးဆောင်ရွက်ခြင်း"၊ "အတူပူးပေါင်းသင်ယူ လက်တွေ့လုပ်ဆောင်ခြင်း"၊ "အလယ်တန်းပညာသင်ယူပြီးမြောက်ပြီး အထက်တန်းပညာ (ဝိဇ္ဇာ၊ ဝိပ္ပံ၊ သိပ္ပံ စသည့် ဘာသာတွဲ) ဆက်လက်သင်ယူရေး ဆောင်ရွက်ခြင်း" စသည့် စာတမ်းများကို အဆင့်မြင့်ပညာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာ မေစန်းရီ၊ အခြေခံပညာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ်(ပညာ) ဦးထွန်းရီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ ပညာရေးမှူးများက ဖတ်ကြားတင်ပြကြသည်။

ထို့ပြင် မြန်မာနိုင်ငံစာစစ်ဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ် ဦးမျိုးညွှန့်က အခြေခံပညာ သင်ရိုးညွှန်းတမ်းအသစ်ပါ သင်ယူတတ်မြောက်မှုဆိုင်ရာ စာမေးပွဲများ ကျင်းပသွားရမည့် အစီအစဉ်များကို ရှင်းလင်းပြောကြားသည်။

ထို့နောက် တက်ရောက်လာကြသူများက အဖွဲ့ငယ်များခွဲ၍ နှီးနှောဖလှယ်ပွဲသို့ တင်သွင်းခဲ့သည့် စာတမ်းများအပေါ် ပြန်လည်သုံးသပ်ဆွေးနွေးခဲ့ကြပြီး အခြေခံပညာဦးစီးဌာန ခေတ္တညွှန်ကြားရေးမှူးချုပ် ဒေါက်တာ အောင်နိုင်စိုးက နိဂုံးချုပ်အမှာစကားပြောကြား၍ ဆွေးနွေးပွဲကို ရုပ်သိမ်းလိုက်သည်။

**သူရဇော်၊ အေးသန်း (သတင်းစဉ်)**

# အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌ ကျိန္တလီနှင့် ဂွမြို့နယ်တို့မှ ဒေသခံပြည်သူများနှင့် တွေ့ဆုံ

**နေပြည်တော် ဒီဇင်ဘာ ၉**
အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးအေးသာအောင်သည် ယနေ့ နံနက်ပိုင်းတွင် ကျိန္တလီမြို့နယ် အထွေထွေအုပ်ချုပ်ရေးရုံးခန်းမ၌ လည်းကောင်း၊ မွန်းလွဲပိုင်းတွင် ဂွမြို့နယ်ခန်းမ၌ လည်းကောင်း ဒေသခံပြည်သူများနှင့် တွေ့ဆုံပြီး လွှတ်တော်ရေးရာကိစ္စများကို ရှင်းလင်းပြောကြားခြင်းနှင့် ဒေသဖွံ့ဖြိုးရေးအတွက် ဆွေးနွေးခြင်းများ ပြုလုပ်ခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**




အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးအေးသာအောင် ဂွမြို့နယ်ခန်းမ၌ ဒေသခံပြည်သူများနှင့် တွေ့ဆုံစဉ်။

# ရခိုင်ပြည်နယ်မှပြည်သူများအတွက် လူသားချင်းစာနာမှုဆိုင်ရာ ကူညီရန် PT Power Trading Co.Ltd မှ ငွေကျပ်သိန်း ၃၀၀၀ ထောက်ပံ့လှူဒါန်း



**မန္တလေး ဒီဇင်ဘာ ၉**
ရခိုင်ပြည်နယ်မှ ပြည်သူများအား လူသားချင်း စာနာမှုဆိုင်ရာ ကူညီမှုများ ဆောင် ရွက်နိုင်ရန်အတွက် ထောက်ပံ့မှုအဖြစ် အလှူငွေ ကျပ်သိန်း ၃၀၀၀ လှူဒါန်းပွဲကို ဒီဇင်ဘာ ၇ ရက် မွန်းလွဲပိုင်းက မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ဝန်ကြီးချုပ်ရုံးအစည်းအဝေးခန်းမ၌ ကျင်းပသည်။

အဆိုပါ လှူဒါန်းပွဲသို့ မန္တလေတိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေါက်တာ ဇော်မြင့်မောင်၊ လျှပ်စစ်၊ စွမ်းအင်နှင့် ဆောက်လုပ်ရေး ဝန်ကြီးဌာန ဝန်ကြီး ဦးဇာနည်အောင်၊ အစိုးရအဖွဲ့အတွင်းရေးမှူး ဦးစိုင်းသော်ဝင်းနှင့် တာဝန်ရှိသူများ၊ အလှူရှင်မိသားစုတို့ တက်ရောက်ကြသည်။

ရှေးဦးစွာ PT Power Trading Co.Ltd. မှ အလှူရှင်များက စေတနာသဒ္ဓါထက်သန်စွာဖြင့် အလှူငွေများကို ပေးအပ်လှူဒါန်းကြရာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာ ဇော်မြင့်မောင်က လက်ခံရယူ၍ (ဝဲပုံ)ကျေးဇူးတင်စကားပြောကြား၍ အလှူရှင်များအား ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်သည်။

ရခိုင်ပြည်နယ်မှ ပြည်သူများအား မြန်မာနိုင်ငံတစ်ဝန်းမှ ပြည်သူလူထုများ၊ အစိုးရအဖွဲ့များ၊ လူမှုရေးအသင်းအဖွဲ့များက စာနာကူညီမှုများ၊ အလှူငွေနှင့် စားသောက်ဖွယ်ရာများကို မိမိအစီအစဉ်ဖြင့်သော်လည်းကောင်း၊ ဆက်သွယ်ထောက်ပံ့ပေးလျက်ရှိပြီး မန္တလေးတိုင်းဒေသကြီးအနေဖြင့်လည်း စေတနာရှင် များက အစိုးရအဖွဲ့မှတစ်ဆင့် ဆက်သွယ် လှူဒါန်းမှုများကို သက်ဆိုင်ရာပြည်သူများ လက်ဝယ်သို့ရောက်ရှိစေရန် စီစဉ်ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**တင်မောင်(မန်းကိုယ်ပွား)**

# ရခိုင်ပြည်နယ်အတွင်း မိုးစပါးရိတ်သိမ်းခြွေလှေ့ခြင်းလုပ်ငန်းများ စက်မှုလယ်ယာဦးစီးဌာနမှ ဆောင်ရွက်လျက်ရှိ

**နေပြည်တော် ဒီဇင်ဘာ ၉**
ရခိုင်ပြည်နယ်အတွင်း အကြမ်းဖက်မှုဖြစ်စဉ်များကြောင့် စပါးရိတ်သိမ်းရန် အခက်အခဲဖြစ်နေသော မောင်တောမြို့နယ်ရှိ မြို့သူကြီး၊ အုန်းတော၊ ကံပူး၊ ကျောင်းတောင်၊ အလယ်သံကျော်၊ နွားရုံတောင်၊ ဝါးချ၊ သံဒါ၊ မြင်းလွှတ်၊ ကျီးကန်းပြင်၊ သီဟိုဠ်ကျွန်း၊ ဥဒေါင်း၊ လောင်းဒုံ၊ အောင်စစ်ပြင်၊ စပယ်ကုံး၊ သပြေတော၊ ဇော်မတက်၊ ဒိုးတန်း၊ ရွာသစ်ကေ၊ ကျောက်ပန္တု၊ တပ်ဦးချောင်း၊ ဒုချီးရားတန်း၊ သရေကုန်းတန်း၊ သဝန်ချောင်း၊ ငါးခူရကျေးရွာများတွင် စက်မှုလယ်ယာဦးစီးဌာနမှ ရိတ်သိမ်းခြွေလှေ့စက်ကြီးများဖြင့် မိုးစပါးများရိတ်သိမ်းလျက်ရှိရာ အောက်တိုဘာ ၂၆ ရက်မှ ဒီဇင်ဘာ ၇ ရက်ထိ စုစုပေါင်း ၆၀၀၅ ဧကကို ရိတ်သိမ်းပြီးဖြစ်သည်။

**စစ်တွေ**

ထို့အတူ စစ်တွေမြို့နယ်အတွင်းရှိ ချောင်းနွယ်၊ ပါတလိပ်၊ သင်္ဂနက်၊ ကြွိတဲ၊ ကံ့ကော်ကျွန်း၊ မင်းဂံ၊ နာရီကန်ကျေးရွာများတွင် စက်မှုလယ်ယာဦးစီးဌာနမှ ရိတ်သိမ်းခြွေလှေ့စက်ကြီးများဖြင့် မိုးစပါးများရိတ်သိမ်းလျက်ရှိရာ အောက်တိုဘာ ၃၀ ရက်မှ ဒီဇင်ဘာ ၇ ရက်ထိ စုစုပေါင်း ဧက ၄၁၀ ကို ရိတ်သိမ်းပြီး ဖြစ်သည်။

မြောက်ဦးမြို့နယ်အတွင်းရှိ ပြလှ၊ ဆင်ရိုးရှည်၊ မြက်ရိတ်ကျွန်း၊ ခွဆုံ၊ လေညှင်းသာ၊ ရတ်ချောင်း၊ အလယ်ဈေး၊ တိမ်ညိုကျေးရွာများတွင် စက်မှုလယ်ယာဦးစီးဌာနမှ ရိတ်သိမ်းခြွေလှေ့စက်ကြီးများဖြင့် မိုးစပါးများရိတ်သိမ်းလျက်ရှိရာ နိုဝင်ဘာ ၅ ရက်မှ ဒီဇင်ဘာ ၇ ရက်အထိ စုစုပေါင်း ၅၂၈ ဧကကို ရိတ်သိမ်းပြီး ဖြစ်သည်။

**မင်းပြား**

မင်းပြားမြို့နယ်အတွင်းရှိ ထောင်ရှည်၊ ကင်းဆိပ်၊ မော်ရွာ၊ ဖားပျော်၊ တောင်တိုက်၊ ငပုကွ၊ ဝင်းဇားကျေးရွာများနှင့် ဦးစိုးတင့်ရပ်ကွက်တွင် စက်မှုလယ်ယာ ဦးစီးဌာနမှ ရိတ်သိမ်းခြွေလှေ့စက်ကြီးများဖြင့် မိုးစပါးများရိတ်သိမ်းလျက်ရှိရာ နိုဝင်ဘာ ၇ ရက်မှ ဒီဇင်ဘာ ၇ ရက်အထိ စုစုပေါင်း ၂၆၉ ဧကကို ရိတ်သိမ်းပြီးဖြစ်သည်။

**ကျောက်တော်**

ကျောက်တော် မြို့နယ်အတွင်းရှိ ပုဏ္ဏား၊ လမ်းမတော်၊ ဒေါင်းတော်ယိုး၊ ကာဒီ၊ စဖိုသား၊ အပေါက်ဝ၊ ဂါပုကျေးရွာများတွင် စက်မှုလယ်ယာဦးစီးဌာနမှ ရိတ်သိမ်းခြွေလှေ့စက်ကြီးများဖြင့် မိုးစပါးများ ရိတ်သိမ်းလျက်ရှိရာ နိုဝင်ဘာ ၈ ရက်မှ ဒီဇင်ဘာ ၇ ရက်အထိ စုစုပေါင်း ၃၇၅ ဧကကို ရိတ်သိမ်းပြီးဖြစ်သည်။

**ရသေ့တောင်**

ရသေ့တောင် မြို့နယ်အတွင်းရှိ ချိန်ခါလိန်၊ ကိုးတန်ကောက်ကျေးရွာတွင် စက်မှုလယ်ယာဦးစီးဌာနမှ ရိတ်သိမ်းခြွေ လှေ့စက်ကြီးများဖြင့် မိုးစပါးများရိတ်သိမ်းလျက်ရှိရာ နိုဝင်ဘာ ၈ ရက်မှ ဒီဇင်ဘာ ၇ ရက်အထိ စုစုပေါင်း ၂၈၉ ဧကကို ရိတ်သိမ်းပြီးဖြစ်သည်။

**ဘူးသီးတောင်**

ဘူးသီးတောင် မြို့နယ်အတွင်းရှိ သပြုချောင်းကျေးရွာတွင် စက်မှုလယ်ယာဦးစီးဌာနမှ ရိတ်သိမ်းခြွေလှေ့စက်ကြီးများဖြင့် မိုးစပါးများ ရိတ်သိမ်းလျက်ရှိရာ နိုဝင်ဘာ ၁၀ ရက်မှ ဒီဇင်ဘာ ၇ ရက်အထိ စုစုပေါင်း ၉၆ ဧကကို ရိတ်သိမ်းပြီးဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**



မောင်တောမြို့နယ် အလယ်သံကျော်ကျေးရွာ၌ မိုးစပါးများကို ရိတ်သိမ်းခြွေလှေ့စက်ကြီးများအသုံးပြု၍ ရိတ်သိမ်းခြွေလှေ့နေမှုကို တွေ့ရစဉ်။

# ရခိုင်နွယ်ဖွား ဟာသမျက်လှည့်ပညာရှင် မစ္စတာ တော့(ပ်)၏ ကမ္ဘာ့အဆင့်မီ မျက်လှည့်ဖျော်ဖြေပွဲ ကျင်းပမည်

**စစ်တွေ ဒီဇင်ဘာ ၉**
ရခိုင်ပြည်နယ်အစိုးရအဖွဲ့၏ အထူးဖိတ်ကြားချက်အရ (၄၃) နှစ်မြောက် ရခိုင်ပြည်နယ်နေ့ အထိမ်းအမှတ်အခမ်းအနားကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် အထူးဂုဏ်ပြုအစီအစဉ် ရခိုင်နွယ်ဖွား ကမ္ဘာကျော် ဟာသမျက်လှည့်ပညာရှင် မစ္စတာ တော့(ပ်) နှင့် သား ဟယ်ရီတို့၏ ကမ္ဘာ့အဆင့်မီ မျက်လှည့်ဖျော်ဖြေသွားမည် ဖြစ်သည်။

အဆိုပါ ကြီးကျယ်ခမ်းနားသော ကမ္ဘာ့အဆင့်မီ မျက်လှည့် ပြပွဲကြီးကို ဒီဇင်ဘာ ၁၄ ရက် ညနေ ၈ နာရီမှ ၁၀ နာရီ အထိ စစ်တွေမြို့ ဓညဝတီအားကစားကွင်း၌ အခမဲ့ ဖျော်ဖြေသွားမည်ဖြစ်ကြောင်း သိရသည်။

“ရခိုင်ပြည်နယ်အတွင်း၌ မောင်တော၊ ဘူးသီးတောင်၊ ရသေ့တောင်မြို့နယ်များတွင် သြဂုတ် ၂၅ ရက် နံနက်ပိုင်းက ARSA အစွန်းရောက်အကြမ်းဖက်သမားများ၏ အကြမ်းဖက် တိုက်ခိုက်မှုများကြောင်း ရခိုင်ပြည်နယ်အတွင်းရှိ ဒေသခံတိုင်းရင်းသားပြည်သူများ၏ စိတ်ဓာတ်ကျဆင်းမှုတွေ ရှိပါတယ်။

“ဒီလို စိတ်ဓာတ်ကျဆင်းမှုတွေကို စိတ်ဓာတ်ခွန်အားမြှင့် တင်ပေးတဲ့အနေနဲ့ ရခိုင်ပြည်နယ်နေ့ အထိမ်းအမှတ် အခမ်းအနားတွင် ရခိုင်နွယ်ဖွား ကမ္ဘာကျော် ဟာသမျက်လှည့်ပညာရှင် မစ္စတာ တော့(ပ်) နှင့် သားဟယ်ရီတို့၏ ကမ္ဘာ့အဆင့်မီ မျက်လှည့်ဖျော်ဖြေပွဲကြီး ကျင်းပပေးတာကို အလွန်ဂုဏ်ယူ ပျော်ရွှင်မိပါကြောင်း ”ဟု ဒေသခံတိုင်းရင်းသား ဦးခင်မောင်ကျော်က ပြောသည်။ **ဝင်းမင်းစိုး(ပြန်/ဆက်)**

# အသက်မွေးဝမ်းကျောင်း အထောက်အကူပြုသင်တန်းဖွင့်

**ရန်ကုန် ဒီဇင်ဘာ ၉**
အသက်မွေးဝမ်းကျောင်း အထောက်အကူပြု (ဆိုင်ကယ်/စက်ပြင်)သင်တန်း အမှတ်စဉ် (၂/၂၀၁၇)ကို ဒီဇင်ဘာ ၈ ရက် နံနက် ၁၀ နာရီက ရခိုင်ပြည်နယ် ရသေ့တောင်မြို့နယ် လောင်းချောင်းကျေးရွာ ဘုန်းတော်ကြီးကျောင်း ဓမ္မာရုံ၌ ဖွင့်လှစ်သည်။

ရသေ့တောင်မြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်ခင်စောဝေက အမှာ စကားပြောကြားပြီး ရခိုင်ပြည်နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးဇေယျာဇော်မျိုးက သင်တန်းဖွင့်လှစ်ရခြင်း ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားသည်။ ရသေ့တောင်မြို့နယ် ကျေးလက် ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးထွန်းရန်နိုင်သူက မြို့နယ် အတွင်း အသက်မွေးဝမ်းကျောင်း သင်တန်းများ ဖွင့်လှစ်ထားရှိမှုနှင့် သင်တန်းဆင်းများ မိသားစုဝင်ငွေရရှိနေမှုနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။ (ဆိုင်ကယ်/ စက်ပြင်)သင်တန်းကို ကျေးလက်နေပြည်သူများ မိသားစုအထောက်အကူပြု နေ့စဉ်ဝင်ငွေရရှိစေ ရန်နှင့် လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်စေရန် စာတွေ့၊ လက်တွေ့ သင်ကြားပို့ချပေးခဲ့ပြီး သင်တန်းသား ၅၀ ဦး တက်ရောက်ကြသည်။ **သတင်းစဉ်**

# မြန်မာသမိုင်းအဖွဲ့ ဥပဒေကြမ်း

**ပြည်သူများ သိရှိလေ့လာအကြံပြုနိုင်ပါရန် ဖော်ပြခြင်းဖြစ်ပါသည်။ အကြံပြုစာများကို ပြည်ထောင်စုလွှတ်တော်ရုံးသို့ လိပ်မူပေးပို့နိုင်ပါသည်။**

**( ၂၀၁၇ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ။ )**

**ခုနှစ်၊ လဆန်း ရက်**

**( ခုနှစ်၊ လ ရက် )**

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

**အခန်း (၁)**

**အမည်နှင့် အဓိပ္ပာယ်ဖော်ပြချက်**

၁။ ဤဥပဒေကို မြန်မာသမိုင်းအဖွဲ့ဥပဒေဟု ခေါ်တွင်စေရမည်။

၂။ ဤဥပဒေတွင် ပါဝင်သော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ် သက်ရောက်စေရမည်-

(က) **အစိုးရအဖွဲ့** ဆိုသည်မှာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပြည်ထောင်စုအစိုးရအဖွဲ့ကို ဆိုသည်။

(ခ) **အဖွဲ့** ဆိုသည်မှာ ဤဥပဒေအရ ဖွဲ့စည်းထားသော မြန်မာသမိုင်းအဖွဲ့ကို ဆိုသည်။

(ဂ) **ဝန်ကြီးဌာန** ဆိုသည်မှာ ပြည်ထောင်စုအစိုးရ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနကို ဆိုသည်။

(ဃ) **ဦးစီးဌာန** ဆိုသည်မှာ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန၊ သမိုင်းသုတေသနနှင့် အမျိုးသားစာကြည့်တိုက်ဦးစီးဌာနကို ဆိုသည်။

**အခန်း (၂)**

**ရည်ရွယ်ချက်များ**

၃။ ဤဥပဒေ၏ ရည်ရွယ်ချက်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) မြန်မာသမိုင်းကို အထောက်အထားခိုင်မာစွာ စနစ်တကျဖော်ထုတ်ပြုစုရန်၊

(ခ) မြန်မာသမိုင်းဆိုင်ရာ အထောက်အထားများကို ပြည်တွင်း၊ ပြည်ပမှ ရှာဖွေစုဆောင်းရန်၊

(ဂ) ရှာဖွေစုဆောင်းရရှိပြီးသော အထောက်အထားများကို အခြေခံ၍ မြန်မာသမိုင်းကို သုတေသနပြုရန်၊

(ဃ) သုတေသနပြုတွေ့ရှိချက်များကို အခြေခံ၍ ခေတ်အပိုင်းအခြားအလိုက် မြန်မာသမိုင်းကို ပြုစုရန်၊

(င) မြန်မာသမိုင်းနှင့် ဆက်နွှယ်သော ဌာန၊ အဖွဲ့အစည်း၊ ပုဂ္ဂိုလ်များထံမှ လိုအပ်သော အကူအညီရယူရန်၊

(စ) မြန်မာသမိုင်းနှင့် သက်ဆိုင်သော ကျမ်း၊ စာအုပ်၊ စာစောင်နှင့် စာတမ်းများကို ပြုစုထုတ်ဝေရန်၊

(ဆ) သမိုင်းပညာရှင်များ ပေါ်ထွန်းရေးအတွက် လေ့ကျင့်ပျိုးထောင်ပေးရန်။

**အခန်း (၃)**

**ဖွဲ့စည်းခြင်း**

၄။ ဝန်ကြီးဌာနသည် အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့်

(က) အဖွဲ့ကို မြန်မာသမိုင်းဆိုင်ရာ ကျွမ်းကျင်သူများ၊ အသိပညာရှင်များ၊ သုတေသီများ၊ ဦးစီးဌာနမှ တာဝန်ရှိသူများနှင့် ဆက်စပ်အဖွဲ့အစည်းများမှ တာဝန်ရှိသူများ စုစုပေါင်း ၂၀ ဦးထက်မပိုသော ပုဂ္ဂိုလ်များပါဝင်သည့် မြန်မာသမိုင်းအဖွဲ့ ဖွဲ့စည်းရမည်။

(ခ) ပုဒ်မခွဲ(က)အရ ဖွဲ့စည်းရာတွင် အဖွဲ့၏ ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌနှင့် အတွင်းရေးမှူးတို့ကို တစ်ပါတည်း သတ်မှတ်ပေးရမည်။

(ဂ) ပုဒ်မခွဲ (က) အရ ဖွဲ့စည်းထားသောအဖွဲ့ကို လိုအပ်သလို ပြင်ဆင်ဖွဲ့စည်းနိုင်သည်။

**အခန်း (၄)**

**အဖွဲ့၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များ**

၅။ အဖွဲ့၏ တာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) အစိုးရအဖွဲ့ကို တာဝန်ခံခြင်း၊

(ခ) မြန်မာနိုင်ငံသမိုင်းကို စနစ်တကျ ဖော်ထုတ်ပြုစုရာ၌ ပံ့ပိုးကူညီ ဖြည့်ဆည်းခြင်း၊

(ဂ) သမိုင်းသုတေသီများပေါ်ထွန်းစေရန် လေ့ကျင့်ပေးခြင်းနှင့် လုပ်ငန်းများ ပူးပေါင်းဆောင်ရွက်ခြင်း၊

(ဃ) မြန်မာသမိုင်းဆိုင်ရာ အချက်အလက်များ၊ အထောက်အထားများကို ရှာဖွေရရှိစေရန်ပံ့ပိုးခြင်း၊

(င) မြန်မာသမိုင်းဆိုင်ရာ စာမူ၊ စာအုပ်နှင့်အထောက်အထားများကို ခေတ်မီနည်းစနစ်များဖြင့် ထိန်းသိမ်းထားရှိခြင်း၊

(စ) တက္ကသိုလ်သမိုင်းဌာနများနှင့် အခြားဝန်ကြီးဌာနအသီးသီးမှ လိုအပ်သော သမိုင်းသုတေသနဆိုင်ရာ အကူအညီများပေးခြင်း၊

(ဆ) အစိုးရအဖွဲ့နှင့် ဝန်ကြီးဌာနက ပေးအပ်သည့် မြန်မာသမိုင်းဆိုင်ရာ တာဝန်များကို ဆောင်ရွက်ခြင်း။

၆။ အဖွဲ့၏ လုပ်ပိုင်ခွင့်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) လိုအပ်သော အဖွဲ့ခွဲများကို ဝန်ကြီးဌာန၏ သဘောတူညီချက်ဖြင့် ဖွဲ့စည်းဆောင်ရွက်ခြင်း၊

(ခ) အစိုးရဌာန၊ အစိုးရအဖွဲ့အစည်း၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများနှင့် ပြင်ပပုဂ္ဂိုလ်များထံမှ အကူအညီကို ဝန်ကြီးဌာနမှ တစ်ဆင့်ရယူခြင်း၊

(ဂ) စာမူ၊ စာအုပ်နှင့် အထောက်အထားများကို ပြည်တွင်းပြည်ပမှ ဝယ်ယူခြင်း၊ ငှားရမ်းခြင်းနှင့် လက်ခံရယူခြင်းတို့ကို ဆောင်ရွက်ရာတွင် ဦးစီးဌာနနှင့် ပူးပေါင်းဆောင်ရွက်ခြင်း၊

(ဃ) လုပ်ငန်းများအကောင်အထည်ဖော်ရာ၌ ဦးစီးဌာန၏ ပံ့ပိုးကူညီမှုရယူခြင်း၊

**အခန်း (၅)**

**အထွေထွေ**

၇။ ဦးစီးဌာနသည် အဖွဲ့၏ ရုံးလုပ်ငန်းများကို တာဝန်ယူဆောင်ရွက်ပေးရမည်။

၈။ နိုင်ငံ့ဝန်ထမ်းမဟုတ်သော အဖွဲ့ဝင်များသည် ဝန်ကြီးဌာနက သတ်မှတ်ခွင့်ပြုသော ချီးမြှင့်ငွေနှင့် စရိတ်တို့ကို ခံစားခွင့်ရှိသည်။

၉။ အဖွဲ့၏ အသုံးစရိတ်ကို ဦးစီးဌာနက ကျခံရမည်။

၁၀။ အဖွဲ့၏ ရငွေနှင့် သုံးငွေများကို ဘဏ္ဍာရေးစည်းမျဉ်းစည်းကမ်းနှင့်အညီ ထားရှိဆောင်ရွက်ရမည်။

၁၁။ မြန်မာသမိုင်းအဖွဲ့ဥပဒေ (နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ ဥပဒေအမှတ် ၁၂/ ၉၁)အရ ထုတ်ပြန်ခဲ့သည့် အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကို ဤဥပဒေနှင့်မဆန့်ကျင်သရွေ့ ကျင့်သုံးနိုင်သည်။

၁၂။ ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော် ဆောင်ရွက်ရာတွင်-

(က) ဝန်ကြီးဌာနသည် နည်းဥပဒေများ၊ စည်းမျဉ်းစည်းကမ်းများကို အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ထုတ်ပြန်နိုင်သည်။

(ခ) ဝန်ကြီးဌာနသည် အမိန့်ကြော်ငြာစာ၊ အမိန့်ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကိုလည်းကောင်း၊ အဖွဲ့သည် အမိန့်နှင့်ညွှန်ကြားချက်များကို ဝန်ကြီးဌာန၏ သဘောတူညီချက်ဖြင့်လည်းကောင်း ထုတ်ပြန်နိုင်သည်။

၁၃။ မြန်မာသမိုင်းအဖွဲ့ဥပဒေ (နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ ဥပဒေအမှတ် ၁၂ / ၉၁) ကို ဤဥပဒေဖြင့် ရုပ်သိမ်းလိုက်သည်။

---

# ကယားပြည်နယ် ဘောလခဲမြို့တွင် ကလေးစာပေပွဲတော် စည်ကားသိုက်မြိုက်စွာကျင်းပ



**လွိုင်ကော် ဒီဇင်ဘာ ၉**

ကယားပြည်နယ် အစိုးရအဖွဲ့က ကြီးမှူး၍ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ ပူးပေါင်းကျင်းပသော ကလေးစာပေပွဲတော်ကို ဒီဇင်ဘာ ၉ ရက် နံနက် ၉ နာရီက ဘောလခဲမြို့ စောလဖော်ခန်းမ၌ ကျင်းပရာ အခမ်းအနားတွင် ပြည်နယ်ဝန်ကြီးချုပ် ဦးအယ်လ်ဖောင်းရှို၊ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဦးလုထွေး၊ ပြည်နယ်စည်ပင်သာယာရေးနှင့် လူမှုရေးဝန်ကြီး ဒေါက်တာ အောင်ကျော်ဌေးနှင့် ဘောလခဲမြို့ ထူးချွန်ကျောင်းသား ကျောင်းသူသုံးဦးတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။

ဆက်လက်၍ ဘောလခဲ (အ.ထ.က) ကျောင်းသား ကျောင်းသူများက ကလေးစာပေပွဲတော် Team Songနှင့် မြန်မာ့ကျောင်းသီချင်းတို့ဖြင့် သီဆို၍ အခမ်းအနားကို ဖွင့်လှစ်ပေးသည်။ ပြည်နယ်ဝန်ကြီးချုပ် ဦးအယ်လ်ဖောင်းရှိုက အမှာစကားပြောကြားသည်။

ဆက်လက်၍ ဘောလခဲခရိုင်အတွင်းရှိ မြို့နယ် သုံးမြို့နယ်မှ ကျောင်းသား ကျောင်းသူများ ဖတ်ရှုလေ့လာရန် လိုအပ်သော စာအုပ်စာစောင်များ ဝယ်ယူရေးအတွက် စာအုပ်ထောက်ပံ့ငွေများကို ပြည်နယ်ဝန်ကြီးချုပ်၊ လွှတ်တော်ဥက္ကဋ္ဌနှင့် စည်ပင်သာယာရေးနှင့် လူမှုရေးဝန်ကြီးတို့က လည်းကောင်း၊ တာဝန်ရှိသူများထံ အသီးသီးပေးအပ်ကြသည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌနှင့် ပြည်နယ်အစိုးရအဖွဲ့ဝင်ဝန်ကြီးများက ကျောင်းသား ကျောင်းသူများအား အမှတ်တရလက်ဆောင်ပစ္စည်းများ ပေးအပ်ပြီး ကလေးစာပေပြပွဲနှင့် စာအုပ်ဈေးရောင်းပွဲတော်ကို လှည့်လည်ကြည့်ရှုအားပေးကြသည်။ **(ဓာတ်ပုံ)**

အဆိုပါ ကလေးစာပေပွဲတော်တွင် ဘောလခဲမြို့နယ်၊ မယ်စဲ့မြို့နယ်၊ ဖားဆောင်းမြို့နယ်မှ ကျောင်းသား ကျောင်းသူပေါင်း ၁၂၅၀ ပါဝင်ဆင်နွှဲကြပြီး ပုံပြောပြိုင်ပွဲ၊ ဆေးရောင်ခြယ်ပြိုင်ပွဲ၊ ပုဖောင်းညှပ်ပြိုင်ပွဲ၊ ဖိနပ်စီးပြိုင်ပွဲ၊ ခွက်နင်းပြိုင်ပွဲ၊ အရုပ်ဆက်ပြိုင်ပွဲ၊ စကားပုံဆက်ပြိုင်ပွဲ၊ ကလေးစာပေပြပွဲ၊ စာအုပ်ရောင်းပွဲနှင့် စာပေဟောပြောပွဲများကို နံနက် ၉ နာရီမှ ညနေ ၄ နာရီအထိ စည်ကားသိုက်မြိုက်စွာ ကျင်းပခဲ့ကြောင်း သိရှိရသည်။

**ပြည်နယ်(ပြန်/ဆက်)**

---

# လူထုငြိမ်းချမ်းရေးလှုပ်ရှားမှု ရက်သတ္တပတ် လူထုငြိမ်းချမ်းရေးဟောပြောပွဲနှင့် ငြိမ်းချမ်းရေးဂီတ ဖျော်ဖြေပွဲကျင်းပ

**ထားဝယ် ဒီဇင်ဘာ ၉**

ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များတွင် ပြည်သူများပါဝင်မှု အရေးကြီးကြောင်း သိရှိစေရေးနှင့် ပြည်သူများ ပူးပေါင်းပါဝင်နိုင်ရေးအတွက်ရည်ရွယ်၍ လူထုငြိမ်းချမ်းရေးလှုပ်ရှားမှု ရက်သတ္တပတ် လူထုငြိမ်းချမ်းရေးဟောပြောပွဲနှင့် ငြိမ်းချမ်းရေးဂီတ ဖျော်ဖြေပွဲအခမ်းအနားကို ဒီဇင်ဘာ ၈ ရက် ည ၇ နာရီက တနင်္သာရီတိုင်းဒေသကြီး ထားဝယ်မြို့ အမှတ်(၁) အခြေခံပညာအထက်တန်း ကျောင်းရှေ့မြက်ခင်းပြင်၌ ကျင်းပသည်။

အခမ်းအနားတွင် ကျောင်းသား ကျောင်းသူ ဘင်ခရာအဖွဲ့က ဖျော်ဖြေပြီး တက်ရောက်လာသော တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ ဦးခင်မောင်အေး၊ တိုင်းဒေသကြီး စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီး ဦးမြင့်စန်း၊ ၈၈ မျိုးဆက် (ငြိမ်းချမ်းရေးနှင့်ပွင့်လင်းလူ့အဖွဲ့အစည်း)မှ ဦးမင်းကိုနိုင်၊ ဦးဂျင်မီနှင့် အဖွဲ့ဝင်များက ငြိမ်းချမ်းရေးမီးပုံးပျံ ၅၀ အား လွှတ်တင်ကာ၊ တေးသံရှင် ဘယ်ဝါ၊ ကာကာ၊ ဘိုဘိုထွဋ်နှင့် ဒေသခံအဆိုတော်များက ငြိမ်းချမ်းရေးတေးသံသာများဖြင့် ဖျော်ဖြေကြသည်။

ယင်းနောက် Mezzo တေးဂီတအဖွဲ့နှင့်အတူ “စည်းလုံးခြင်းသည်အင်အား” သီချင်းဖြင့် သီဆိုဖျော်ဖြေပြီး မစုစုလှိုင် (ကံပေါက်)က ငြိမ်းချမ်းရေးကဗျာအား ရွတ်ဆိုသည်။





ထို့နောက် ၈၈ မျိုးဆက် (ငြိမ်းချမ်းရေးနှင့်ပွင့်လင်းလူ့အဖွဲ့အစည်း)မှ ဦးဂျင်မီနှင့် ဦးမင်းကိုနိုင်တို့က ဟောပြောကြသည်။ **(အပေါ်ပုံ)**

ဟောပြောပွဲသို့ တိုင်းဒေသကြီး လွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးကြည်စိုး၊ ထားဝယ်မြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအောင်စိန်၊ ကျောင်းသား ကျောင်းသူများ၊ ဒေသခံပြည်သူ ၂၅၀ ခန့် တက်ရောက်ကြသည်။

**ခရိုင်(ပြန်/ဆက်)**

## ဘိန်းဖြူ၊ ဘိန်းစိမ်း၊ ဆေးခြောက်နှင့် စိတ်ကြွရူးသွပ်ဆေးပြားများ ဖမ်းဆီးရမိ

**နေပြည်တော် ဒီဇင်ဘာ ၉**

မူးယစ်တပ်ဖွဲ့စု(၂၅) တောင်ကြီးမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဒီဇင်ဘာ ၈ ရက် ည ၁၁ နာရီက ကလောမြို့အထွက် သာစည်ပူးပေါင်းစစ်ဆေးရေးစခန်း၌ ခရီးသည်တင် မှန်လုံမော်တော်ယာဉ်ကို ရှာဖွေရာ ခရီးသည် သက်နိုင်ထွန်း(ခ)ရဲလေး၏ ခရီးဆောင်အိတ်အတွင်းမှ ဆေးခြောက်ဘလောက်တုံး ၁၀ ဒသမ ၅ ကီလို၊ နိုင်ဦး(ခ)အောင်ထွန်း၏ ကျောပိုးအိတ်အတွင်းမှ ဆေးခြောက်ဘလောက်တုံး ၄ ဒသမ ၅ ကီလိုနှင့် စိတ်ကြွရူးသွပ်ဆေးပြား ၁၁၈၀၀ တို့ကို လည်းကောင်း၊ သန့်ဇော်လင်း၏ ကျောပိုးအိတ်အတွင်းမှ ဘိန်းစိမ်း ကိုးကီလိုနှင့် ရှိန်းထက်အောင်၏ ကျောပိုးအိတ်အတွင်းမှ ဘိန်းစိမ်း ၁၂ ကီလိုတို့ကို ဖမ်းဆီးရမိသည်။

ထို့အတူ မူးယစ်တပ်ဖွဲ့စု(၂၂) မူဆယ်မှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် ကွတ်ခိုင်မြို့နယ် ခိုလုံကျေးရွာအဝင် ယူကလစ်တောအနီး၌ ရော်ကျိန်းစိမ်း(ခ)အားစိမ်း မောင်းနှင်ပြီး ကျော်ရင်ဖန်(ခ)ခင်မောင်လု လိုက်ပါလာသည့် မော်တော်ယာဉ်ကို ရှာဖွေရာ ဘိန်းစိမ်း ကိုးကီလို၊ စိတ်ကြွရူးသွပ်ဆေးပြား ၁၅၅၅၀ တို့ကို သိမ်းဆည်းရမိခဲ့ပြီး ကွင်းဆက်အရ ရော်ကျိန်းစိမ်း(ခ)အားစိမ်း နေထိုင်သည့်အခန်းကို ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၁၇၁၀၀ ကို လည်းကောင်း။

အလားတူ ဒီဇင်ဘာ ၈ ရက် နံနက် ၄ နာရီက ငါးအိုး ရဲကင်းစခန်းမှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် မဘိမ်းမြို့နယ် မဘိမ်း-ငါးအိုးကားလမ်းတွင် လာလေး မောင်းနှင်လာသည့် မော်တော်ဆိုင်ကယ်ကို ရှာဖွေရာ ဘိန်းဖြူဆပ်ပြာခွက် ရှစ်ခွက် (ဘိန်းဖြူအလေးချိန် ၈၀ ဂရမ်)နှင့် စိတ်ကြွရူးသွပ်ဆေးပြား ၁၀၀၀ တို့ကို သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သိရသည်။

**ကိုရဲ**



သက်နိုင်ထွန်း(ခ)ရဲလေး၊ နိုင်ဦး(ခ)အောင်ထွန်း၊ သန့်ဇော်လင်းနှင့် ရှိန်းထက်အောင်တို့အား ဖမ်းဆီးရမိ မူးယစ်ဆေးဝါးများနှင့်အတူ တွေ့ရစဉ်။

## ခရီးသည်တင်ယာဉ်ဖြင့် သယ်ဆောင်လာသော တရားမဝင်ဆေးဝါးများ ဖမ်းမိ

**မန္တလေး ဒီဇင်ဘာ ၉**

စည်ပင်သာယာရဲတပ်ဖွဲ့(မန္တလေး)မှ တပ်ဖွဲ့ဝင်များ၊ အောင်မြေသာစံ မြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များ၊ အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာနမှ တာဝန်ရှိသူများနှင့် စည်ပင်အခွန်ဌာနမှ တာဝန်ရှိသူများပါဝင်သည့် ပူးပေါင်းအဖွဲ့သည် ဒီဇင်ဘာ ၈ ရက် နံနက် ၅ နာရီခွဲက ယာဉ်မောင်း ကြည်ဦး (၃၁ နှစ်) ချမ်းမြေအောင်စည်ရပ်ကွက် ကလေးမြို့နေသူ မောင်းနှင်ပြီး ယာဉ်နောက်လိုက် ဇော်ဌေး (၃၁ နှစ်) ကလေးမြို့နေသူ လိုက်ပါလာသည့် ကလေး-မန္တလေးပြေးဆွဲသည့် 8H/----- မှန်လုံယာဉ်ကို ရှာဖွေစစ်ဆေးခဲ့သည်။

ယင်းသို့ ရှာဖွေရာ ယာဉ်နောက်ဘက် ခရီးသည်ထိုင်ခုံများကြား၌ မြန်မာနိုင်ငံဆေးဝါးမှတ်ပုံတင် အမှတ်မပါရှိသော နိုင်ငံခြားဆေးဝါး ၂၀ မျိုးထည့်ထားသည့် စက္ကူဖာ ၉၂ ဖာ(ခန့်မှန်းတန်ဖိုး ငွေကျပ် ၄၀၄ ဒသမ ၆ သိန်း)ကို ရှာဖွေတွေ့ရှိ သိမ်းဆည်းရမိသဖြင့် ကြည်ဦးနှင့် ဇော်ဌေးတို့ နှစ်ဦးအား အောင်မြေသာစံ မြို့မရဲစခန်းက အမှုဖွင့် စစ်ဆေးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**အောင်စံမောင်**

## ချုံပေါ်၌ သေဆုံးနေသော မွေးကင်းစ ကလေးအလောင်းတွေ့ရှိ

**လွိုင်ကော် ဒီဇင်ဘာ ၉**

ကယားပြည်နယ် လွိုင်ကော်မြို့ မင်းစုရပ်ကွက် မင်းကျောင်းဘုန်းကြီးကျောင်းရှေ့ နဂါးရုံဘုရား မြောက်ဘက် လူသွားလမ်းဘေးရှိ ချုံပုတ်ပေါ်၌ ဒီဇင်ဘာ ၈ ရက် မွန်းလွဲ ၂ နာရီက သေဆုံးနေသော မွေးကင်းစကလေးငယ် အလောင်းတစ်လောင်းကို စွန့်ပစ်ထားကြောင်း သတင်းအရ ရဲအုပ်ဝင်းနိုင်ဦးနှင့် တပ်ဖွဲ့ဝင်များ သွားရောက်စစ်ဆေးရာ နဂါးရုံဘုရားမြောက်ဘက် လူသွားလမ်းဘေးရှိ ချုံပုတ်ပေါ်၌ တီရှပ်အဖြူဖြင့် ထုပ်ထားသည့် လတ်တလော မွေးပြီးခါစ ယောကျ်ားလေး အလောင်းတစ်လောင်းကို တွေ့ရှိရသည်။

အနီးပတ်ဝန်းကျင်ကို စုံစမ်းမေးမြန်းရာ မည်သူမည်ဝါ၏ ကလေးဖြစ်ကြောင်း မသိရှိရ၍ မွေးကင်းစကလေးအလောင်း တိတ်တဆိတ်ဖျောက်ဖျက်ခဲ့သူအား လွိုင်ကော် မြို့မရဲစခန်းက အမှုဖွင့် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ကိုစိုင်း(လွိုင်ကော်)**

## မြင်းခြံမြို့၌ ငွေကြေးလိမ်လည်ကောက်ခံသူ ကျူရှင်ဆရာတစ်ဦးအား အမှုဖွင့်အရေးယူ

**မြင်းခြံ ဒီဇင်ဘာ ၉**

ဘာသာရေး အကြောင်းပြကာ ငွေကြေးလိမ်လည်ကောက်ခံသူ ကျူရှင်ဆရာတစ်ဦးအား ဒီဇင်ဘာ ၈ ရက် နံနက်ပိုင်းတွင် မြင်းခြံမြို့ အမှတ် ၆ ရပ်ကွက်နေ ဦးသန့်ဇင်က တိုင်ကြားရာ ငွေကြေးလိမ်လည်သူအား မြင်းခြံမြို့မရဲစခန်းက ဖမ်းဆီးအရေးယူခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ကျူရှင်ဆရာ ဦးဝင်းမင်းသန့်(ခ) ဦးသန့်က စက်တင်ဘာ ၁၁ ရက်က ဦးသန့်ဇင်အား ငါးထပ်ကြီးဘုန်းကြီးကျောင်းသို့ လာရောက်ရန် ဖုန်းဆက်ခေါ်ဆောင်ပြီး ဦးဝင်းမင်းသန့်က ၎င်းသည် DSA ဗိုလ်သင်တန်းကျောင်းမှ ပြုတ်လာသူဖြစ်ပြီး သင်တန်းအပတ်စဉ်တူ လူဦးရေ ၃၀၀၀ ခန့်ရှိကြောင်း၊ ၎င်းတို့က တစ်လလျှင် ငွေကျပ်ငါးသောင်းနှုန်းဖြင့် သုံးလစာ ငွေကျပ် ၁၅၀,၀၀၀ ခန့် လှူဒါန်းရာ ၎င်းတွင် ငွေကျပ်သိန်း ၄၀၀၀ ရှိကြောင်း စသည်ဖြင့် ယုံကြည်အောင် ပြောဆိုပြီး ရှင်အဇ္ဇဂေါနဆင်းရဲမွဲတေမှု ပပျောက်ရေးအသင်းသို့ ဝင်လျှင် အသင်းဝင်ကြေး ငွေကျပ် ၃၅,၀၀၀ အရင်ပေးသွင်းရကာ အသင်းသို့ ငွေပေးသွင်းသူတိုင်းကို ပထမလ ငွေကျပ် ငါးထောင်၊ ဒုတိယလ ငွေကျပ် တစ်သိန်း၊ တတိယလ ငွေကျပ် နှစ်သိန်း စုစုပေါင်းသုံးလစာ ငွေကျပ်သုံးသိန်း ငါးထောင် ထုတ်ပေးမည်ဟု ဝတ်ဖြူစင်ကြယ်ဝတ်ဆင်ကာ ဘာသာရေး အကြောင်းပြလျက် ယုံကြည်လောက်အောင် ပြောဆိုခဲ့ကြောင်း၊ ဦးသန့်ဇင်က ၂၀၁၇ ခုနှစ် စက်တင်ဘာ ၁၀ ရက်တွင် ၁၀ ဦးစာ ငွေကျပ် ၃၅၀,၀၀၀၊ အောက်တိုဘာ ၁၀ ရက်တွင် ၄၀ စာ ငွေကျပ် ၁,၄၀၀,၀၀၀၊ ကုန်ပစ္စည်း တန်ကြေးငွေကျပ် ၂၇၀,၀၀၀ စုစုပေါင်း ငွေကျပ်သိန်း ၂၀ ဝန်းကျင်ဖိုး ပေးထားခဲ့ကြောင်း၊ ထိုသို့ ပေးအပ်ခဲ့သော်လည်း နိုဝင်ဘာ ၁၀ ရက်တွင် ထုတ်ပေးရမည့် ငွေကြေးများအား ထုတ်ပေးခြင်းမရှိဘဲ လိမ်လည်ရယူသွားသဖြင့် တိုင်ကြားခဲ့ကြောင်း မှုခင်းမှတ်တမ်းအရ သိရှိရသည်။

ဘာသာရေးကို အသုံးချကာ ငွေကြေးလိမ်လည်သူ ကျူရှင်ဆရာ ဦးဝင်းမင်းသန့်(ခ)ဦးသန့်အား မြင်းခြံမြို့မရဲစခန်းက အမှုဖွင့် အရေးယူစစ်ဆေးလျက်ရှိကြောင်း သိရှိရသည်။

**ဘိုဘို(မလှိုင်)**

## ဂွမြို့နယ်၌ စက်လှေနှစ်စင်းတိုက်မိပြီး ကလေးငယ်တစ်ဦး ပျောက်ဆုံးလျက်ရှိ

**ဂွ ဒီဇင်ဘာ ၉**

သံတွဲခရိုင် ဂွမြို့နယ်၌ ဟွန်ဒါစက်လှေနှစ်စင်း တိုက်မိရာမှ စက်လှေပေါ်၌ လိုက်ပါလာသူ လေးနှစ် အရွယ်ကလေးငယ်တစ်ဦး ပျောက်ဆုံးလျက်ရှိကြောင်း သိရသည်။

ဖြစ်စဉ်မှာ ဒီဇင်ဘာ ၈ ရက် ညနေ ၆ နာရီခွဲက ဂွမြို့နယ် ခနိကျေးရွာအုပ်စု သစ်ကောက်ချောင်းဝအနီး၌ သရက်ပင်ကျေးရွာနေ ဦးဆန်းထွန်းဦး မောင်းနှင်လာသော ဟွန်ဒါစက်လှေနှင့် မကျေးငူကျေးရွာအုပ်စု ဒွဲချောင်းကျေးရွာနေ ဦးသူတော် မောင်းနှင်လာသည့် ဟွန်ဒါစက်လှေတို့ တိုက်မိရာ ဦးသူတော် မောင်းနှင်သည့် စက်လှေပေါ်တွင် စီးနင်းလိုက်ပါလာသူ မောင်အောင်ပြည့်စုံ ဒွဲချောင်းကျေးရွာနေသူမှာ ပျောက်ဆုံးလျက်ရှိသဖြင့် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးနှင့် အဖွဲ့က ရှာဖွေလျက်ရှိကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

## မူဆယ်ခရိုင် ကွတ်ခိုင်မြို့နယ်အတွင်း တရားမဝင်သစ်များ တင်ဆောင်လာသောယာဉ်တစ်စီး ဖမ်းဆီးရမိ

**မူဆယ် ဒီဇင်ဘာ ၉**

ရှမ်းပြည်နယ်မြောက်ပိုင်း မူဆယ်ခရိုင် ကွတ်ခိုင်မြို့နယ်အတွင်း ဒီဇင်ဘာ ၉ ရက် နံနက် ၁၀ နာရီခွဲခန့်က ကွတ်ခိုင်တိုးဂိတ်အနီး၌ တရားမဝင်သစ်များ တင်ဆောင်မောင်းနှင်လာသော ၁၈ ဘီးတွဲယာဉ်တစ်စီး ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

ကွတ်ခိုင်မြို့နယ် သစ်တောဦးစီးဌာနမှ သစ်တောဝန်ထမ်းများနှင့် ပူးပေါင်းအဖွဲ့သည် ဒီဇင်ဘာ ၉ ရက် နံနက် ၁၀ နာရီခွဲခန့်တွင် မူဆယ်မြို့နယ် အိုရီယင်တယ်တိုးဂိတ်၌ ရှောင်တခင်စစ်ဆေးခြင်းများ ဆောင်ရွက်နေစဉ် ယာဉ်အမှတ် MDY/ 5I----- ၁၈ ဘီးတွဲယာဉ်အား ရပ်တန့်စစ်ဆေးခဲ့ရာ ယာဉ်ပေါ်တွင် တရားမဝင် ပိတောက်ခေါင်းရှေ့တုံးများ (ခန့်မှန်း ခုနစ်တန်ခန့်) ကို စစ်ဆေးတွေ့ရှိခဲ့သဖြင့် ယာဉ်မောင်း ဦးမြင့်ကျော်ဦးနှင့် ယာဉ်နောက်လိုက် ဦးပြည်ဖြိုးအောင်တို့အား သက်ဆိုင်ရာ ရဲစခန်းက အမှုဖွင့်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။



**သတင်းနှင့်ဓာတ်ပုံ-သန့်ဇင်(မူဆယ်)**

## အိမ်စီးမော်တော်ယာဉ်ငယ်ဖြင့် တရားမဝင်သစ် သယ်ဆောင်လာသူ သုံးဦးအား ဖမ်းဆီးရမိ

**နေပြည်တော် ဒီဇင်ဘာ ၉**

နေပြည်တော် ဇမ္ဗူသီရိမြို့နယ် သုခသိဒ္ဓိရပ်ကွက်အတွင်း၌ အိမ်စီးမှန်လုံယာဉ်ငယ်ဖြင့် တရားမဝင်သစ် သယ်ဆောင်လာသူများအား ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

အမှတ်-၉ နယ်မြေရဲတပ်ဖွဲ့စခန်းမှူး ရဲအုပ် ကျော်ခိုင်နှင့် အဖွဲ့သည် ဒီဇင်ဘာ ၆ ရက် နံနက် ၆ နာရီခွဲကနယ်မြေအတွင်း လှည့်ကင်းဆောင်ရွက်စဉ် ပညာရေးအိမ်ရာအနီး အောင်မြေသာစံလမ်းနှင့် (V-4) လမ်းဆုံ၌ ယာဉ်မောင်း လှိုင်မင်းသန်း(ခ) အငယ်လေး(၁၉ နှစ်) လယ်ဝေးမြို့နေသူနှင့် ယာဉ်နောက်လိုက် ကိုမြင့်(၄၃ နှစ်) လယ်ဝေးမြို့နေသူတို့ မောင်းနှင်လာသော YGN-7D/-----အိမ်စီးယာဉ်ငယ်ကို ရပ်တန့်ရှာဖွေ စစ်ဆေးရာ စုစုပေါင်း ကျွန်းသစ်တုံး ၁၀၀ (၀ ဒသမ ၉၃၇၈ တန်)အား ယာဉ်ပေါ်တွင် တွေ့ရှိရပြီး ၎င်းတို့အား ဆက်လက်စစ်ဆေးရာ ယာဉ်ပိုင်ရှင်မှာ ဦးကျော်ကျော်(၄၁ နှစ်) ဝက်ပုပ်ရွာ လယ်ဝေးမြို့နေသူဖြစ်ကြောင်း သိရသည်။

အဆိုပါ တရားမဝင်သစ်ပိုင်ရှင် ဖြစ်သူ ကိုမင်းမင်း မောင်းရမ်းရွာ ဥတ္တရသီရိမြို့နေသူမှာ ထွက်ပြေးတိမ်းရှောင်နေသဖြင့် ဆက်လက်စုံစမ်း ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ကိုပေါက်(ဥက္ကာမြေ)**



## ရေပူ ပူးပေါင်းစစ်ဆေးရေးအဖွဲ့က စာရွက်စာတမ်းတင်ပြနိုင်ခြင်းမရှိသည့် ပိတောက်ခေါင်းရှေ့တုံးများ ဖမ်းမိ

**နေပြည်တော် ဒီဇင်ဘာ ၉**

တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးအတွက် ရေပူနှင့် မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းတို့အား ဌာနဆိုင်ရာ ပူးပေါင်းအဖွဲ့များဖြင့် မတ် ၁ ရက်က စတင်ဖွင့်လှစ်ဆောင်ရွက်ခဲ့ပြီး ဒီဇင်ဘာ ၈ ရက်တွင် မန္တလေး-မူဆယ် ပြည်ထောင်စုလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၉၉၆ စီး၊ သွင်းကုန် ၁၀၄၉ စီး၊ ရန်ကုန်-မြဝတီ လမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် အစီး ၅၀၊ သွင်းကုန် ၁၄၅ စီး ကုန်စည်များ သယ်ယူပို့ဆောင်လျက်ရှိသည်။

အဆိုပါ စစ်ဆေးရေးစခန်းများက တင်သွင်း၊ တင်ပို့သော ကုန်ပစ္စည်းများအား စစ်ဆေးမှု ပြုလုပ်ဆောင်ရွက်လျက်ရှိရာ ဒီဇင်ဘာ ၈ ရက်က ရေပူ အမြဲတမ်းစစ်ဆေးရေးစခန်းက တားဆီးမှု ၁၁ မှု၊ ခန့်မှန်းတန်ဖိုးငွေကျပ် ၁၅၆ ဒသမ ၂၃၁ သန်းခန့်၊ မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းက တားဆီးမှု ခုနစ်မှု ခန့်မှန်းတန်ဖိုးငွေကျပ် ၁၀ ဒသမ ၉၈၂ သန်းခန့် စုစုပေါင်းတားဆီးမှု ၁၈ မှု ခန့်မှန်းတန်ဖိုးငွေကျပ် ၁၆၇ ဒသမ ၂၁၃ သန်းခန့်ကို ဖမ်းဆီးရမိခဲ့ကြောင်း သတင်းရရှိသည်။

ထူးခြားဖမ်းဆီးမှုအနေဖြင့် ဒီဇင်ဘာ ၈ ရက်က မန္တလေးမြို့နှင့် မူဆယ်မြို့သို့ သွားရောက်မည့်ယာဉ်များအား ရေပူ အမြဲတမ်းစစ်ဆေးရေးစခန်း ပူးပေါင်းစစ်ဆေးရေးစခန်းက စစ်ဆေးမှုများ ဆောင်ရွက်စဉ် မူဆယ်သို့ သွားရောက်မည့် ခရီးသည်တင်ယာဉ် တစ်စီးနှင့် မိုင်တိုင်အမှတ် ၁၉၂ မိုင် ၇ ဖာလုံ ပန်ဖတ်ကျေးရွာအနီး၌ မသင်္ကာဖွယ် ရပ်တန့်ထားသော Nissan ဆီဘောက်ဆာတွဲယာဉ် တစ်စီးကို စစ်ဆေးခဲ့ရာ ယာဉ်နောက်ပိုင်းတွင် အံ့ဝှက်ပြုလုပ်၍ လည်းကောင်း၊ ဆီဘောက်ဆာတွဲအတွင်း အံ့ဝှက်ပြုလုပ်၍ လည်းကောင်း သိုဝှက်သယ်ဆောင်လာသော တရားဝင်စာရွက်စာတမ်း အထောက်အထား တစ်စုံတစ်ရာ တင်ပြနိုင်ခြင်းမရှိသည့် ပိတောက်ခေါင်းရှေ့သစ် ၁၂၈ တုံး (၈ ဒသမ ၀၂၃၂ တန်)နှင့် ပစ္စည်းသယ်ဆောင်သည့်ယာဉ် နှစ်စီး စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၁၂၄ ဒသမ ၀၆၉ သန်းခန့်ကို စစ်ဆေးတွေ့ရှိ၍ ဖမ်းဆီးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# အစ္စရေးတို့ ဂါဇာကမ်းမြောင်ဒေသ၌ လေကြောင်းတိုက်ခိုက်မှုများပြုလုပ်ပြီး ဟားမားစ်ကို လက်တုံ့ပြန်



**ဂါဇာ ဒီဇင်ဘာ ၉**

ပါလက်စတိုင်းအစ္စလာမ္မစ်ဟားမားစ်အုပ်စု၏ ဒုံးကျည်ဖြင့် ပစ်ခတ်မှုကို လက်စားချေသည့်အနေဖြင့် အစ္စရေးတို့သည် ဂါဇာကမ်းမြောင်ဒေသတွင် လေကြောင်းမှ တိုက်ခိုက်မှုများ ဒီဇင်ဘာ ၉ ရက်က လုပ်ဆောင်ခဲ့ကြောင်းနှင့် ပါလက်စတိုင်းအစ္စလာမ္မစ် ဟားမားစ်အုပ်စုက အဆိုပါပုံးကြဲတိုက်ခိုက်မှုတွင် ၎င်းတို့၏ လက်နက်ကိုင်နှစ်ဦး သေဆုံးခဲ့ကြောင်း ရိုက်တာသတင်းတစ်ရပ်တွင် ဒီဇင်ဘာ ၉ ရက်က ဖော်ပြခဲ့သည်။

စစ်သွေးကြွများသည် ဟားမားစ်ထိန်းချုပ်ရာကမ်းမြောင်ဒေသဘက်မှ ဒုံးကျည်သုံးစင်းထက်မနည်း အစ္စရေးမြို့များသို့ပစ်ခတ်ခဲ့ကြောင်း သိရသည်။ ထိုသို့ပြုလုပ်ခဲ့ခြင်းသည် အမေရိကန်သမ္မတဒေါ်နယ်ထရန့်က ဂျေရုဆလင်ကို အစ္စရေးတို့၏ မြို့တော်အဖြစ် သတ်မှတ်ခဲ့ခြင်းကြောင့် ဖြစ်သည်။

အစ္စရေးလေတပ်မှ လေယာဉ်များသည် ဂါဇာကမ်းမြောင်ဒေသရှိ ဟားမားစ်ပိုင်အဆောက်အအုံလေးခုကို ဦးတည်ချက်ထားကာ လေကြောင်းတိုက်ခိုက်မှုများ ပြုလုပ်ခဲ့သည်။ အဆောက်အအုံလေးခုအနက် နှစ်ခုမှာ လက်နက်ထုတ်လုပ်ရာ နေရာများဖြစ်ပြီး၊ တစ်ခုမှာ လက်နက်သိုလှောင်ရာနေရာဖြစ်ကာ ကျန်တစ်ခုမှာ စစ်ဘက်ဆိုင်ရာ အဆောက်အအုံဖြစ်ကြောင်း အစ္စရေးစစ်ဘက်က ကြေညာချက်ထုတ်ပြန်ခဲ့သည်။

ဟားမားစ်သတင်းရင်းမြစ်က လေကြောင်းတိုက်ခိုက်မှုကြောင့် နှစ်ဦးကျဆုံးခဲ့ကြောင်း၊ ထိုသို့ကျဆုံးခဲ့သည့်အတွက် အစ္စရေးတပ်ဖွဲ့များနှင့် ထိပ်တိုက် ရင်ဆိုင်ရန် တွန်းအားပေးသကဲ့သို့ဖြစ်ကြောင်း ဖော်ပြခဲ့သည်။

ဂါဇာနယ်စပ်၌ဖြစ်သော အစ္စရေးနှင့် ပဋိပက္ခအတွင်း ပါလက်စတိုင်းဘက်မှ နှစ်ဦးကျဆုံးခဲ့ပြီး ဒဏ်ရာရရှိသူ အများအပြားရှိခဲ့ကြောင်းလည်း သိရသည်။ အာရပ်နှင့် မွတ်စလင်ကမ္ဘာတစ်ဝန်း ဆန္ဒပြသူထောင်ပေါင်းများစွာသည် ပါလက်စတိုင်းများနှင့် စည်းလုံးညီညွတ်မှုရှိကြောင်း ပြသသည့်အနေဖြင့် ဘာသာရေးအထွတ်အမြတ်နေ့တွင် လမ်းမများပေါ်စုရုံးထွက်ခဲ့သလို ထရန့်၏ အမေရိကန်နိုင်ငံခြားရေးမူဝါဒအပေါ်လည်း နာကြည်းကြောင်း ပြသခဲ့သည်။

**ရိုက်တာ**

# ကိုရီးယားကျွန်းဆွယ်အရေးတင်းမာမှုများလျှော့နည်းစေရန် ကုလသမဂ္ဂနိုင်ငံရေးရာအကြီးအကဲ ဆန္ဒရှိ



**ဆိုးလ် ဒီဇင်ဘာ ၉**

မြောက်ကိုရီးယား၏ နျူကလီးယားနှင့် ဒုံးကျည်အစီအစဉ်နှင့် ပတ်သက်ပြီး စကားစစ်ပွဲများ မြင့်တက်နေချိန် ယခုရက်သတ္တပတ်အတွင်း မြောက်ကိုရီးယားနိုင်ငံသို့ အလည်အပတ်ရောက်ရှိခဲ့သော ကုလသမဂ္ဂနိုင်ငံရေးရာအကြီးအကဲက ကိုရီးယားကျွန်းဆွယ် အရေးတင်းမာမှုများ လျှော့နည်းစေရန် ဆန္ဒရှိကြောင်း ထုတ်ဖော်ပြောကြားခဲ့သည်ဟု နိုင်ငံပိုင်မီဒီယာက ဒီဇင်ဘာ ၉ ရက်က ဖော်ပြခဲ့သည်။

ကုလသမဂ္ဂအဆင့်မြင့်ဆုံးသံတမန် ဂျက်ဖာရီဖက်မင်းန်က မြောက်ကိုရီးယားသို့ လူသားချင်းစာနာနားလည်မှုဆိုင်ရာ အကူအညီပေးရေးအပေါ် ပိတ်ဆို့အရေးယူမှုများသည် အပြုသဘောမဆောင်ကြောင်း ထုတ်ဖော်ပြောကြားခဲ့သည်ဟု မြောက်ကိုရီးယား၏ တရားဝင်သတင်းအေဂျင်စီဖြစ်သော ကေစီအင်န်အေက ဆက်လက်ဖော်ပြခဲ့သည်။

ကုလသမဂ္ဂက ကိုရီးယားကျွန်းဆွယ် တင်းမာမှုမြင့်တက်လာသည့်အပေါ် စိုးရိမ်မကင်းဖြစ်ကြောင်း ဖော်ပြခဲ့ပြီး အပြည်ပြည်ဆိုင်ရာ ငြိမ်းချမ်းရေးနှင့် လုံခြုံရေးကို အခြေခံထားသော ကုလသမဂ္ဂ ပဋိညာဉ်စာတမ်းအရ ကိုရီးယားကျွန်းဆွယ်အရေး တင်းမာမှုများ ဖြေလျှော့သင့်ကြောင်း အဆိုပါသတင်းဖော်ပြချက်တွင် ထပ်မံဖော်ပြထားသည်။

မြောက်ကိုရီးယားနိုင်ငံကလည်း နျူကလီးယားနှင့် ဒုံးကျည်အစီအစဉ်ကို ကုလသမဂ္ဂ အရေးယူပိတ်ဆို့နေသည့်ကြားက ဆက်လက်ပြုလုပ်ခဲ့သည်။

အမေရိကန်ပြည်ထောင်စုသည်လည်း တောင်ကိုရီးယားနှင့် ပူးတွဲကာ အကြီးဆုံးစစ်ရေးလေ့ကျင့်မှုကြီးကို ယခုရက်သတ္တပတ်က ပြုလုပ်ခဲ့သည်။ ထိုသို့ပြုလုပ်ခဲ့ခြင်းကို မြောက်ကိုရီးယားက စစ်ပွဲဖြစ်ပွားမှုကို လုပ်ဆောင်နေသည်ဟု ပြောကြားခဲ့သည်။

သို့သော်လည်း မြောက်ကိုရီးယားအရာရှိများနှင့် ဖက်မင်းန်က ၎င်း၏ ခရီးစဉ်သည် နှစ်ဖက်ပိုမိုနားလည်မှုကို ကူညီရာရောက်သလို ပုံမှန်ဆက်သွယ်မှုပြုရန်လည်း သဘောတူခဲ့ကြောင်း ကေစီအင်န်အေ သတင်းအေဂျင်စီတွင် ဆက်လက်ဖော်ပြထားသည်။

**ရိုက်တာ**

# တက္ကဆက်ပြည်နယ်တွင် ပစ်ခတ်မှု သုံးဦးသေဆုံး

**တက္ကဆက် ဒီဇင်ဘာ ၉**

အမေရိကန်နိုင်ငံ တက္ကဆက်ပြည်နယ် ဟူစတန်မြို့အနောက်မြောက်ဘက်တွင် ယမန်နေ့က သေနတ်ပစ်ခတ်မှုဖြစ်ပွားခဲ့ရာ လူသုံးဦးသေဆုံးခဲ့ကြောင်း ဆင်ဟွာသတင်းတစ်ရပ်တွင် ဖော်ပြခဲ့သည်။

သေနတ်ပစ်ခတ်မှုနှင့် ပတ်သက်ပြီး ဖုန်းခေါ်ဆိုမှုကို လက်ခံရရှိခဲ့သဖြင့် သက်ဆိုင်ရာ ရဲတပ်ဖွဲ့များက သွားရောက်စစ်ဆေးရာ နေအိမ်အတွင်း သေဆုံးနေသော လူသုံးဦးကို တွေ့ရှိခဲ့ကြောင်း ဟူစတန်ရှိ ဟာရစ်နယ်မြေရဲတပ်ဖွဲ့က ပြောခဲ့သည်။

သေဆုံးနေသူ သုံးဦးမှာ သေနတ်ပစ်ခတ်မှုကြောင့် သေဆုံးခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ သေနတ်ပစ်ခတ်မှုဖြစ်ပွားရာ နေရာမှ ၁၉၉၈ မော်ဒယ်ဟုယူဆရသော အနီရောင် အကူရာကားတစ်စီး ထွက်ပြေးသွားကြောင်း ရဲတပ်ဖွဲ့က ဆက်လက်ပြောကြားခဲ့သည်။ သေနတ်ပစ်ခတ်မှုဖြစ်ပွားသည့် အကြောင်းရင်းကို ရဲတပ်ဖွဲ့က အပူတပြင်း ရှာဖွေစုံစမ်းနေကြောင်း သိရသည်။

**ဆင်ဟွာ**

# တရုတ်နိုင်ငံရှိ စက်မှုဇုန်ဒေသတစ်ခု ပေါက်ကွဲမှုဖြစ်ပွားရာ လူနှစ်ဦးသေဆုံး

**နန်နင်း ဒီဇင်ဘာ ၉**

တရုတ်နိုင်ငံအရှေ့ပိုင်း ကျန်းစုပြည်နယ်ရှိ စက်မှုဇုန်ဒေသတစ်ခုတွင် ဒီဇင်ဘာ ၉ ရက်အစောပိုင်းက ပေါက်ကွဲမှုတစ်ခုဖြစ်ပွားခဲ့ရာ လူနှစ်ဦးသေဆုံးခဲ့ပြီး ခုနစ်ဦးပိတ်မိလျက်ရှိကြောင်း ဆင်ဟွာသတင်းတစ်ရပ်တွင် ဖော်ပြခဲ့သည်။

ပေါက်ကွဲမှုသည် ဒေသစံတော်ချိန် နံနက် ၂ နာရီ မိနစ် ၂၀ တွင် ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။ ပေါက်ကွဲမှုသည် ဘိုင်အိုနည်းပညာ ကုမ္ပဏီ၏ အလုပ်ရုံတစ်ခုတွင် ဖြစ်ပွားခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ပေါက်ကွဲမှုကြောင့် တောက်လောင်ခဲ့သော မီးတောက်များကိုလည်း ငြှိမ်းသတ်နိုင်ခဲ့ပြီးဖြစ်သည်။ ထို့အတူ ကယ်ဆယ်ရှာဖွေရေးလုပ်ငန်းများကို ဆက်လက်လုပ်ဆောင်လျက်ရှိကြောင်း သိရသည်။

**ဆင်ဟွာ**

# ဒေသတွင်း တင်းမာမှုများအပေါ် စိုးရိမ်ပူပန်ကြောင်း ကုလ ကိုယ်စားလှယ်ပြော

**ဂျိနီဗာ ဒီဇင်ဘာ ၉**

ဂျေရုဆလင်ကို အမေရိကန်သမ္မတဒေါ်နယ်ထရန့်က အစ္စရေးမြို့တော်အဖြစ် သတ်မှတ်လိုက်ပြီးနောက် အရှေ့အလယ်ပိုင်း ငြိမ်းချမ်းရေးဖြစ်စဉ်ဆိုင်ရာ ကုလသမဂ္ဂအထူးကိုယ်စားလှယ်ဖြစ်သူ နီကိုလေး မလာဒီနော့ဗ်က ၎င်းအနေဖြင့် ဒေသတွင်း တင်းမာမှုများမြင့်တက်လာခြင်းအပေါ် စိုးရိမ်ပူပန်မိကြောင်း လုံခြုံရေးကောင်စီကို မကြာသေးမီက တိုက်တွန်းပြောကြားလိုက်သည်။ နောက်ထပ်တင်းမာမှုများ မြင့်တက်လာနိုင်သည့် အခြေအနေများကို ဖန်တီးသလိုဖြစ်သော စကားလုံးများသုံးစွဲခြင်းကို ရှောင်ကြဉ်ရန်လိုအပ်ကြောင်း နိုင်ငံရေး၊ ဘာသာရေးနှင့် အဖွဲ့အစည်းခေါင်းဆောင်များကို ၎င်းက တိုက်တွန်းခဲ့ကြောင်း သိရသည်။ တစ်ဖက်သတ်လုပ်ဆောင်ခြင်းမှ ထွက်ပေါ်လာသော ပြင်းထန်သည့် အကျိုးဆက်များကို ယနေ့တွေ့မြင်နေရကြောင်း၊ ယခုလိုဖြစ်ပေါ်လာခြင်းသည် အနှစ်နှစ်အလလ လိုလားတောင့်တနေကြသော ငြိမ်းချမ်းရေးကို မျှဝေယူရန်ဟူသည့် ရည်မှန်းချက်ကြီးနှင့် ဝေးသထက်ဝေးကွာအောင်လုပ်ဆောင်နေသကဲ့သို့ဖြစ်ကြောင်း ၎င်းက ပြောကြားသည်။

ဂျေရုဆလင်ကိစ္စသည် ခက်ခဲသော ကိစ္စဖြစ်ကြောင်း၊ အစ္စရေးနှင့် ပါလက်စတိုင်းခေါင်းဆောင်များအနေဖြင့် နိုင်ငံတကာ အသိုင်းအဝိုင်း၏ထောက်ပံ့မှုများနှင့် သဘောတူညီချက်ရအောင် လုပ်ဆောင်သင့်ကြောင်း၊ ဂျေရုဆလင်သည် အစ္စရေးနှင့် ပါလက်စတိုင်းတို့အတွက် မြို့တော်ပင်ဖြစ်ပြီး နှစ်နိုင်ငံလုံးအတွက် အခြားအဖြေမရှိကြောင်း ၎င်းကဆက်လက် ပြောကြားခဲ့သည်။

**ဆင်ဟွာ**



နိုင်ငံတကာ သတင်းတိုထွာ

## ဆီးနိုတ်လွှတ်တော်အမတ် ရာထူးမှ နုတ်ထွက်မည်

**ဝါရှင်တန် ဒီဇင်ဘာ ၉**

အမေရိကန် ဆီးနိုတ်လွှတ်တော်အမတ် အယ်လ်ဖရန်ကင်သည် ရာထူးမှနုတ်ထွက်တော့မည်ဖြစ်ကြောင်း သိရသည်။

ဇင်းအား လိင်ပိုင်းဆိုင်ရာ မဖွယ်မရာ ပြုကျင့်သည်ဟုဆိုကာ စွပ်စွဲချက်များ ပေါ်ထွက်လာပြီးနောက်တွင် လာမည့် ရက်သတ္တပတ်များအတွင်း ရာထူးမှ နုတ်ထွက်တော့မည်ဖြစ်ကြောင်း ၎င်းက ပြောကြားခဲ့သည်။ ဖရန်ကင်သည် ပြီးခဲ့သည့် ကြာသပတေးနေ့တွင် ၎င်းနုတ်ထွက်တော့မည့်အကြောင်းကို ဆီးနိုတ်လွှတ်တော်၌ ထုတ်ဖော်ပြောကြားခဲ့သည်။

အမျိုးသမီးတစ်စုက ဖရန်ကင်သည် ၎င်းတို့အား ကာယိန္ဒြေပျက်ပြားအောင် လုပ်ဆောင်ခဲ့ကြောင်းစွပ်စွဲခဲ့သည်။

**အင်န်အိတ်ချ်ကေ**

## ရုရှား-တရုတ် စစ်ဘက်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုများ ဆွေးနွေး

**မော်စကို ဒီဇင်ဘာ ၉**

ရုရှားသမ္မတ ဗလာဒီမာပူတင်နှင့် တရုတ်နိုင်ငံ ထိပ်တန်းအဆင့်မြင့်အရာရှိတို့ တွေ့ဆုံပြီး ရုရှားနိုင်ငံနှင့် တရုတ်နိုင်ငံ တပ်မတော်တို့အကြား ပူးပေါင်းဆောင်ရွက်မှုများတိုးမြှင့်ရေး ဆွေးနွေးခဲ့ကြောင်း သိရသည်။

ထိုသို့ တွေ့ဆုံစဉ် သမ္မတ ပူတင်က နှစ်ဖက်စလုံးအနေဖြင့် မိတ်ဖက်ဆက်ဆံရေးအတွက် စစ်ရေးလေ့ကျင့်မှုများ၊ စစ်တပ်ဆိုင်ရာ နည်းပရိယာယ်နှင့် လေ့ကျင့်မှုသင်တန်းများကို ဆက်လက်ပြီး ပူးတွဲဆောင်ရွက်သွားသင့်ကြောင်း ပြောခဲ့သည်။ တရုတ်ကွန်မြူနစ်ပါတီ ဗဟိုစစ်ဘက်ဆိုင်ရာ ကော်မရှင်ဒုတိယဥက္ကဋ္ဌ ကျန်ယုရှာက ကမ္ဘာ့ငြိမ်းချမ်းရေးနှင့် တည်ငြိမ်ရေးကို ထိန်းသိမ်းရန်၊ နှစ်နိုင်ငံအကျိုးစီးပွား လုံခြုံရေးကို ပူးတွဲထိန်းသိမ်းရန်၊ ရုရှားနှင့် အတူလက်တွဲဆောင်ရွက်သွားရန် တရုတ်နိုင်ငံက အသင့်ရှိကြောင်း ပြောကြားခဲ့သည်။

**ဆင်ဟွာ**

## နန်ဂါဟာရှိ ဘာသာရေးအဆောက်အအုံတစ်လုံး၌ ဗုံးပေါက်ကွဲ

**ဂျာလာလာဘတ် ဒီဇင်ဘာ ၈**

အာဖဂန်နစ္စတန်နိုင်ငံအရှေ့ပိုင်း နန်ဂါဟာပြည်နယ်ရှိ ဘာသာရေးအဆောက်အအုံတစ်လုံးတွင် ဒီဇင်ဘာ ၈ ရက်က ဗုံးပေါက်ကွဲမှု ဖြစ်ပွားခဲ့ရာ အရပ်သားတစ်ဦး သေဆုံးပြီး အခြားရှစ်ဦး ဒဏ်ရာရရှိခဲ့ကြောင်း သက်ဆိုင်ရာ တာဝန်ရှိသူတစ်ဦးက ပြောခဲ့သည်။

မူဟမ်ဒါရာခရိုင်အစွန် ဟာဇာနော်နယ်မြေရှိ ဘာသာရေးအဆောက်အအုံ ပေါက်ကွဲမှုကြောင့် ဦးဆောင်ဝတ်ပြုဆုတောင်းသူတစ်ဦး သေဆုံးခဲ့ပြီး အခြားရှစ်ဦးလည်း ဒဏ်ရာရရှိခဲ့သည်ဟု ပြည်နယ်ဆိုင်ရာ ပြောခွင့်ရပုဂ္ဂိုလ် အတ်တူလာ ခိုရန်က ပြောခဲ့သည်။

ဒဏ်ရာရရှိသူများကို ပါကစ္စတန်နယ်စပ်ရှိ ခရိုင်ဆေးရုံသို့ ပို့ဆောင်ခဲ့ပြီး မည်သည့်အဖွဲ့က တိုက်ခိုက်ခဲ့သည်ကို မသိရသေးချေ။

**ဆင်ဟွာ**

# ယီမင်သမ္မတဟောင်း ဆာလေ သေဆုံးပြီးနောက် ပိုမိုရှုပ်ထွေးလာတဲ့ ယီမင်နိုင်ငံရေးအခြေအနေ

**တင်လင်းအောင်**



ယီမင်သမ္မတဟောင်း အလီအဗ္ဗဒူလာ ဆာလေ၊ သူ့ရဲ့တူဖြစ်သူ တာရက်ခ်၊ ဆွေမျိုးများနဲ့ ဆာလေပါတီအထွေထွေအတွင်းရေးမှူးတို့ကို ဟူသီသူပုန်တို့က သတ်ဖြတ်ခဲ့တယ်ဆိုတဲ့သတင်းကို သတင်းမီဒီယာတွေမှာ မကြာသေးမီက ဖော်ပြခဲ့ကြပါတယ်။

ယီမင် သမ္မတဟောင်း အလီအဗ္ဗဒူလာဆာလေနဲ့ သူ့ရဲ့ပါတီလက်ထောက်အတွင်းရေးမှူး ယာဇာ အယ်လ်အာဝါဒီတို့ဟာ ဆာနားမြို့ အစွန်အဖျား အရှေ့တောင်ဘက်ရှိ ခွာလန်ခရိုင်ကို ဖြတ်ကာ ဆော်ဒီကျောထောက် နောက်ခံအစိုးရ ထိန်းချုပ်ထားတဲ့ မာရစ်ဘ်ပြည်နယ်ဘက်သို့ ထွက်ပြေးရန် ကြိုးစားနေချိန်မှာပဲ ဟူသီသူပုန်တို့က သတ်ဖြတ်လိုက်ခြင်းပဲဖြစ်ပါတယ်၊ ဒီလိုပဲ ဆာလေပါတီ အထွေထွေအတွင်းရေးမှူးဖြစ်တဲ့ အာရစ်ဖ်အယ်လ်ဇူကလည်း ဆာနားမြို့မှာပဲ အသတ်ခံခဲ့ရပါတယ်၊ ယီမင်သမ္မတဟောင်း အလီအဗ္ဗဒူလာ ဆာလေရဲ့တူဖြစ်သူ တာရက်ခ်ကတော့ မြို့တော်ဆာနား ဟက်ဒက်ရပ်ကွက်မှာရှိတဲ့ သူ့ရဲ့အိမ်မှာ သတ်ဖြတ်ခံလိုက်ရတာပါ။

ယီမင်သမ္မတဟောင်း အလီအဗ္ဗဒူလာ ဆာလေအသတ်ခံရပြီးနောက် သူ့ဖခင်အတွက် လက်စားချေမယ်လို့ သူ့သားက ကြွေးကြော်ခဲ့ပါတယ်၊ အဲဒီနောက်မှာတော့ အီရန် မဟာမိတ် လက်နက်ကိုင်လှုပ်ရှားမှုတွေ ဆာနားမှာဖြစ်ပေါ်ခဲ့ပါတယ်၊ မကြာသေးမီက ယီမင် ဟူသီသူပုန်တို့ကို ဆော်ဒီဦးဆောင်ညွန့်ပေါင်းတပ်ဖွဲ့က လေကြောင်းချီ တိုက်ခိုက်မှုတွေလည်း ပြုလုပ်ခဲ့ပါတယ်။

မြို့တော်အပါအဝင် နိုင်ငံမြောက်ပိုင်းနေရာ အတော်များများကို ထိန်းချုပ်နိုင်ဖို့ ဟူသီသူပုန်တို့ကို နှစ်ပေါင်းအတော်ကြာအောင် ကူညီပေးပြီးနောက် ယီမင် သမ္မတဟောင်း အလီအဗ္ဗဒူလာ ဆာလေဟာ နိုင်ငံကို ဝရုန်းသုန်းကားအခြေအနေဖြစ်အောင် ပြုလုပ်ခဲ့ပါတယ်၊ သူဟာ မကြာသေးမီကမှ ယာဉ်တန်းနဲ့သွားလာစဉ် အသတ်ခံခဲ့ရပါတယ်။

ဆော်ဒီအာရေဗျနဲ့ သူ့ရဲ့မဟာမိတ်တွေဟာ ဆာလေရဲ့နန်းတော်ကို ဗုံးတွေနဲ့ ကြဲခဲ့သလို သူ့မိသားစုဝင်တွေရဲ့နေရာတွေကိုလည်း ဟူသီသူပုန်တို့က ထိန်းချုပ်ထားပါတယ်လို့ ဟူသီ ထောက်ခံ အယ်လ်မာဆီရာရုပ်မြင်သံကြားက မကြာသေးမီက ပြောခဲ့ပါတယ်။

လေကြောင်းချီတိုက်ခိုက်မှုတွေကိုလည်း Taiz၊ Hajjah၊ Midi နဲ့ Saada အပါအဝင် နိုင်ငံမြောက်ပိုင်းပြည်နယ်တွေကို ပြုလုပ်ခဲ့ပါတယ်။ သို့သော်လည်း သေဆုံးတဲ့ သတင်းတွေကိုတော့ လတ်တလောမှာ ဖော်ပြထားခြင်းမရှိသေးပါဘူး၊ ယီမင်သမ္မတဟောင်း အလီအဗ္ဗဒူလာ ဆာလေရဲ့သားဖြစ်သူ ပြည်ပြေးဘဝနဲ့ အာရပ်စော်ဘွားများ ပြည်ထောင်စုမှာနေတဲ့ ယခင်ရီပတ်ဘလစ်ကန်တပ်ဖွဲ့ရဲ့အုပ်ချုပ်သူအရာရှိ အာမက်အလီဟာ သူ့အဖေရဲ့ အရိုက်အရာကို ဆက်ခံဖို့ရှိနေပါတယ်၊ သူဟာ ဟူသီဆန့်ကျင်လှုပ်ရှားမှုတွေကို ထောက်ခံအားပေးလျက်ရှိပါတယ်။

အာရပ်စော်ဘွားများပြည်ထောင်စု အဘူဒါဘီရဲ့ သရဖူဆောင်းမင်းသား မိုဟာမက်ဘင်ဇေရက်ဒ်အယ်လ်နာဟာရန်ဟာ ယီမင် သမ္မတဟောင်း အလီအဗ္ဗဒူလာ ဆာလေရဲ့သားဖြစ်သူ အာမက်အလီရဲ့နေအိမ်ကို လာရောက်ခဲ့ပြီး ဖခင်သေဆုံးခဲ့တဲ့အတွက် ဝမ်းနည်းကြောင်း ပြောကြားခဲ့ပါသေးတယ်။

သူဟာ ဆာလေနဲ့ ဘေးချင်းယှဉ်ကပ်လျက်ထိုင်နေတဲ့ပုံကို သူ့ရဲ့ လူမှုကွန်ရက် စာမျက်နှာဖြစ်တဲ့ တွစ်တာမှာ ဖော်ပြခဲ့ပါတယ်၊ ယီမင်သမ္မတဟောင်း အလီအဗ္ဗဒူလာ ဆာလေရဲ့သားဖြစ်သူအာမက် အလီဟာ ဟူသီတို့ကို တိုက်ခိုက်နေတဲ့ ဆော်ဒီဦးဆောင်ညွန့်ပေါင်းအဖွဲ့ရဲ့ အဓိကအဖွဲ့ဝင်တစ်ဦးဖြစ်တဲ့ အာရပ်စော်ဘွားများပြည်ထောင်စုမှ ယီမင်သို့ ပြန်လာပြီး ဟူသီတို့နဲ့ ဖြစ်ပွားနေတဲ့ တိုက်ပွဲမှာကူညီဖို့ရှိပါတယ်၊ ယီမင်နိုင်ငံ ဆာနားမြို့ရှိ ဒေသခံများဟာ ဟူသီတို့ကိုနှိမ်နင်းမှုတွေပြုနေတဲ့အတွက် အပြင်ကို မထွက်ကြပါဘူး၊ မြို့ဟာ အခုဆိုရင် ကြောက်စရာကောင်းအောင် တိတ်ဆိတ်နေပါတယ်လို့ အမည်မဖော်လိုသူ အသက် ၄၇နှစ်ရှိ စီးပွားရေးသမားတစ်ဦးက ပြောခဲ့ပါတယ်၊ မြို့ထဲမှာ ဖမ်းဆီးမှုအများအပြားရှိပါတယ်၊ ပြီးတော့ သူတို့ဟာ စစ်ဘက်ဆိုင်ရာ ပုဂ္ဂိုလ်တွေနဲ့ ဆာလေပါတီအဖွဲ့ဝင်တွေကို ပစ်ခတ်ဖို့ကြိုးစားကြပါတယ်လို့ ဒေသခံတွေက ပြောကြပါတယ်၊ ဟူသီအဖွဲ့က နိုင်ငံတောင်ပိုင်းရှိ အစိုးရတပ်ဖွဲ့ကို ထောက်ခံပေးနေတဲ့ ဆော်ဒီဦးဆောင် မဟာမိတ်အဖွဲ့ကို ဖက်ပြိုင်အန်တုတိုက်ခိုက်နေတဲ့ ယီမင်ပဋိပက္ခဟာ ကုလသမဂ္ဂပြောနေတဲ့ ကမ္ဘာ့အဆိုးဆုံး လူသားချင်းစာနာနားလည်မှုဆိုင်ရာ ဘေးဒုက္ခကြီးပဲဖြစ်ပါတယ်။

အနောက်အုပ်စုက လက်နက်နဲ့ လျှို့ဝှက်သတင်းအချက်အလက်တွေပေးမှုကြောင့် ဖြစ်ပွားတဲ့ ဒေသတွင်း အဓိကပြိုင်ဘက်တွေဖြစ်တဲ့ အီရန်နဲ့ ဆော်ဒီအာရေဗျတို့ရဲ့စစ်ပွဲဟာ လူပေါင်း ၁၀၀၀၀ကျော်သေဆုံးခဲ့သလို လူဦးရေ နှစ်သန်းကျော်ရွှေ့ပြောင်းမှုများပြုလုပ်ခဲ့ရပါတယ်။

ယခုလိုအချိန်မှာ ဟူသီတို့ကို စွန့်ခွာရန် ဆာလေရဲ့ ဆုံးဖြတ်ချက်ဟာ သုံးနှစ်ကြာ မတိုးသာမဆုတ်သာဖြစ်နေတဲ့ ယီမင်ရဲ့သိသာထင်ရှားတဲ့ တိုးတက်မှုပဲဖြစ်ပါတယ်၊ ဟူသီ ထိပ်တန်းအရာရှိတွေကတော့ သူ့ရဲ့ရန်သူ ဆော်ဒီနောက်ခံပြုထားတဲ့ အခုလိုကိစ္စကို အဆင့်မြင့် နိုင်ငံတော်သစ္စာဖောက်မှုလို့ ပြောကြပါတယ်။

ဟူသီထောက်ခံသူထောင်ပေါင်းများစွာကလည်း ဆာလေကို သတ်ဖြတ်နိုင်ခဲ့တဲ့အတွက် မြို့တော်ဆာနားမှာ အောင်ပွဲတွေ ကျင်းပခဲ့ပါတယ်၊ ထို့အတူ ၎င်းတို့ဟာ ဆော်ဒီအာရေဗျနဲ့ သူ့ရဲ့မဟာမိတ်တွေကို ဆန့်ကျင်တဲ့ သီချင်းတွေကိုလည်း ကျယ်လောင်စွာ ဟစ်ကြွေးခဲ့ကြပါတယ်။

ဟူသီတို့ကလည်း မြို့တော်အတွင်းရှိ ဆာလေရဲ့ မဟာမိတ်တွေနဲ့ ဆာလတ်ပါတီနဲ့ သက်ဆိုင်တဲ့ ထိပ်တန်းစစ်ဘက်ဆိုင်ရာအရာရှိတွေကိုဖမ်းဆီးခဲ့တယ်လို့ နိုင်ငံရေးဆိုင်ရာ သတင်းရင်းမြစ်တွေမှာ ဖော်ပြခဲ့ပါတယ်။

မကြာသေးမီကလည်း ဆာလေပုံတွေကိုင်ထားတဲ့ အမျိုးသမီးထုကြီးဟာ ဆာနားရင်ပြင်မှာ စုဝေးပြီး ဆာလေအလောင်းကို ပြန်ပေးဖို့ တောင်းဆိုလိုက်ပါတယ်။ သို့သော်လည်းပဲ ဟူသီလုံခြုံရေး တပ်ဖွဲ့တွေက သူတို့ကို အင်အားသုံးဖြိုခွဲ လိုက်တယ်လို့ မျက်မြင်တွေ့ရှိသူတွေက ပြောခဲ့ပါတယ်။ ဟူသီထိန်းချုပ်ထားတဲ့ ပြည်ထဲရေးဝန်ကြီးဌာနက ဖမ်းဆီးခံဆာလတ်ထောက်ခံတိုက်ခိုက်ရေးသမားတွေရဲ့ ရုပ်သံဖိုင်ပေါင်းအတော်များများကို ထုတ်လွှင့်ခဲ့ပါတယ်။


နယ်စည်းမခြား မီဒီယာအခွင့်အရေးအုပ်စုကလည်း ဆာလေပိုင် အယ်လ်ယီမင်အယ်လ်ယွန်းရုပ်မြင်သံကြားဌာနကို မကြာသေးမီရက်များက ဟူသီတို့ ကျူးကျော် ဝင်ရောက်တိုက်ခိုက်ပြီး ဓားစာခံအဖြစ် ဖမ်းဆီးထိန်းသိမ်းထားတဲ့ သတင်းသမား ၄၁ ဦးကို ပြန်လွှတ်ပေးဖို့လည်း တောင်းဆိုခဲ့ပါတယ်။

လတ်တလောမှာ ယီမင်ရှိ တစ်သန်းနီးပါးရှိတဲ့ ပြည်သူတွေဟာ ဝမ်းပျက်၊ ဝမ်းလျှောရောဂါတွေကို အလူးအလဲ ခံစားနေကြရပါတယ်။


ထို့အတူ ပါတီအချင်းချင်းတွေကြား ဖြစ်ပွားနေတဲ့ ပဋိပက္ခတွေကြောင့် အစားအစာ ထောက်ပံ့ရေးလမ်းကြောင်းများလည်း တားဆီးပိတ်ဆို့ ခြင်းခံထားရကြောင်း သိရပါတယ်။ ။


*Ref: Reuters*


> **"ယီမင်သမ္မတဟောင်း အလီအဗ္ဗဒူလာဆာလေ အသတ်ခံရပြီးနောက် သူ့ဖခင်အတွက် လက်စားချေမယ်လို့ သူ့သားက ကြွေးကြော်ခဲ့ပါတယ်။ အဲဒီနောက်မှာတော့ အီရန် မဟာမိတ် လက်နက်ကိုင်လှုပ်ရှားမှုတွေ ဆာနားမှာ ဖြစ်ပေါ်ခဲ့ပါတယ်။ မကြာသေးမီက ယီမင်ဟူသီသူပုန်တို့ကို ဆော်ဒီဦးဆောင်ညွန့်ပေါင်းတပ်ဖွဲ့က လေကြောင်းချီ တိုက်ခိုက်မှုတွေလည်း ပြုလုပ်ခဲ့"**













# မြန်မာနိုင်ငံ ကုမ္ပဏီများ ဥပဒေ ပြဋ္ဌာန်း

*ယမန်နေ့မှ အဆက်*

**တာဝန်ကန့်သတ်ထားသည့် ကုမ္ပဏီများ၏ ဖွဲ့စည်းပုံအခြေခံစည်းမျဉ်းအတွက် သီးခြားလိုအပ်ချက်များ**

၁၃။ အစုရှယ်ယာအားဖြင့် တာဝန်ကန့်သတ်ထားသည့်ကုမ္ပဏီများ၏ ဖွဲ့စည်းပုံအခြေခံ စည်းမျဉ်းတွင် အောက်ပါတို့ကို ဖော်ပြရမည်-

(က) အများနှင့် မသက်ဆိုင်သော ကုမ္ပဏီဖြစ်ပါက ကုမ္ပဏီအမည်၏ နောက်ဆုံးတွင်"လီမိတက်"ဟုလည်းကောင်း၊ အများနှင့်သက်ဆိုင်သော ကုမ္ပဏီဖြစ်ပါက "အများနှင့်သက်ဆိုင်သောကုမ္ပဏီလီမိတက်"ဟုလည်းကောင်း ဖော်ပြချက်၊

(ခ) ကုမ္ပဏီတွင်ပါဝင်သူများ၏ တာဝန်ကို ကန့်သတ်ထားကြောင်း၊

(ဂ) ကုမ္ပဏီမှထုတ်ဝေရန် အဆိုပြုထားသည့် အစုရှယ်ယာအမျိုးအစားများနှင့် အဆိုပါ အစုရှယ်ယာများအတွက် သတ်မှတ်သည့်ငွေကြေး၊

(ဃ) ကုမ္ပဏီတွင် အစုရှယ်ယာအတွက် ကနဦးငွေကြေးထည့်ဝင်သူများနှင့် နောက်ပိုင်းငွေကြေးထည့်ဝင်သူများသည် အနည်းဆုံးအစုရှယ်ယာတစ်စု ထည့်ဝင်ရမည်ဖြစ်ကြောင်း။

**ခံဝန်ချက်အားဖြင့် တာဝန်ကန့်သတ်ထားသည့် ကုမ္ပဏီများ၏ ဖွဲ့စည်းပုံအခြေခံစည်းမျဉ်းများအတွက် သီးခြားလိုအပ်ချက်များ**

၁၄။ (က) ခံဝန်ချက်အားဖြင့် တာဝန်ကန့်သတ်ထားသည့် ကုမ္ပဏီများ၏ ဖွဲ့စည်းပုံအခြေခံ စည်းမျဉ်းတွင် အောက်ပါတို့ကို ဖော်ပြရမည် -

(၁) ကုမ္ပဏီအမည်ကို ယင်းအမည်၏နောက်ဆုံးတွင် "ခံဝန်ချက်အားဖြင့် တာဝန်ကန့်သတ်ထားသော"ဟု ဖော်ပြချက်၊

(၂) ကုမ္ပဏီတွင် ပါဝင်သူများ၏တာဝန်ကို ခံဝန်ချက်ပမာဏတစ်ရပ်ဖြင့် ကန့်သတ်ထားကြောင်း၊

(၃) ကုမ္ပဏီတွင်ပါဝင်သူတစ်ဦးစီသည် ၎င်းတို့အနေဖြင့် ကုမ္ပဏီတွင်ပါဝင်သူအဖြစ် ရှိနေကြစဉ်ကာလတွင် ကုမ္ပဏီအား စာရင်းရှင်းလင်းဖျက်သိမ်းသည့်အခါတွင် ငွေပမာဏများပေးချေရန်အတွက် ကုမ္ပဏီ၏ ရရန်ပိုင်ခွင့်များတွင် ထည့်ဝင်ရန်တာဝန်ယူကြောင်း သို့မဟုတ် ကုမ္ပဏီတွင် ပါဝင်ခြင်းမပြုသည့်နောက်ပိုင်း တစ်နှစ်ကာလအတွင်း၌ ကုမ္ပဏီတွင်ပါဝင်သူအဖြစ်မှ ရပ်စဲခြင်းမပြုမီက ပဋိညာဉ်ပြုလုပ်ထားသော ကုမ္ပဏီ၏တာဝန်များနှင့် အကြွေးများပေးရန် တာဝန်ယူကြောင်း၊ ၎င်းအပြင် စာရင်းရှင်းလင်းဖျက်သိမ်းသည့်အခါတွင် ကုန်ကျစရိတ်များနှင့် အခွန်အခများပေးချေရန်၊ ကုမ္ပဏီတွင်ပါဝင်သူများအကြား စုပေါင်းထည့်ဝင်ကြေးနှင့် သက်ဆိုင်သော အခွင့်အရေးများကို စာရင်းညှိနှိုင်းရန်၊ သတ်မှတ်ထားသော ငွေပမာဏထက် မကျော်လွန်သည့် အဆိုပါငွေပမာဏများ ပေးချေရန်အတွက် ကုမ္ပဏီ၏ ရရန်ပိုင်ခွင့်များတွင် ထည့်ဝင်ရန် တာဝန်ယူကြောင်း၊

(ခ) ကုမ္ပဏီတွင် အစုရှယ်ယာမတည်ငွေရင်းရှိခဲ့လျှင် -

(၁) ကုမ္ပဏီမှထုတ်ဝေရန် အဆိုပြုထားသည့် အစုရှယ်ယာအမျိုးအစားများနှင့် အဆိုပါအစုရှယ်ယာများအတွက် သတ်မှတ်သည့်ငွေအမျိုးအစားနှင့်

(၂) ကုမ္ပဏီတွင် ငွေကြေးထည့်ဝင်သူက အနည်းဆုံးအစုရှယ်ယာတစ်စု ထည့်ဝင်ရမည်ဖြစ်ကြောင်း။

(ဂ) ခံဝန်ချက်အားဖြင့် တာဝန်ကန့်သတ်ထားပြီး အစုရှယ်ယာ မတည်ငွေရင်းမပါရှိသည့်အပြင် ယခင်ဥပဒေစတင်အကျိုးသက်ရောက်သည့် နေ့ရက်နောက်ပိုင်းတွင် မှတ်ပုံတင်သည့် ကုမ္ပဏီများသည် ကုမ္ပဏီမှခွဲဝေပေးရမည့်အကျိုးအမြတ်ကို ရထိုက်ခွင့်ရှိသည့် အခွင့်အရေးတစ်ရပ်အား ကုမ္ပဏီတွင် ပါဝင်သူတစ်ဦးဦးမှအပ အခြားသူတစ်ဦးဦးအဖြစ် ပေးအပ်ရန်ရည်ရွယ်သည့် ဖွဲ့စည်းပုံအခြေခံစည်းမျဉ်း သို့မဟုတ် ကုမ္ပဏီ၏ ဆုံးဖြတ်ချက်တစ်ရပ်ရပ်တွင် ပါရှိသည့် စည်းကမ်းချက်တစ်ရပ်ရပ်ကို ပျက်ပြယ်သည်။

**တာဝန်ကန့်သတ်မထားသည့် ကုမ္ပဏီတစ်ခု၏ ဖွဲ့စည်းပုံအခြေခံစည်းမျဉ်းများအတွက် သီးခြားလိုအပ်ချက်များ**

၁၅။ တာဝန်ကန့်သတ်မထားသည့် ကုမ္ပဏီများသည့် ဖွဲ့စည်းပုံအခြေခံစည်းမျဉ်းတွင် အောက်ပါတို့ကို ဖော်ပြရမည် -

(က) ကုမ္ပဏီအမည်၊ ယင်းကုမ္ပဏီအမည်၏နောက်ဆုံးတွင် "တာဝန်ကန့်သတ်မှုမရှိသောကုမ္ပဏီ"ဟု ပါရှိရမည်။

(ခ) ကုမ္ပဏီတွင် ပါဝင်သူများ၏တာဝန်ကို ကန့်သတ်ထားခြင်းမရှိကြောင်း၊

(ဂ) ကုမ္ပဏီမှ ထုတ်ဝေရန် အဆိုပြုထားသည့် အစုရှယ်ယာအမျိုးအစားများနှင့် အဆိုပါ အစုရှယ်ယာများအတွက် သတ်မှတ်သည့်ငွေအမျိုးအစား၊

(ဃ) ကုမ္ပဏီတွင် အစုရှယ်ယာအတွက် ကနဦး ငွေကြေးထည့်ဝင်သူများနှင့် နောက်ပိုင်းငွေကြေးထည့်ဝင်သူများသည် အနည်းဆုံးအစုရှယ်ယာတစ်စု ထည့်ဝင်ရမည်ဖြစ်ကြောင်း။

**ဖွဲ့စည်းပုံအခြေခံစည်းမျဉ်းတစ်ခု၏ ဖွဲ့စည်းမှုပုံစံ**

၁၆။ ဖွဲ့စည်းပုံအခြေခံစည်းမျဉ်းသည် -

(က) မြန်မာဘာသာဖြင့် ရေးသားပြုစုရမည်။

(ခ) မြန်မာ၊အင်္ဂလိပ် နှစ်ဘာသာဖြင့်လည်း ရေးသားပြုစုနိုင်သည်။ ၎င်းအပြင်

(ဂ) စာပိုဒ်များဖြင့် ခွဲခြားပြုစုလျက် အမှတ်စဉ်များကို တစ်ဆက်တည်း ရေးသားဖော်ပြရမည်။

**ဖွဲ့စည်းပုံအခြေခံစည်းမျဉ်းအား ပြောင်းလဲပြင်ဆင်ခြင်း**

၁၇။ ဤဥပဒေပါ ပြဋ္ဌာန်းချက်များ၊ ကုမ္ပဏီ၏ ဖွဲ့စည်းပုံအခြေခံ စည်းမျဉ်းတွင်ပါရှိသော သီးခြားစည်းကမ်းချက်များနှင့်အညီ ကုမ္ပဏီတစ်ခုသည် အထူးဆုံးဖြတ်ချက်ချမှတ်၍ ၎င်း၏ဖွဲ့စည်းပုံအခြေခံစည်းမျဉ်းပါ စည်းကမ်းချက်များကို ပြောင်းလဲပြင်ဆင်ခြင်း သို့မဟုတ် ဖြည့်စွက်ခြင်းများ ပြုလုပ်နိုင်ပြီး ထိုသို့ပြုလုပ်သည့် ပြောင်းလဲပြင်ဆင်မှု သို့မဟုတ် ဖြည့်စွက်မှုသည် ဖွဲ့စည်းပုံအခြေခံစည်းမျဉ်းတွင် မူလကတည်းက ထည့်သွင်းပြဋ္ဌာန်းထားသည့် စည်းကမ်းချက်များကဲ့သို့ပင် အကျိုးသက်ရောက်စေရမည့်အပြင် ယခုကဲ့သို့ အထူးဆုံးဖြတ်ချက်အရ ပြောင်းလဲပြင်ဆင်နိုင်သည်။

**ပြောင်းလဲပြင်ဆင်မှုအား အတည်ပြုခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်း**

၁၈။ (က) ကုမ္ပဏီသည် သတ်မှတ်ဖော်ပြထားသည့်ပုံစံဖြင့် အကြောင်းကြားစာကို ပြောင်းလဲပြင်ဆင်ထားသည့် ဖွဲ့စည်းပုံအခြေခံစည်းမျဉ်း မိတ္တူတစ်စောင်နှင့်အတူ ထိုသို့ ပြောင်းလဲပြင်ဆင်ရန် အထူးဆုံးဖြတ်ချက် ချမှတ်သည့်နေ့မှ ၂၈ ရက်အတွင်း မှတ်ပုံတင်အရာရှိထံသို့ တင်ပြရမည်ဖြစ်ပြီး မှတ်ပုံတင်အရာရှိသည် ထိုတင်ပြချက်အား မှတ်ပုံတင်ရမည်။ မှတ်ပုံတင်သက်သေခံအထောက်အထား လက်မှတ်သည် ထိုသို့ ပြောင်းလဲပြင်ဆင်မှုများအတွက် ဤဥပဒေအရလိုအပ်သည့် ပြဋ္ဌာန်းချက်များကို အပြည့်အဝလိုက်နာဆောင်ရွက်ပြီးဖြစ်ကြောင်း သက်သေခံအထောက်အထားဖြစ်စေရမည်ဖြစ်ပြီး ထိုသို့ပြောင်းလဲပြင်ဆင်ထားသည့် ဖွဲ့စည်းပုံအခြေခံစည်းမျဉ်းသည် ကုမ္ပဏီ၏ဖွဲ့စည်းပုံအခြေခံစည်းမျဉ်း ဖြစ်စေရမည်။

(ခ) တရားရုံးသည် သင့်သည်ထင်မြင်ပါက ဤပုဒ်မအရ မှတ်ပုံတင်အရာရှိထံ စာရွက်စာတမ်းများတင်ပြရမည့်ကာလကို မည်သည့်အချိန်တွင်မဆို တိုးမြှင့်ပေးရန် အမိန့်တစ်ရပ် ချမှတ်နိုင်သည်။

**ပြောင်းလဲပြင်ဆင်မှုအား ၂၈ ရက်အတွင်း မှတ်ပုံတင်ရန် ပျက်ကွက်ခြင်းအတွက် အကျိုးသက်ရောက်မှုများ**

၁၉။ ဖွဲ့စည်းပုံအခြေခံစည်းမျဉ်းအား ပြောင်းလဲပြင်ဆင်မှုသည် ပုဒ်မ ၁၈ ပါပြဋ္ဌာန်းချက်များနှင့်အညီ တရားဝင်မှတ်ပုံတင်ဆောင်ရွက်ရခြင်းမရှိသေးလျှင် အကျိုးတစ်စုံတစ်ရာ သက်ရောက်ခြင်း မရှိစေရ။

**ဖွဲ့စည်းပုံအခြေခံစည်းမျဉ်းအား ပြောင်းလဲပြင်ဆင်မှု၏ အကျိုးသက်ရောက်မှုများ**

၂၀။ ကုမ္ပဏီ၏ဖွဲ့စည်းပုံအခြေခံစည်းမျဉ်းတွင် ဖော်ပြပါရှိသည့် စည်းကမ်းချက်တစ်ရပ်ရပ်တွင် မည်သို့ပင်ပါရှိသော်လည်း ကုမ္ပဏီတွင်ပါဝင်သူများသည် ၎င်းတို့အနေဖြင့် ကုမ္ပဏီတွင် ပါဝင်သူများအဖြစ် ဆောင်ရွက်သည့်နေ့ရက်နောက်ပိုင်းတွင် ဖွဲ့စည်းပုံအခြေခံစည်းမျဉ်းကို ပြောင်းလဲပြင်ဆင်မှုကြောင့်ပြောင်းလဲပြင်ဆင်သည့်နေ့ရက်က ၎င်းတို့လက်ဝယ်ရှိသော အစုရှယ်ယာအရေအတွက်ထက် ပိုမိုသည့်အစုရှယ်ယာများကို ရယူရန် သို့မဟုတ် ထည့်ဝင်ရန်လိုအပ်လာလျှင် သို့မဟုတ် အစုရှယ်ယာ မတည်ငွေရင်း ထည့်ဝင်ရမည့်တာဝန်များကို ပိုမိုဖြစ်ပေါ်လာစေခဲ့လျှင် သို့မဟုတ် ကုမ္ပဏီသို့ အခြားနည်းအားဖြင့် ငွေပေးချေရန်ရှိလာခဲ့လျှင် ထိုသို့ပြောင်းလဲပြင်ဆင်မှုသည် ၎င်းတို့အပေါ်တွင် သက်ဆိုင်ခြင်းမရှိစေရ။ သို့ရာတွင် ကုမ္ပဏီတွင်ပါဝင်သူများက ပြောင်းလဲပြင်ဆင်မှုမပြုမီသော်လည်းကောင်း၊ ပြုလုပ်ပြီးသည့်အခါတွင်သော်လည်းကောင်း စာဖြင့်ရေးသားလျက် ထိုပြောင်းလဲပြင်ဆင်မှုနှင့် သက်ဆိုင်စေမည်ဖြစ်ကြောင်း သဘောတူညီကြသည်ဆိုလျှင် ဤပုဒ်မနှင့် သက်ဆိုင်ခြင်းမရှိစေရ။

**ကုမ္ပဏီတွင် ပါဝင်သူများသို့ ဖွဲ့စည်းပုံအခြေခံစည်းမျဉ်း မိတ္တူများကို ပေးအပ်ရခြင်း**

၂၁။ ကုမ္ပဏီအားလုံးသည် ကုမ္ပဏီတွင်ပါဝင်သူများအနက် တစ်ဦးဦးမှ ဖွဲ့စည်းပုံအခြေခံစည်းမျဉ်းမိတ္တူတစ်စောင်ကို တောင်းဆိုလာပါက တောင်းဆိုသည့်နေ့ရက်မှ၁၄ရက်အတွင်း ကုမ္ပဏီမှ သတ်မှတ်ထားသည့် သင့်လျော်သော ငွေပမာဏကို သက်မှတ်ဖော်ပြထားသည့် ငွေပမာဏ မကျော်လွန်စေဘဲ ပေးဆောင်စေလျက် ပေးပို့ရမည်။

၂၂။ ကုမ္ပဏီသည် ပုဒ်မ ၂၁ ပါ ပြဋ္ဌာန်းချက်များကို လိုက်နာဆောင်ရွက်ခြင်းပျက်ကွက်ခဲ့လျှင် ကျူးလွန်မှုတစ်ရပ်စီအတွက် ဒဏ်ကြေးငွေကျပ် တစ်သိန်းကို ပေးဆောင်ရမည်။

**ဖွဲ့စည်းပုံအခြေခံစည်းမျဉ်းကို ပြောင်းလဲပြင်ဆင်မှုများအား မိတ္တူအားလုံးတွင် မှတ်သားဖော်ပြရခြင်း**

၂၃။ ကုမ္ပဏီ၏ ဖွဲ့စည်းပုံအခြေခံစည်းမျဉ်းကို ပြောင်းလဲပြင်ဆင်မှုတစ်ရပ် ပြုလုပ်သည့်အခါတွင် ပြောင်းလဲပြင်ဆင်မှုပြုလုပ်သည့် နေ့ရက်နောက်ပိုင်းထုတ်ဝေသည့် အဆိုပါ ဖွဲ့စည်းပုံအခြေခံစည်းမျဉ်း၏ မိတ္တူအားလုံးသည် ပြောင်းလဲပြင်ဆင်မှုနှင့်အညီ ဖြစ်စေရမည်။

၂၄။ ကုမ္ပဏီ၏ ဖွဲ့စည်းပုံအခြေခံစည်းမျဉ်းကို ပြောင်းလဲပြီးသည့်အခါတွင် ကုမ္ပဏီသည် ပြောင်းလဲပြင်ဆင်မှုကို ပြုလုပ်သည့် နေ့ရက်နောက်ပိုင်း ပြောင်းလဲပြင်ဆင်မှုနှင့်အညီ မဖြစ်သည့် ဖွဲ့စည်းပုံအခြေခံစည်းမျဉ်း၏မိတ္တူများကို ထုတ်ဝေခဲ့လျှင် ထိုသို့ထုတ်ဝေခဲ့သည့် မိတ္တူတစ်စောင်စီအတွက် ဒဏ်ကြေးငွေကျပ် တစ်သိန်းကို ပေးဆောင်ရမည်။ ထို့အပြင် အဆိုပါ ပျက်ကွက်မှုကို သိလျက်နှင့်တမင်ပြုလုပ်ခဲ့သည့် ကုမ္ပဏီ၏ဒါရိုက်တာအားလုံး သို့မဟုတ် အခြားအရာရှိများသည်လည်း အလားတူပြစ်ဒဏ်အတွက် တာဝန်ရှိသည်။

### အခန်း (၆)
### ကုမ္ပဏီအမည်များ

**ကုမ္ပဏီအမည်နှင့် အမည်ပြောင်းလဲခြင်း**

၂၅။ (က) ကုမ္ပဏီတစ်ခုသည် လိမ်လည်လိုသော သို့မဟုတ် အခြားနည်းအားဖြင့် လှည့်စားနိုင်သော သို့မဟုတ် ရှုပ်ထွေးစေနိုင်သော ကိစ္စရပ်များပေါ်ပေါက်စေနိုင်သည့် အမည်ကို မှတ်ပုံတင်ထားသည့် တည်ဆဲအဖွဲ့အစည်းတစ်ခု၏ အမည်နှင့်တူညီသော အမည်ကိုသော်လည်းကောင်း၊ ထိုအမည်နှင့်ဆင်တူသောအမည်ကိုသော်လည်းကောင်း၊ တည်ဆဲအဖွဲ့အစည်းမှ ဖျက်သိမ်းရန်ဆောင်ရွက်နေသည့်အမည်အား အသုံးပြုနိုင်ရန် ထိုအဖွဲ့အစည်း၏ သဘောတူညီချက်ကို မှတ်ပုံတင်အရာရှိထံ တင်ပြနိုင်သည့်အခါမှတစ်ပါး မှတ်ပုံတင်ဆောင်ရွက်ခြင်း မပြုရ။

(ခ) ကုမ္ပဏီတစ်ခုသည် တမင်ကြံရွယ်ချက် သို့မဟုတ် အခြားသောအကြောင်းမရှိဘဲ အထက်တွင်ဖော်ပြထားသော သဘောတူညီချက်မပါရှိဘဲ လိမ်လည်လိုသော သို့မဟုတ် အခြားနည်းအားဖြင့် လှည့်စားနိုင်သော သို့မဟုတ် ရှုပ်ထွေးစေနိုင်သော ကိစ္စရပ်များ ပေါ်ပေါက်စေနိုင်သည့် ယခင်ကမှတ်ပုံတင်ထားပြီးဖြစ်သော တည်ဆဲအဖွဲ့အစည်းတစ်ခု၏အမည်နှင့် တူညီသောအမည်ကိုသော်လည်းကောင်း၊ ထိုအမည်နှင့်ဆင်တူသော အမည်ကိုသော်လည်းကောင်း မှတ်ပုံတင်ခဲ့လျှင် ဖော်ပြပါအဖွဲ့အစည်းသည် မှတ်ပုံတင်အရာရှိ၏ ညွှန်ကြားချက်နှင့်အညီ ယင်း၏ ကုမ္ပဏီအမည်အား ပြောင်းလဲနိုင်သည်။

(ဂ) ပြည်ထောင်စုဝန်ကြီး၏ စာဖြင့်ရေးသားထားသော ကြိုတင်သဘောတူညီချက်ပါရှိသည့်ကိစ္စရပ်မှအပ မည်သည့်ကုမ္ပဏီမဆို အောက်ပါစကားရပ်များ ပါဝင်သော အမည်ဖြင့် မှတ်ပုံတင်ခြင်းမပြုရ -

(၁) "နိုင်ငံတော်အစိုးရ"၊ "နိုင်ငံတော်"၊ "ဗဟိုဘဏ်"၊ "ပြည်ထောင်စုအစိုးရ"၊ "သမ္မတ"၊ "ဝန်ကြီးဌာန" သို့မဟုတ် မြန်မာနိုင်ငံတော်အစိုးရ သို့မဟုတ် မြန်မာနိုင်ငံတော်၏ ဝန်ကြီးဌာန၊ ဦးစီးဌာန၊ ရုံးဌာန သို့မဟုတ် အဖွဲ့အစည်းတစ်ရပ်ရပ်က အဆိုပြုသော သို့မဟုတ် ယင်းတို့က ထောက်ခံတင်ပြသော စကားရပ်တစ်ခုခုပါဝင်သည့်အမည် သို့မဟုတ်

(၂) "စည်ပင်သာယာရေး" သို့မဟုတ် နိုင်ငံတော်အမိန့်ဖြင့် ဖွဲ့စည်းထားသော အဖွဲ့အစည်းတစ်ရပ်ရပ် သို့မဟုတ် တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့ အစည်းတစ်ရပ်ရပ် သို့မဟုတ် ဒေသဆိုင်ရာ အာဏာပိုင်အဖွဲ့အစည်း သို့မဟုတ် လူမှုအဖွဲ့အစည်း သို့မဟုတ် အခြားသက်ဆိုင်ရာဥပဒေ တစ်ရပ်ရပ်အရ ဖွဲ့စည်းတည်ထောင်ထားသည့် အဖွဲ့အစည်းတစ်ရပ်ရပ်ကဲ့သို့ ယူဆနိုင်သည့် စကားရပ်တစ်ခုခု ပါဝင်သည့်အမည်။

(ဃ) ကုမ္ပဏီတစ်ခုခုသည် အထူးဆုံးဖြတ်ချက်ချမှတ်ပြီး ဤဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ လိုက်နာဆောင်ရွက်လျက် မှတ်ပုံတင်အရာရှိထံသို့ သတ်မှတ်ဖော်ပြထားသည့် ပုံစံဖြင့် အကြောင်းကြားစာတင်ပြ၍ ယင်း၏အမည်အား ပြောင်းလဲနိုင်သည်။ ကုမ္ပဏီသည် အဆိုပါအထူးဆုံးဖြတ်ချက် ချမှတ်ပြီးနောက် ၂၈ ရက်အတွင်း ထိုအကြောင်းကြားစာကို တင်ပြရမည်။

(င) ကုမ္ပဏီတစ်ခုသည် ယင်း၏အမည်အား ပြောင်းလဲသည့်အခါတွင် မှတ်ပုံတင်အရာရှိအနေဖြင့် အဆိုပါအမည်သစ်သည် လက်ခံဆောင်ရွက်ပေးနိုင်သည့် အမည်ဖြစ်ပြီး ဤဥပဒေကိုသော်လည်းကောင်း၊ အခြားဥပဒေတစ်ရပ်ရပ်ကို သော်လည်းကောင်း ချိုးဖောက်ခြင်းမရှိကြောင်းတွေ့ရှိရလျှင် အဆိုပါ အမည်သစ်ကို မှတ်ပုံတင်စာအုပ်ရှိ ယခင်အမည်၏နေရာတွင် ထည့်သွင်းရေးသားဖော်ပြရမည့်အပြင် ပြင်ဆင်ချက်များနှင့်အညီဖြစ်စေသည့် ကုမ္ပဏီဖွဲ့စည်းတည်ထောင်ခြင်းဆိုင်ရာ သက်သေခံလက်မှတ်တစ်ခုကို ထုတ်ပေးရမည်။ ကုမ္ပဏီအမည်ပြောင်းလဲမှုသည် အဆိုပါသက်သေခံလက်မှတ်ကို ထုတ်ပေးသည့်အခါတွင်စတင်အကျိုးသက်ရောက်စေရမည်။

(စ) အမည်ပြောင်းလဲပြင်ဆင်ခြင်းသည် ပုဒ်မခွဲ (ဃ) နှင့် (င) တို့ပါ ပြဋ္ဌာန်းချက်များနှင့်အညီ မှတ်ပုံတင်ခြင်းမရှိသေးလျှင် အဆိုပါအမည်ပြောင်းလဲပြင်ဆင်ခြင်းအား တရားဝင်အသုံးပြုနိုင်ခြင်းမရှိ။ အထူးဆုံးဖြတ်ချက် ချမှတ်ပြီးနောက် ၂၈ ရက်အတွင်း မှတ်ပုံတင်ခြင်းမရှိလျှင် အဆိုပါ အမည်ပြောင်းလဲပြင်ဆင်မှုသည် လုံးဝ ပျက်ပြယ်သည်။

(ဆ) အမည်ပြောင်းလဲမှုသည် ကုမ္ပဏီ၏အခွင့်အရေး သို့မဟုတ် တာဝန်တစ်စုံတစ်ရာကို အကျိုးသက်ရောက်ခြင်း မရှိစေရ။ အမည်ပြောင်းလဲထားသည့် ကုမ္ပဏီသည် ၎င်းကသော်လည်းကောင်း၊ ၎င်းအပေါ်တွင်လည်းကောင်း တရားစွဲဆိုဆောင်ရွက်မှုတစ်စုံတစ်ရာတွင် ထိခိုက်ခြင်းမရှိစေရ။ ယခင် ကုမ္ပဏီအမည်ဖြင့် ၎င်းအပေါ်ဆက်လက်ပြုလုပ်သော သို့မဟုတ် စတင်ဆောင်ရွက်သော တရားစွဲဆိုမှုတစ်စုံတစ်ရာသည် ကုမ္ပဏီ၏ အမည်သစ်ဖြင့်လည်း ဆက်လက်ဆောင်ရွက်နိုင်သည်။

**အမည်ပြောင်းလဲရန် ညွှန်ကြားခြင်း**

၂၆။ (က) မှတ်ပုံတင်အရာရှိသည် ကုမ္ပဏီတစ်ခု၏ မှတ်ပုံတင်ထားခဲ့သည့် အမည်ဖြင့် မှတ်ပုံတင်ဆောင်ရွက်ခြင်း မပြုသင့်ကြောင်း သင့်လျော်သည့်အကြောင်းပြချက်များကို လက်ခံယုံကြည်လျှင် အကြောင်းကြားစာတွင် သတ်မှတ်ဖော်ပြထားသည့် နေ့ရက်၌ ကုမ္ပဏီအမည်အားပြောင်းလဲရန် စာဖြင့်ရေးသား၍ အကြောင်းကြားစာအား မှတ်ပုံတင်အရာရှိမှကုမ္ပဏီသို့ ပေးပို့နိုင်သည်။ သတ်မှတ်ဖော်ပြထားသည့်နေ့ရက်သည် အကြောင်းကြားစာ ပေးပို့သည့်နေ့ရက်မှ ရက်ပေါင်း ၆၀ ထက် မနည်းသည့် နေ့ရက်ဖြစ်ရမည်။

(ခ) ကုမ္ပဏီသည် ယင်း၏အမည်အား အကြောင်းကြားစာတွင် သတ်မှတ်ဖော်ပြထားသည့်အချိန်ကာလအတွင်း ပြောင်းလဲခြင်းမပြုခဲ့လျှင် မှတ်ပုံတင်အရာရှိသည် ကုမ္ပဏီအတွက် ၎င်းမှရွေးချယ်ပေးသော အမည်အသစ်တစ်ခုကို မှတ်ပုံတင်စာအုပ်တွင် ထည့်သွင်းရေးသားဖော်ပြနိုင်ပြီး အဆိုပါအမည်အသစ်သည် ဤအပိုင်းအရ မှတ်ပုံတင်နိုင်သည့် အမည်ဖြစ်စေရမည်။

(ဂ) မှတ်ပုံတင်အရာရှိသည် ပုဒ်မခွဲ (ခ)အရ အမည်အသစ်တစ်ခုကို မှတ်ပုံတင်ပေးခဲ့လျှင် ကုမ္ပဏီ၏အမည်အသစ်ကို မှတ်တမ်းတင်ပြီး ကုမ္ပဏီဖွဲ့စည်းတည်ထောင်ခြင်းဆိုင်ရာ သက်သေခံလက်မှတ်တစ်စောင်ကို ထုတ်ပေးရမည်။ ကုမ္ပဏီ၏ အမည်အသစ်အား မှတ်ပုံတင်ခြင်းသည် ပုဒ်မ ၂၅ အရ ပြောင်းလဲသကဲ့သို့ အကျိုးသက်ရောက်စေရမည်။

**ကုမ္ပဏီအမည်အား အသုံးပြုခြင်း**

၂၇။ ကုမ္ပဏီတစ်ခုအနေဖြင့် ယင်း၏အမည်သည် အောက်ပါကိစ္စရပ်များတွင် ရှင်းလင်းစွာ ဖော်ပြရမည်-

(က) ကုမ္ပဏီမှသော်လည်းကောင်း၊ ကုမ္ပဏီ၏ ကိုယ်စားသော်လည်းကောင်း ပေးပို့ဆောင်ရွက်သည့် စာဖြင့်ရေးသား ဆက်သွယ်ဆောင်ရွက်မှုများအားလုံးနှင့်

(ခ) ကုမ္ပဏီ၏ တရားဝင်တာဝန်တစ်ရပ်ကို ထင်ရှားစေသော သို့မဟုတ် ဖြစ်တည်စေမည့် ကုမ္ပဏီမှသော်လည်းကောင်း၊ ကုမ္ပဏီ၏ကိုယ်စားသော်လည်းကောင်း ထုတ်ပြန်သော သို့မဟုတ် လက်မှတ်ရေးထိုးသော စာရွက်စာတမ်းများအားလုံး။

### အခန်း (၇)
### ကုမ္ပဏီ၏ ဆက်သွယ်ဆောင်ရွက်မှုများ

**ဆောင်ရွက်ချက်များ တရားဝင်ခြင်း**

၂၈။ (က) ဤဥပဒေပါ ပြဋ္ဌာန်းချက်တစ်စုံတစ်ရာကို ကန့်သတ်ထားခြင်း မရှိစေဘဲ ကုမ္ပဏီတွင် ထိုဆောင်ရွက်ချက်အား ပြုလုပ်ရန် သို့မဟုတ် ထိုပစ္စည်းအားလွှဲပြောင်းရန် သို့မဟုတ် လက်ခံရယူရန်အတွက် လုပ်ကိုင်နိုင်စွမ်း သို့မဟုတ် အခွင့်အရေး သို့မဟုတ် အခွင့်အာဏာမရှိခဲ့သည်ဆိုသည့် အကြောင်းကြောင့် ကုမ္ပဏီ၏ ဆောင်ရွက်ချက်များ၊ ကုမ္ပဏီသို့ သော်လည်းကောင်း၊ ကုမ္ပဏီမှသော်လည်းကောင်း ပစ္စည်းလွှဲပြောင်းခြင်းများတို့သည် ပျက်ပြယ်ခြင်း မရှိစေရ၊

(ခ) ဆောင်ရွက်ချက်တစ်ခုသည် ကုမ္ပဏီ၏ အကျိုးစီးပွားအတွက် အကောင်းဆုံး မဖြစ်သော်လည်း ထိုသို့ဆောင်ရွက်ရန် ကုမ္ပဏီ၏ လုပ်ကိုင်နိုင်စွမ်းကို ထိခိုက်ခြင်း မရှိစေရ။

(ဆက်လက်ဖော်ပြပါမည်)



# မြန်မာသဒ္ဒါသင်ကြားရေး (၃၂)

**မောင်ခင်မင်(ဓနုဖြူ)**

"သမ္ဗန္ဓမှာလည်း ဝိဘတ်လိုပဲ အပြောစကားမှာ တွင်တွင်ကျယ်ကျယ် သုံးနေတဲ့ သမ္ဗန္ဓတွေကို ပြည့်ပြည့်စုံစုံပြသင့်တယ်လို့ ထင်တယ်၊ နမူနာပြောကြရအောင်၊ စာသုံးစကားမှာ 'သော်လည်း' ဆိုတဲ့ သမ္ဗန္ဓပါတယ်၊ အဲဒါနဲ့တူတဲ့ အပြောသုံးသမ္ဗန္ဓက ဘာပါလိမ့်"

" 'ပေမယ့်' ပါဆရာ"

"ဟုတ်တယ်၊ 'သူက ဆင်းရဲပေမယ့် စိတ်ကောင်းရှိတယ်' ဆိုတဲ့ ဝါကျမျိုးမှာ 'ပေမယ့်'ဟာ အပြောသုံးသမ္ဗန္ဓပေ့ါ၊ အဲဒီလိုပဲ ပေါင်းစည်းပြသမ္ဗန္ဓမှာ 'နှင့်' ကို ပြထားတယ်၊ အပြောစကားမှာ 'နှင့်' လို့ပဲ သုံးသလား"

" 'နဲ့' လို့ သုံးပါတယ်ဆရာ"

"ဟုတ်တယ်၊ 'သူနဲ့ငါ'၊ 'စစ်နဲ့ငြိမ်းချမ်းရေး၊ ဆရာနဲ့တပည့်' ဆိုတဲ့ အသုံးတွေ တွင်တွင်ကျယ်ကျယ် သုံးနေတာပဲဟာ၊ 'နဲ့' ကို လည်း ထည့်ပြသင့်တာပေ့ါ"

"ဟုတ်ကဲ့ပါ"

"အနက်အဓိပ္ပာယ်အရ သမ္ဗန္ဓတွေကို ၁၁ မျိုးတောင် ခွဲပြထားတာပဲ၊ ဒါပေမယ့် သမ္ဗန္ဓဘယ်နှမျိုးရှိတယ်ဆိုတာကို သိဖို့ထက် အဲဒီသမ္ဗန္ဓတွေကို မှန်မှန်ကန်ကန် သုံးတတ်ဖို့က ပိုပြီးလိုအပ်ပါတယ်၊ လက်တွေ့သုံးတတ်အောင် လေ့ကျင့်ခန်းတွေ များများပေးပြီး လေ့ကျင့်နိုင်ရင်ကောင်းတာပေ့ါကွယ်"

"ဟုတ်ကဲ့ပါ"

"ဒီတော့ စာသုံးသမ္ဗန္ဓတွေနဲ့ အသုံးတူတဲ့ အပြောသုံးသမ္ဗန္ဓတွေကို ဖြည့်စွက်ပြီး သင်ပေးကြပေ့ါ၊ ခက်တာက သဒ္ဒါစာအုပ်ထဲမှာ အပြောသုံးသမ္ဗန္ဓတွေ လုံးဝမပါတာတော့ မဟုတ်ဘူး၊ ပါတဲ့ဟာပါ၊ မပါတဲ့ဟာ မပါ ဖြစ်နေတယ်လေ၊ သတိထားမိကြရဲ့လား"

"သတိမထားမိပါဘူး ဆရာ"

"လိုရင်းပဲ ပြောပ့ါမယ်၊ 'စာသင်နေစဉ်' နဲ့ 'လသာတုန်း' မှာ 'စဉ်' နဲ့ 'တုန်း' ဟာ စာသုံးနဲ့ အပြောသုံးပဲကွာတာမဟုတ်လား၊ သဘောက အတူတူပဲလေ၊ အဲဒီလိုပဲ 'မကြာမီ' နဲ့ 'မကြာခင်'၊ 'ဖြစ်ရန်' နဲ့ 'ဖြစ်အောင်'၊ 'သကဲ့သို့' နဲ့ 'သလို' ဆိုတဲ့ သမ္ဗန္ဓအသုံးတွေဟာလည်း စာသုံးနဲ့ အပြောသုံးပဲ ကွာတာ၊ အဲဒါတွေ စာအုပ်ထဲမှာ ပါပါတယ်၊ 'ဖြစ်စေ... ဖြစ်စေ' နဲ့ အသုံးတူတဲ့ 'ဖြစ်ဖြစ်...ဖြစ်ဖြစ်' အသုံးတို့၊ 'သူရော ငါရော' ဆိုတဲ့ 'ရော... ရော' အသုံးတို့ 'အမေရယ် အဖေရယ်' ဆိုတဲ့ 'ရယ်... ရယ်' အသုံးတို့ အဲဒီလိုအပြောမှာ တွင်တွင်ကျယ်ကျယ် သုံးတဲ့ သမ္ဗန္ဓတွေလည်း ပြည့်ပြည့်စုံစုံပါရင် ကောင်းတာပေ့ါကွယ်"

"ဟုတ်ကဲ့ပါ"

"ကဲ... နောက်ဝါစင်္ဂတစ်ခုအကြောင်း ပြောရအောင်"

"နောက်ဝါစင်္ဂက ပစ္စည်းပါ ဆရာ"

"ဟုတ်ပါပြီ၊ ဝါစင်္ဂ ရှစ်ပါးခွဲတဲ့ စနစ်မှာတော့ ပစ္စည်းကို ဝါစင်္ဂထဲ မထည့်ဘူး၊ ဝါစင်္ဂကိုးပါးခွဲတဲ့ စနစ်မှာတော့ ပစ္စည်းကို ဝါစင်္ဂတစ်ခုအဖြစ် ထည့်တယ်၊ ပစ္စည်းဖွင့်ဆိုပုံကို ပြောပါဦး"

"ဟုတ်ကဲ့၊ 'နာမ်၊ နာမ်စား၊ နာမဝိသေသန၊ ကြိယာ၊ ကြိယာဝိသေသနတို့ အဓိပ္ပာယ်ကို ထူးခြားလေးနက်အောင် ကူညီထောက်ပံ့သော စကားလုံးကို ပစ္စည်းဟု ခေါ်သည်' တဲ့ ဆရာ"

"ပစ္စည်းအမျိုးအစားရော ဘယ်လိုခွဲသလဲ"

"နာမ်ပစ္စည်း၊ ကြိယာပစ္စည်း၊ ပုဒ်ပြောင်းပစ္စည်းဆိုပြီး သုံးမျိုးခွဲပါတယ် ဆရာ"

"အဲဒီတော့ အရင်ဆုံးနာမ်ပစ္စည်းတွေကို ကြည့်တာပေ့ါ၊ နာမ်ပစ္စည်းတွေမှာ 'မျိုးပြပစ္စည်း' ကို အရင်ဆုံးပြတယ်မဟုတ်လား၊ မျိုးပြပစ္စည်းက မြန်မာစကားမှာ အင်မတန်အသုံးတွင်ကျယ်တဲ့ ပစ္စည်းတွေပဲ၊ မျိုးပြပစ္စည်းတွေကို မှန်မှန်ကန်ကန် သုံးတတ်ဖို့လိုတယ်လေ"

"ရှင်းပြပါဦး ဆရာ"

"မြန်မာစကားမှာ မျိုးပြပစ္စည်းသုံးရင် အရေအတွက်ပြတဲ့ ကိန်းဂဏန်းနဲ့ တွဲသုံးရတယ်မဟုတ်လား၊ မြန်မာစကားမှာ နာမ်တွေရဲ့အရေအတွက်ကို မျိုးပြပစ္စည်းမပါဘဲ သုံးလို့မရဘူးလေ၊ အဲဒါသတိထားမိတယ်မဟုတ်လား"

"ဘာကိုဆိုလိုတာပါလဲ ဆရာ"

"အနီးစပ်ဆုံး အင်္ဂလိပ်စကားနဲ့ ယှဉ်ကြည့်လေ၊ အင်္ဂလိပ်စကားမှာ အရေအတွက်နဲ့၊ နာမ်နဲ့ တိုက်ရိုက်တွဲသုံးတယ်၊ ဆိုပါတော့ 'two dogs'၊ 'three flowers' လို့ သုံးတာမျိုးပေ့ါ၊ မြန်မာစကားမှာ အဲဒီပုံစံအတိုင်း 'နှစ်ခွေး'၊ 'သုံးပန်း' လို့မှ သုံးလို့မရတာ၊ ကဲ ဘယ်လိုသုံးသလဲ"

"ခွေးနှစ်ကောင်၊ ပန်းသုံးပွင့်လို့ သုံးပါတယ် ဆရာ"

"အေး အဲဒီ 'ကောင်' တို့၊ 'ပွင့်' တို့ကို မျိုးပြပစ္စည်းလို့ ခေါ်တာပေ့ါ၊ မျိုးပြပစ္စည်းတွေက အမျိုးအစားတို့ ပုံသဏ္ဌာန်တို့ကို ဖော်ပြတယ်လေ၊ ဆိုပါတော့ ဘုရားဆိုရင်

> **"သုညနဲ့ ဆုံးတဲ့ ကိန်းတွေဆိုရင်တော့ မျိုးပြကို အဲဒီလို တိုက်ရိုက်သုံးလို့မရဘူး၊ 'သံဃာတော် ၂၀ ပါးလို့ သုံးလို့မရဘူး၊ သံဃာတော်အပါး ၂၀ လို့ သုံးရတယ်၊ အဲဒီလိုပဲ လူအယောက် ၅၀၊ ဘဲဥအလုံး ၆၀၀၊ ခားအစင်း ၃၀၀' ဆိုတာမျိုးသုံးရတယ်၊ မျိုးပြကို ရှေ့က အ-တွဲပြီး ကိန်းဂဏန်းရဲ့ရှေ့မှာ သုံးရတယ်"**

'တစ်ဆူ၊ နှစ်ဆူ' သုံးရတယ်မဟုတ်လား၊

အဲဒီလိုပဲ၊ 'ရဟန်းတစ်ပါး ၊ လူတစ်ယောက် ၊ ဆင်တစ်ကောင်' စသည်ဖြင့်ပေ့ါ၊ အမျိုးအစားအလိုက် သုံးရတဲ့မျိုးပြပစ္စည်းတွေ ရှိတာပေ့ါ"

"ဟုတ်ကဲ့ပါ"

" 'ဘဲဥတစ်လုံး၊ ဖျာတစ်ချပ်၊ ကြိုးတစ်ချောင်း၊ သေနတ်တစ်လက်၊ ကားတစ်စီး၊ လှေတစ်စင်း' စသည်ဖြင့် ပုံသဏ္ဌာန်အလိုက်သုံးတဲ့ မျိုးပြပစ္စည်းတွေလည်းရှိတယ်၊ 'ဖိနပ်တစ်ရန်၊ နွားတစ်ရှဉ်း' ဆိုပြီး နှစ်ခုတွဲအလိုက် သုံးတဲ့မျိုးပြတွေလည်း ရှိတယ်လေ"

"ဟုတ်ကဲ့ပါ"

"အဲဒီလိုပဲ၊ 'ဆီတစ်ပိဿာ၊ ဓာတ်ဆီဆယ်ဂါလန်၊ ဆန်တစ်တင်း' စသည်ဖြင့် အတိုင်းအတာပမာဏအလိုက်သုံးတဲ့ မျိုးပြပစ္စည်းတွေလည်း ရှိတယ်"

"မျိုးပြသက်သက်မဟုတ်ဘဲ နာမ်တွေကို မျိုးပြလိုထပ်ဆင့်သုံးတဲ့ အသုံးတွေလည်း ရှိတယ်လေ"

"ဘယ်လိုအသုံးမျိုးပါလဲ ဆရာ"

" 'အိမ်တစ်အိမ်'၊ 'ရေတွင်းတစ်တွင်း' ဆိုတာမျိုးပေ့ါ၊ 'အိမ်တစ်အိမ်' မှာ နာမ်ကိုပဲ မျိုးပြပစ္စည်းအဖြစ် ထပ်သုံးတာလေ၊ ရှေ့က 'အိမ်' က နာမ်နောက်က 'အိမ်' က မျိုးပြပစ္စည်းပေ့ါ၊ 'ဘောလုံးတစ်လုံး' ကျတော့ ရှေ့က နာမ်ရဲ့အစိတ်အပိုင်းတစ်ခုကို မျိုးပြပစ္စည်းအဖြစ် ထပ်သုံးတာပေ့ါ"

"သြော်... နားလည်ပါပြီ ဆရာ"

"နောက်တစ်ခုက နာမ်တစ်ခုကို မျိုးပြတစ်ခုမက သုံးနိုင်တာမျိုးလည်း ရှိတယ်၊ သုံးတဲ့ရည်ရွယ်ချက်ကို လိုက်လို့ပေ့ါ"

"ဘယ်လိုအသုံးပါလဲ ဆရာ"

" 'ဓား' ဆိုပါတော့၊ 'ဓားတစ်လက်၊ ဓားတစ်ချောင်း၊ ဓားတစ်စင်း' ဆိုပြီး မျိုးပြတစ်ခုမက သုံးနိုင်တယ်လေ၊ 'ဓားတစ်လက်' လို့သုံးရင် လက်နက်ဆိုတဲ့ အဓိပ္ပာယ်ပေ့ါ၊ သေနတ်တစ်လက်၊ အမြောက်တစ်လက်ဆိုတာမျိုးပေ့ါ၊ 'ဓားတစ်ချောင်း' လို့ သုံးရင်တော့ အချောင်းအတံဆိုတဲ့ အဓိပ္ပာယ်ပေ့ါ၊ 'ဓားတစ်စင်း' ဆိုရင်တော့ ဖြောင့်စင်းတဲ့ အရာဝတ္ထုဆိုတဲ့ အဓိပ္ပာယ်ပေ့ါကွယ်"

"ဟုတ်ကဲ့ပါ"

"ယေဘုယျသုံးနိုင်တဲ့ မျိုးပြပစ္စည်းကတော့ 'ခု' ဆိုတဲ့ မျိုးပြပဲ၊ မုန့်တစ်ခု၊ အလုပ်တစ်ခု၊ ကိစ္စတစ်ခု ဆိုတာမျိုး အကောင်အထည်ရှိတာနဲ့ရော၊ မရှိတာနဲ့ရော တွဲသုံးနိုင်တယ်လေ"

"ဘာသာတရားတို့၊ ယုံကြည်ကိုးကွယ်မှုတို့နဲ့ ဆက်စပ်ရင် 'ပါး' ကို သုံးလေ့ရှိတယ်၊ ရတနာသုံးပါး၊ အနန္တငါးပါး၊ အပြစ်ခြောက်ပါး၊ အပါယ်လေးပါး စသည်ဖြင့်ပေ့ါ၊ ကောင်းတာရော၊ ဆိုးတာရော ပါနိုင်တာပေ့ါ၊ အသေးစိတ်လေ့လာကြည့်ပေ့ါကွယ်"

"ဟုတ်ကဲ့ပါ"

"မျိုးပြသုံးတဲ့နေရာမှာ တွဲသုံးတဲ့ ကိန်းဂဏန်းကိုလိုက်ပြီး သုံးပုံကွာတာလည်း ကလေးတွေကို သင်ဖို့လိုတယ်နော်"

"ဟုတ်ကဲ့ပါ"

" ၁ ကနေ ၉ အထိ ဆုံးတဲ့ ကိန်းတွေနဲ့ သုံးရင် မျိုးပြကို နောက်ကကပ်ပြီး သုံးတယ်၊ 'လူ ၁၅ ယောက်၊ သံဃာ ၁၄၉ ပါး၊ စာအုပ် ၃၄၂၆ အုပ်' ဆိုတာမျိုးပေ့ါ"

"ဟုတ်ကဲ့ပါ"

"သုညနဲ့ ဆုံးတဲ့ ကိန်းတွေဆိုရင်တော့ မျိုးပြကို အဲဒီလို တိုက်ရိုက်သုံးလို့မရဘူး၊ 'သံဃာတော် ၂၀ ပါးလို့ သုံးလို့မရဘူး၊ သံဃာတော်အပါး ၂၀ လို့ သုံးရတယ်၊ အဲဒီလိုပဲ လူအယောက် ၅၀၊ ဘဲဥအလုံး ၆၀၀၊ ခားအစင်း ၃၀၀' ဆိုတာမျိုးသုံးရတယ်၊ မျိုးပြကို ရှေ့က အ-တွဲပြီး ကိန်းဂဏန်းရဲ့ရှေ့မှာ သုံးရတယ်"

"ဆရာ၊ သံဃာတော် ၂၀၊ ဘဲဥ ၆၀၀၊ ခား ၃၀၀ လို့ သုံးလို့လည်း ရမယ်ထင်ပါတယ်"

"ဟုတ်တယ်၊ မျိုးပြလုံးဝမထည့်ဘဲ နာမ်နဲ့ သုညဆုံးတဲ့ ကိန်းဂဏန်းတွေနဲ့ ကပ်သုံးလို့ ရပါတယ်၊ မျိုးပြသုံးရင်တော့ ရှေ့က အ-ရှေ့ဆက်တွဲပြီး သုံးတာ များပါတယ်၊ အနှစ် ၁၀၀ ၊ အရက် ၂၀ ဆိုတာမျိုးပေ့ါ၊ အဲ... လ ကျတော့ အလ ၃၀ ဆိုတာမျိုး သုံးတာမရှိဘူး၊ လ ၃၀ လို့ပဲ သုံးတယ်လေ၊ သတိထားစရာ ကလေးတွေပေ့ါ"

"ဟုတ်ကဲ့ပါ"

"ရန်ကုန်မြို့လယ်က လမ်းတွေခေါ်ပုံကြည့်ရင်လည်း သိနိုင်ပါတယ် '၁ လမ်း၊ ၁၂ လမ်း၊ ၄၉ လမ်း' ဆိုတာမျိုးသုံးပေမယ့် 'လမ်း ၂၀၊ လမ်း ၃၀၊ လမ်း ၄၀' ဆိုပြီး သုညဆုံးတဲ့ လမ်းတွေကျတော့ နာမ်ကို ကိန်းဂဏန်းရှေ့က ထားသုံးရတယ် မဟုတ်လား"

"ဟုတ်ကဲ့ပါ"

"အဲဒီမှာ တစ်ခုမှတ်ဖို့က ၁၀ ကို အတိုကောက်ခေါ်တဲ့ 'ဆယ်'ဆိုတဲ့ ကိန်းကိုကျတော့ ၁ ကနေ ၉ အထိသုံးတဲ့ ပုံစံမျိုးပဲ သုံးရတယ်၊ သုညဆုံးတဲ့ ကိန်းတွေလို သုံးလေ့မရှိဘူး၊ ဆိုလိုတာက 'လူအယောက် ၁၀' လို့ သုံးလေ့မရှိဘူး၊ လူဆယ်ယောက်လို့ပဲ သုံးတယ်။ ခွေးဆယ်ကောင်၊ ဘဲဥဆယ်လုံးဆိုတာမျိုးပေ့ါ၊ သုညမဆုံးတဲ့ ကိန်းတွေနဲ့ အသုံးတူတယ်လို့ နားလည်နိုင်ပါတယ်"

"ဟုတ်ကဲ့ပါ ဆရာ"

"သတင်းစာတွေ၊ ဂျာနယ်တွေထဲမှာ '၂၀ကြိမ်မြောက် ကထိန်သင်္ကန်းကပ်လှူပွဲ' ဆိုတာမျိုးတွေ့ရတတ်တယ်၊ 'အကြိမ် ၂၀မြောက်' လို့ သုံးမှ မှန်မှာပေ့ါ၊ မျိုးပြပစ္စည်းအကြောင်း ဒီလောက်ဆိုရင် လုံလောက်ပါပြီ"

"ကျေးဇူးတင်ပါတယ်ဆရာ"

# ကျောင်းသားကျောင်းသူများ စာပေအဆင့်မြင့်မားရေး စာစီစာကုံးပြိုင်ပွဲ ကျင်းပပေး

**ဇန်းမော်ညိုသူ**

မထင်မှတ်ဘဲ ဖုန်းတစ်ခုဝင်လာပါတယ်။ ကောက်ကိုင်နားထောင်လိုက်တော့...

"ဆရာဇန်းမော်ညိုသူလားခင်ဗျာ"

"ဟုတ်ကဲ့၊ ကျွန်တော်ဇန်းမော်ညိုသူပါ၊ အမိန့်ရှိပါ ဘယ်ကများလဲဗျာ"

"ကျွန်တော်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနမှ ခရိုင် ဦးစီးအရာရှိပါ၊ ဆရာ့ကို အကူအညီတောင်းချင်လို့၊ ဆရာအားရင် မနက်ဖြန် နံနက် ၁၀ နာရီ ရုံးကို ကြွပေးခဲ့ပါဦး၊ 'အမျိုးသားနေ့' အတွက် စာစီစာကုံးပြိုင်ပွဲ လုပ်ပြီးသွားပြီ၊ အဲဒါပြိုင်ပွဲစာမူတွေကို စစ်ပေးပါဦးဆရာ၊ စာရေး ဆရာ ရွှေကူမောင်နှင်းအေးကိုလည်း ခေါ်ထားတယ် ဆရာ"

"ဟုတ်ကဲ့...ဟုတ်ကဲ့၊ လာခဲ့ပ့ါမယ်၊ စိတ်ချပါ"

နောက်နေ့ နံနက် ၁၀ နာရီမှာ ရုံးကို ရောက်သွားပါတယ်။ ဆရာ မောင်နှင်းအေးလည်း ရောက်နှင့်နေပါတယ်။

"ဆရာတို့ကို အကူအညီတောင်းတာက တခြားမဟုတ်ဘူး ဆရာ၊ ခါတိုင်းနှစ်တွေမှာတော့ ကျောင်းကဆရာဆရာမတွေကိုပဲ စစ်ခိုင်းပါတယ်၊ ဒီနှစ်တော့ တစ်မျိုးစီစဉ်ထားပါတယ် ဆရာ၊ ခုံနံပါတ်နဲ့ ပြိုင်ပွဲလုပ်ပါတယ်၊ အရည်အချင်းရှိတဲ့ ကျောင်းသားတွေ ပေါ်ထွက်လာအောင်ပါ၊ စာရေးနေကျ စာပေနယ်ထဲမှာ ကျင်လည်နေကြတဲ့ စာရေးဆရာ တွေကိုပဲ စစ်ခိုင်းတော့မယ်ဆိုတဲ့ ရည်ရွယ်ချက်နဲ့ ဆရာတို့ကို ဖိတ်ရတာဖြစ်ပါတယ်" ဟု ပြောကြားသည်။

ဦးစီးအရာရှိဟာ သူ့ရဲ့ ရည်ရွယ်ချက်တွေကို ပြောပြီး ကျွန်တော်တို့ မျက်နှာကို အကဲခတ်နေပါတယ်။

"ဦးစီးအရာရှိဒီလိုလုပ်တာ ကျွန်တော်တို့ အလွန်သဘောကျတယ်၊ ဘာဖြစ်လို့လဲဆိုတော့ မြန်မာစာနဲ့ ပတ်သက်ပြီး လူတော်လူကောင်းတွေ၊ တွေးခေါ်တတ်တဲ့ ကျောင်းသားတွေ ပေါ်လာမှာဖြစ်လို့ပါပဲ"

ကျွန်တော်တို့ စာရေးဆရာနှစ်ယောက်ဟာ ၁၁ နာရီလောက်မှာ စာစစ်ဖြစ်ကြပါတယ်။ ကျွန်တော်က အလယ်တန်းကို စစ်ရပြီး ဆရာရွှေကူမောင်နှင်းအေးက အထက်တန်းကို စစ်ရပါတယ်။ ဒါပေမယ့် တစ်လှည့်စီစစ်ပါတယ်။ ကျွန်တော် အလယ်တန်းပြီးရင် အထက်တန်းကို စစ်ရပြီး ကျွန်တော့် အလယ်တန်း စစ်ဆေးချက်ကို ရွှေကူမောင်နှင်းအေးက ပြန်စစ်ရပါတယ်။ စစ်ဆေးချက်တွေကို နှစ်ဦးညှိနှိုင်းပြီး ပထမ၊ ဒုတိယ၊ တတိယရွေးချယ်ကြပါတယ်။ စာစီစာကုံးစစ်ဆေးချက်နဲ့ ပတ်သက်ပြီး အတွေ့အကြုံတွေကို ပြောပြပါဦးမယ်။ ဒီနေ့ မြန်မာပြည်မှာ စာပေလှုပ်ရှားမှုကို တော်တော်လေး တွင်ကျယ်အောင် လုပ်နေကြပါတယ်။ သုတ၊ ရသစာပေတွေကို တိုးတက်အောင် ကြိုးစားနေချိန်မှာ အခြေခံဖြစ်တဲ့ စာစီစာကုံးတွေကို အလွတ်ကျက်ခိုင်းပြီး ပြိုင်ပွဲဝင်ခိုင်းတာလောက် အောက်တန်းကျတာမရှိဘူးလို့ ထင်ပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ ဆရာ ဆရာမတွေက ကလေးတွေရဲ့ တွေးခေါ်ဉာဏ်တွေကို မြှင့်တင်မပေးဘဲ ရိုက်ချိုးပစ်လိုက်တာနဲ့ တူလို့ပါ။ တစ်ခုရှိပါသေးတယ်။ ပြိုင်ပွဲတွေကမှ ပထမရရှိထားတဲ့ စာစီစာကုံးတွေ(စာအုပ်ထုတ်ထားပြီးထဲမှ)ကျက်ခိုင်းစေပြီး ဝင်ပြိုင်ခိုင်းတဲ့ ပုံစံဖြစ်နေပါတယ်။ ကျွန်တော်တို့စစ်ဆေးတဲ့အခါမှာ စာစီစာကုံးအတော်များများဟာ '၏' 'သည်' ကအစ အားလုံးတူညီနေတာကို တွေ့နေရပါတယ်။

အမှန်တော့ ကျောင်းက ဆရာ ဆရာမတွေဟာ မိမိကျောင်း၊ မိမိအတန်း၊ မိမိတပည့်တွေကို နာမည်ရအောင် လုပ်ပေးခြင်းပါပဲ။ ဒါပေမယ့် လုပ်ဆောင်ချက်တွေဟာ လွဲမှားနေပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ စာစီစာကုံးဆိုတာ ကလေးတွေရဲ့လေ့လာသိမြင်တဲ့ သုတ၊ ရသတွေကို ဘယ်လိုရေးနိုင်တယ်ဆိုတဲ့ သဘောကို စမ်းသပ်ခြင်းပါပဲ။ အလွတ်ကျက်မှတ်ပြီး ပြိုင်ပွဲဝင်တာမျိုးကတော့ အခြေခံမြန်မာစာတိုးတက်ရေးအတွက် ခက်ခဲဖြစ်စေပါတယ်။

ကျွန်တော်နဲ့ စာရေးဆရာမောင်နှင်းအေးတို့ဟာ စာတွေတူညီနေတဲ့ စာစီစာကုံးတွေကို ဘေးဖယ်ထားပြီး မိမိတို့ရဲ့ သုတ၊ ရသဉာဏ်တွေနဲ့ ရေးသားတဲ့ ကလေးတွေရဲ့ပြိုင်ပွဲစာမူတွေကို စစ်ဆေးအမှတ်ပေးခဲ့ကြပါတယ်။ တချို့ကလေးတွေဟာ အင်မတန်တော်ကြပါတယ်။ တော်တော်လေး စာဖတ်ထားပုံရပါတယ်။ စာစစ်သူကျွန်တော်တို့တောင် မသိမမြင်ခဲ့တဲ့ အချက်တွေကို ထည့်သွင်းရေးနိုင်စွမ်းရှိကြတာကို တွေ့ရပါတယ်။ အဲဒီကလေးတွေလိုပဲ အခြားအခြားသော ကလေးတွေကိုလည်း ရေးသားနိုင်ဖို့ ကြိုးစားစေချင်ပါတယ်။ ဆရာ ဆရာမတွေကလည်း ပြိုင်ပွဲဝင်စာစီစာကုံးခေါင်းစဉ်တွေ သိထားခဲ့ရင် အဲဒီခေါင်းစဉ်ပါ အကြောင်းအရာ၊ အချက်အလက်တွေကိုသာ ပြောပေးစေချင်ပါတယ်။ ကိုယ်တိုင်ရေးပေးပြီး ကျက်ခိုင်း၊ ပြိုင်ပွဲဝင်ခိုင်းတဲ့ ပုံစံမျိုး မဖြစ်စေချင်ပါဘူး။

နောက်ဆုံးကျွန်တော့်အနေနဲ့ ဆန္ဒပြုချင်တာကတော့ သက်ဆိုင်ရာတွေကနေပြီး စာစီစာကုံးပြိုင်ပွဲတွေ လုပ်ပေးခဲ့ရင် ရေးရမယ့် စာစီစာကုံးခေါင်းစဉ်ပေးမထားဘဲ ပြိုင်ပွဲဝင်ချိန်ရောက်မှ ရေးရမယ့်ခေါင်းစဉ်ကို အသိပေးရေးနိုင်ခဲ့ရင် အကောင်းဆုံးဖြစ်မယ်လို့ ထင်မြင်မိပါကြောင်း။ ဒါမှလည်း ကျောင်းသားတွေဟာ ဘယ်အထိ ဗဟုသုတရှာမှီးနေတယ်ဆိုတာ အကဲခတ်လို့ရနိုင်ကြောင်း တင်ပြလိုက်ပါတယ်။ ။

အ ခွင့် အ လမ်း ဖွေ ရှာ ဘ ၀ အ တွက် တာ

မြန်မာနိုင်ငံသည် အာဆီယံစီးပွားရေးအသိုက်အဝန်းသို့ ဝင်ရောက်ခဲ့ပြီဖြစ်ရာ မိမိတို့ လူသားအရင်းအမြစ်များကို ကျွမ်းကျင်လုပ်သားများအဖြစ် လေ့ကျင့်ပျိုးထောင်ပြီး အာဆီယံနိုင်ငံများ၏ ဘုံအလုပ်သမားဈေးကွက်၌ အရည်အသွေးပြည့်ဝစွာ ယှဉ်ပြိုင်နိုင်ရေးအတွက် အစိုးရ၊ အလုပ်ရှင်၊ အလုပ်သမားများအားလုံးတွင် တာဝန်ကိုယ်စီရှိပါသည်။ မြန်မာနိုင်ငံတွင် လူဦးရေ ၅၁ သန်းကျော်ရှိပြီး အလုပ်လုပ်နိုင်သူဦးရေမှာ ၃၂ သန်းကျော်ရှိသည်။ ထို့အပြင် တစ်နိုင်ငံလုံး၏ ၆၇ ရာခိုင်နှုန်းသော အလုပ်လုပ်နိုင်သည့် လူစွမ်းအား အရင်းအမြစ်များသည် ပြည်တွင်း၊ ပြည်ပအလုပ်အကိုင်များကိုရရှိကာ ကျွမ်းကျင်သည့် အလုပ်သမားများအဖြစ် ရပ်တည်နိုင်ကြပြီး နိုင်ငံတော်အတွက် မှန်ကန်သည့်ဝင်ငွေလမ်းကြောင်း၊ တိုင်းပြည်တိုးတက်ကြီးပွားရေးအတွက် ဘက်ပေါင်းစုံမှ ကူညီပံ့ပိုးသူများဖြစ်လာစေရန် ရည်ရွယ်ကာ ပြည်တွင်း၊ ပြည်ပအလုပ်အကိုင်အခွင့်အလမ်းများ၊ အလုပ်သမားများအတွက် သိသင့်သိထိုက်သည်များ၊ ကျွမ်းကျင်မှုစနစ်များ၊ လိုအပ်ချက်များ၊ လူမှုဖူလုံရေးခံစားခွင့်များအကြောင်းကို အလျဉ်းသင့်သလို တင်ဆက်သွားရန် ရည်ရွယ်ထားပါသည်။

# ကမ္ဘာလုံးဆိုင်ရာ ရွှေ့ပြောင်းသွားလာသူများအတွက် အမျိုးသားအဆင့် အဖြေရှာထုတ်ဖော်

**ခင်ရတနာ**

ပုံမှန်မဟုတ်သည့် ရွှေ့ပြောင်းသွားလာမှုသည် ကမ္ဘာလုံးဆိုင်ရာ စိန်ခေါ်မှုတစ်ရပ်ဖြစ်လာသည်နှင့်အမျှ အပြည်ပြည်ဆိုင်ရာမှ ပူးပေါင်းတုံ့ပြန်ဆောင်ရွက်ရေးသည် အလွန်အရေးကြီးကြောင်း သိရသည်။ ရွှေ့ပြောင်းအလုပ်သမားများအရေးအတွက် မြန်မာနိုင်ငံမှ ပညာရှင်များ၊ အလုပ်သမားကိုယ်စားလှယ်များကလည်း အစိုးရနှင့် ပူးပေါင်းကာ အဖြေရှာဖော်ထုတ်ခဲ့ကြပြီး ယင်းအချက်များကို ဘေးကင်းလုံခြုံ၍ စနစ်ကျသော တရားဝင်ရွှေ့ပြောင်းသွားလာနေထိုင်ခြင်းဆိုင်ရာ ကမ္ဘာလုံးသဘောတူညီချက်သတ်မှတ်ရာတွင် တင်ပြနိုင်ရန် အမျိုးသားအဆင့်အလုပ်ရုံဆွေးနွေးပွဲပြုလုပ်ကာ ဖော်ထုတ်ခဲ့သည်။

ပုံမှန်မဟုတ်သည့် ရွှေ့ပြောင်းသွားလာခြင်းဆိုင်ရာ ဒုက္ခပြဿနာများသည် စဉ်ဆက်မပြတ်ဖြစ်ပေါ်နေသည်ကို ဖြေရှင်းဆောင်ရွက်ရန်အတွက် နိုင်ငံတကာမှ အလုပ်သမားအဖွဲ့အစည်းများ၊ အစိုးရများသည် ဘေးကင်းလုံခြုံပြီး စနစ်ကျသော တရားဝင်ရွှေ့ပြောင်းသွားလာမှု ဖြစ်စေရန် ဝိုင်းဝန်းကြိုးပမ်းလျက်ရှိကြသည်။

ရွှေ့ပြောင်းသွားလာရာတွင် ၂၁ ရာစုသည် အမြင့်ဆုံးဖြစ်လာပြီး ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံများက ဘေးကင်းလုံခြုံပြီး စနစ်ကျသော တရားဝင် ရွှေ့ပြောင်းသွားလာနေထိုင်ခြင်းဆိုင်ရာ ကမ္ဘာလုံးသဘောတူညီချက်ပေါ်ထွက်လာရန် ကြိုးပမ်းနေကြသည်။ အာရှနှင့် ပစိဖိတ်ဒေသအတွင်း ရွှေ့ပြောင်းသွားလာမှုများအနက် မြန်မာနိုင်ငံ၏ ရွှေ့ပြောင်းသွားလာရေးတွင် အာဆီယံဒေသတွင်းနိုင်ငံများသို့ ရွှေ့ပြောင်းသွားလာခြင်းသည် ၁၉၉၀ ပြည့်နှစ်မှ ၂၀၁၅ ခုနှစ်အတွင်း ရှစ်ဆခန့် မြင့်တက်လာကြောင်း၊ မြန်မာနိုင်ငံမှ အလုပ်သမား ၄ ဒသမ ၂၅ သန်းသည် ပြည်ပနိုင်ငံများသို့ သွားရောက်လုပ်ကိုင်နေသူများ ဖြစ်သည်ကိုတွေ့ရသည်။

ထိုသူများ၏ မိသားစုလွှဲပို့ငွေ ပမာဏသည် နိုင်ငံစီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက်သာမက လူမှုရေးနှင့် ယဉ်ကျေးမှုနယ်ပယ်တို့တွင် အပြုသဘောများစွာသက်ရောက်ကြောင်း သိရှိရပြီး ကမ္ဘာ့ဘဏ်၏ စာရင်းအရ မြန်မာနိုင်ငံ၏ မိသားစုလွှဲပို့ငွေကို လေ့လာကြည့်ရာ ၂၀၁၁ ခုနှစ်တွင် ၁၂၇ ဒသမ ၁ မီလီယံသာ ရှိခဲ့ရာမှ ၂၀၁၄ ခုနှစ်တွင် ၃ ဒသမ ၂ ဘီလီယံအထိ တိုးတက်လာခဲ့ကြောင်း၊ နိုင်ငံ ဂျီဒီပီ၏ ငါးရာခိုင်နှုန်းသည် မိသားစုလွှဲ ပို့ငွေဖြစ်ကြောင်း သိရသည်။

သို့သော် ရွှေ့ပြောင်းမြန်မာလုပ်သားများ အပါအဝင်ပုံမှန်မဟုတ်သည့်ရွှေ့ပြောင်းသွားလာသူများသည် စိန်ခေါ်မှုများဖြစ်သည့် ကျန်းမာရေးစောင့်ရှောက်မှု ပြည့်ဝစွာမရခြင်း၊ လူမှုအကာအကွယ်ကင်းမဲ့ခြင်း၊ ခွဲခြား ဆက်ဆံခံရခြင်းတို့ကိုလည်း ခံစားနေကြရသေးသည်။

လူအများစုသည် အလုပ်လုပ်ရန်သာမက ရည်ရွယ်ချက်များစွာဖြင့် ရွှေ့ပြောင်းသွားလာကြပြီး စစ်ပွဲများကြောင့် လည်းကောင်း၊ ရာသီဥတု ဖောက်ပြန်ခြင်း၊ ဆင်းရဲနွမ်းပါးခြင်း၊ အလုပ်ရှားပါးခြင်း၊ တိုးတက်ကြီးပွားလိုခြင်းတို့ကြောင့်လည်းကောင်း ရွှေ့ပြောင်းသွားလာကြသည်။ ရွှေ့ပြောင်းသွားလာသူ၏ မူရင်းနိုင်ငံတို့တွင် အလုပ်သမားများအတွက် မှန်ကန်သည့်သတင်းအချက်များရရှိနိုင်ရန်မှာ အလွန်အရေးကြီးလာပြီး လူကုန်ကူးခြင်း၊ အလွဲသုံးစား လုပ်ခံရခြင်းနှင့် ခေါင်းပုံဖြတ်ခံရခြင်းတို့မှာလည်း ဖွံ့ဖြိုးဆဲ ရွှေ့ပြောင်းလုပ်သားများ ပေါ်ထွက်သည့်နိုင်ငံများတွင် မကြာခဏဖြစ်ပွားနေကြရသည်ကို အဆိုပါအလုပ်ရုံဆွေးနွေးပွဲမှ သိရှိရသည်။

ယင်းအခမ်းအနားကို နိုဝင်ဘာ ၂၂ ရက်တွင် နေပြည်တော်ရှိ သင်္ဂဟဟိုတယ်တွင် ကျင်းပခဲ့ပြီး အမျိုးသားအဆင့် အလုပ်ရုံဆွေးနွေးပွဲသတ်မှတ်ကာ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ အလုပ်သမားညွှန်ကြားမှုဦးစီးဌာနနှင့် International Organization for Migration- IOM တို့ ပူးပေါင်း ကျင်းပခြင်းဖြစ်သည်။ အခမ်းအနားသို့ ပြည်ထောင်စုဝန်ကြီး ဦးသိန်းဆွေနှင့် အစိုးရအဖွဲ့ဝင်များ၊ IOM မှ တာဝန်ရှိသူများ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ အလုပ်သမားအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ တက်ရောက်ကာ စုပေါင်းအဖြေရှာပေးခဲ့ကြခြင်းဖြစ်သည်။

အဆိုပါ ဆွေးနွေးပွဲအတွင်း အမြဲတမ်းအတွင်းဝန် ဦးမျိုးအောင်က ရွှေ့ပြောင်းသွားလာအလုပ်လုပ်ကိုင်ရာတွင် လူစုဆောင်းခြင်း၊ ပို့ဆောင်ခြင်းကဏ္ဍများတွင် ကုန်ကျစရိတ်များ လျှော့ချရန်၊ ဘေးအန္တရာယ်ကျရောက်သည့် အခြေအနေ၊ ပဋိပက္ခဖြစ်ပွားသည့် အခြေအနေနှင့် သဘာဝဘေး အန္တရာယ် ကျရောက်သည့် အခြေအနေတို့တွင် ရွှေ့ပြောင်းအလုပ်သမားများအား လူကုန်ကူးခံရမှုများ၊ ခေါင်းပုံဖြတ်အမြတ်ထုတ်ခံရခြင်းတို့မှ အကာအကွယ်ပေးရန်၊ ပုံမှန်ရွှေ့ပြောင်းသွားလာခြင်းနှင့် လုံခြုံစိတ်ချရသော ရွှေ့ပြောင်းသွားလာခြင်း ဖြစ်စေသည့် စည်းမျဉ်း စည်းကမ်းများ၊ လုပ်ငန်းစဉ်များဆောင်ရွက်ရန်၊ အသိပညာပေးခြင်းနှင့် သင်တန်းများပြုလုပ်ရန်၊ ရွှေ့ပြောင်းအလုပ်သမားများ လူ့အခွင့်အရေးနှင့်အညီ အကာအကွယ်ရနိုင်ရန်၊ လူကုန်ကူးမှု မခံရစေရေးအတွက် ဖြစ်နိုင်ခြေရှိသည့် ရွှေ့ပြောင်းအလုပ်သမားများနှင့် အများဆုံးသွားလာသည့် ဒေသများတွင် အသိပညာပေးရန်၊ မသွားမီနှင့် သွားရောက်လုပ်ကိုင်စဉ်တိုင်ပင်ဆွေးနွေးပေးရန်၊ ရွှေ့ပြောင်းအလုပ်သမားများနှင့် ဒုက္ခသည်များကို ခွဲခြားဖော်ထုတ်ရန်နှင့် အစိုးရနှင့် ပါလီမန်များ ပူးပေါင်းဆောင်ရွက်ရန်၊ အစိုးရ၊ အလုပ်ရှင်နှင့် လူမှုအဖွဲ့အစည်းများပါ ဆောင်ရွက်ရန်စသည့် အချက်များကို ဆွေးနွေးပေးခဲ့သည်။

နိုင်ငံခြားရေးဝန်ကြီးဌာန၊ အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းများနှင့် စီးပွားရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဒေါ်လဲ့လဲ့စိန်ကလည်း စင်ကာပူနိုင်ငံဆိုင်ရာ မြန်မာသံရုံးသည် အိမ်တွင်းအထောက်အကူ အလုပ်သမားများ၏ ပြဿနာများကို ကူညီဆောင်ရွက်ပေးနေကြောင်း၊ စင်ကာပူနိုင်ငံ လူ့စွမ်းအား ဝန်ကြီးဌာနသည် အလုပ်ရှင်မှ Levy ကြေးပေးသွင်းမှသာ အလုပ်သမားများအတွက် အလုပ်လုပ်ကိုင်ခွင့်လက်မှတ်သက်တမ်းတိုးမှုကို လုပ်ဆောင်ကြောင်း၊ အလုပ်သမားများ ထိခိုက်ဒဏ်ရာ ရရှိမှုအပေါ် အာမခံကြေးများရရှိရန် ဆောင်ရွက်ပေးခြင်းဖြင့် အလုပ်သမားများအား ကူညီပေးလျက်ရှိကြောင်း ဆွေးနွေးပြောကြားသည်။

အလုပ်သမားများသည် ပြည်ပနိုင်ငံများသို့ ပြောင်းရွှေ့လုပ်ကိုင်ရခြင်းမှာ မိမိနိုင်ငံ၌ မိမိနှင့် မိသားစုအတွက် လုံလောက်သော လုပ်ခနှင့် အလုပ်အကိုင်များမရရှိခြင်း၊ နိုင်ငံတစ်နိုင်ငံနှင့် တစ်နိုင်ငံ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု အဆင့်ကွာဟခြင်း၊ အိမ်နီးချင်းနိုင်ငံများ၏ အလုပ်သမားလိုအပ်ချက် မြင့်မားခြင်းနှင့် လုပ်ခသက်သာသည့် လုပ်သားများခန့်ထားလိုခြင်း၊ နယ်စပ်ကျော်ဖြတ်၍ လွယ်ကူစွာသွားလာနိုင်ခြင်းတို့ကြောင့်ဖြစ်နိုင်ကြောင်း အဆိုပါအမျိုးသားအဆင့် အလုပ်ရုံဆွေးနွေးပွဲမှ သိရှိရသည်။

အစိုးရနှင့် ဝန်ကြီးဌာနအနေဖြင့် ရွှေ့ပြောင်းအလုပ်သမားများအား စီမံခန့်ခွဲရာတွင် အလုပ်သမား စုဆောင်းသည့်အဆင့်နှင့် ပြည်ပမထွက်ခွာမီ ကြိုတင်ပြင်ဆင်မှုမရှိဘဲ တရားမဝင် မသွားရန်၊ ပွဲစားများနှင့် ဆက်သွယ် သွားရောက်ခြင်းမပြုဘဲ တရားဝင်အေဂျင်စီများမှ သွားရောက်ရန်၊ ပြည်ပတွင်လုပ်ကိုင်နေစဉ် ဆောင်ရန်၊ ရှောင်ရန်များပညာပေးရန်၊ လူကုန်ကူးခြင်း မခံရစေရန်၊ တရားဝင်ရွှေ့ပြောင်းသွားလာခြင်းမှ တရားမဝင် သွားရောက်ခြင်းမဖြစ်စေရန်၊ လုပ်ငန်းခွင်အကြိုသင်တန်းများတက်ရောက်၍ ယဉ်ကျေးမှု၊ ဘာသာစကား၊ လုပ်ငန်းခွင် ပတ်ဝန်းကျင်အခြေအနေ၊ ဥပဒေပါရပိုင်ခွင့်များ သိရှိစေရန်တို့ ဆောင်ရွက်ပေးလျက်ရှိသည်။

ထိုင်းနိုင်ငံ၊ ကိုရီးယားသမ္မတနိုင်ငံတို့နှင့် အလုပ်သမားစေလွှတ်ရေးဆိုင်ရာ နှစ်နိုင်ငံနားလည်မှု စာချွန်လွှာများအား လက်မှတ်ရေးထိုးဆောင်ရွက်လျက်ရှိပြီး ပြည်ပအလုပ်အကိုင်အကျိုးဆောင်လိုင်စင် ၂၄၆ ခုဖြင့် ဆောင်ရွက်လျက်ရှိကြောင်း၊ အမျိုးသမီးအလုပ်သမားများ စေလွှတ်ခဲ့မှုအနေဖြင့် ၂၀၁၂ ခုနှစ် ဖေဖော်ဝါရီလမှစ၍ စေလွှတ်ခဲ့ကြောင်း၊ အိမ်တွင်းအထောက်အကူအလုပ်သမားများကို ၂၀၁၃ ခုနှစ် ဇွန်လမှစ၍ စင်ကာပူနိုင်ငံသို့ စေလွှတ်ခဲ့ပြီး ၂၀၁၄ ခုနှစ် မတ်လတွင် ရပ်ဆိုင်းခဲ့ကြောင်း၊ ၂၀၁၄ ခုနှစ် ဖေဖော်ဝါရီလတွင် ဟောင်ကောင်နိုင်ငံသို့ စေလွှတ်ခဲ့ပြီး ဇွန်လတွင် ရပ်ဆိုင်းခဲ့ကြောင်း၊ ထိုင်းနိုင်ငံတွင် အထောက်အထား ထုတ်ပေးနေမှု အခြေအနေများ၊ Complaints Mechanism Centen Migrant Resource Center များနှင့် ရန်ကုန်မြို့ရှိ Myanmar Migrant Worker's Reporting Counter မှ အလုပ်သမားများ၏ အခွင့်အရေးများ၊ ကာကွယ်စောင့်ရှောက်မှုများ ရရှိအောင် ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ပြည်ပရောက်အလုပ်သမားများအား ကာကွယ်စောင့်ရှောက်ပေးမှုများနှင့် ထိုင်းနိုင်ငံရှိ ရွှေ့ပြောင်းအလုပ်သမားများအတွက် ကာကွယ်စောင့်ရှောက်ပေးရာတွင် အလုပ်သမားသံအရာရှိများသည် မြန်မာအလုပ်သမားများ ပြဿနာဖြစ်ပွားသည့် စက်ရုံ၊ အလုပ်ရုံများသို့ သွားရောက်၍ သက်ဆိုင်ရာ နိုင်ငံရှိ မြန်မာသံရုံး၏အကူအညီဖြင့် ဖြေရှင်းဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ပြည်ပတွင် အလုပ်လုပ်ကိုင်မှုကြီးကြပ်ရေးကော်မတီ၏ လမ်းညွှန်မှုဖြင့် အခက်အခဲဖြစ်နေသည့် အလုပ်သမားများအား ကူညီထောက်ပံ့ခြင်း၊ အလုပ်သမားစေလွှတ်ခွင့် တောင်းခံထားသည့် စက်ရုံ၊ အလုပ်ရုံများတွင် အလုပ်လုပ်ကိုင်နေသော အလုပ်သမားများ၏ အခြေအနေ၊ အလုပ်ခေါ်စာတွင်ပါရှိသည့်အတိုင်း အမှန်တကယ် အလုပ်လုပ်ကိုင်မှု ရှိ/မရှိ၊ နေထိုင်စားသောက်မှု အခြေအနေ၊ အလုပ်သမားများအား ကာကွယ်စောင့်ရှောက်ပေးမှု အခြေအနေများကို အလုပ်သမားသံအရာရှိများက သွားရောက် စိစစ်ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ အလုပ်သမားစုဆောင်းသည့် စိန်ခေါ်မှုများနှင့်စပ်လျဉ်း၍ လူစုဆောင်းမှုကိစ္စရပ်များတွင် ပြဿနာများစွာရှိနေခြင်း၊ အထောက်အထားများ မမှန်မကန်ပြုလုပ်ခြင်း၊ အေဂျင်စီများမှ ခန့်အပ်ထားသည့် ကိုယ်စားလှယ်များသည် လူစုဆောင်းမှု လုပ်ငန်းစဉ်ကို လိုက်နာမှုအားနည်းခြင်း၊ အေဂျင်စီများမှ အလုပ်သမား လက်ခံနိုင်ငံများရှိ အလုပ်ရှင်များနှင့် ဆက်သွယ်ဆောင်ရွက်မှု အားနည်းခြင်းတို့ဖြစ်ကြောင်း အလုပ်သမားညွှန်ကြားမှု ဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ် ဦးဝင်းရှိန်က ဆွေးနွေးထောက်ပြသည်။

အခက်အခဲများနှင့် စိန်ခေါ်မှုများကို ဖြေရှင်းဆောင်ရွက်ရန် ပညာအရည်အချင်း နည်းပါးမှု၊ သင်တန်းတက်ရောက်ရန် လက်လှမ်းမမီမှု၊ ဝန်ထမ်းအင်အား လုံလောက်မှု မရှိမှု၊ လုပ်ခလစာ မညီမျှမှု၊ ရွှေ့ပြောင်းသွားလာရာတွင် ပွဲစားများကို အားကိုးကြမှု၊ နိုင်ငံကူးလက်မှတ်ပြုလုပ်ရန် ခက်ခဲမှု၊ ရေလုပ်သားအဖြစ် အထောက်အထားမဲ့ ရောက်ရှိပြီး မြန်မာနိုင်ငံသား ဖြစ်သော်လည်း ကယ်တင်ရန် ခက်ခဲမှု၊ မြန်မာနိုင်ငံသားများအဖြစ် ပြန်လည်လက်ခံရန် အဆင့်မြင့်နည်းပညာ လိုအပ်မှု၊ ခေတ်သစ်ကျေးကျွန်ပြုမှုစသည့်ကိစ္စရပ်များသည် မြန်မာနိုင်ငံသား ရွှေ့ပြောင်းအလုပ်သမားများ အများဆုံးကြုံတွေ့နေရသည့် အခက်အခဲများဖြစ်ကြောင်း အဆိုပါအလုပ်ရုံဆွေးနွေးပွဲမှ သိရသည်။

ဆွေးနွေးပွဲ နောက်ဆုံးရလဒ်များအဖြစ် အလုပ်သမားစေလွှတ်ခြင်းနှင့် လက်ခံခြင်းပြုသည့်နိုင်ငံများတွင် အလုပ်သမားဥပဒေများ အကျိုးသက်ရောက်ရန်၊ အေဂျင်စီများကို ပုံမှန်စောင့်ကြည့်လေ့လာရန်၊ ရွှေ့ပြောင်း အလုပ်သမားများနှင့် လူကုန်ကူးခံရသူများကို အကာအကွယ်ပေးရန်၊ အလုပ်သမားများအရည်အသွေးမြှင့်တင်ပေးရန်၊ အလုပ်ဈေးကွက်တိုးတက်လာစေရန်၊ အသိပညာပိုမိုပေးအပ်ရန်၊ နိုင်ငံတကာအဖွဲ့အစည်းများနှင့် ပိုမို ပူးပေါင်းဆောင်ရွက်ရန် နိုင်ငံအချင်းချင်း၊ အဖွဲ့အစည်းအချင်းချင်း မူဝါဒများချိတ်ဆက်ဆောင်ရွက်ရန်၊ တရားမဝင်စေလွှတ်သည့် အေဂျင်စီများကို အရေးယူရန်၊ ကျွမ်းကျင်မှုအလိုက် လုပ်ခလစာနှင့် လွယ်ကူစွာဖြင့် မိသားစုထံငွေလွှဲပို့နိုင်ရန်၊ စာရင်းအင်းကိန်းဂဏန်းများ စနစ်ကျစေရန်နှင့် ပုံမှန်ထုတ်ပြန်နိုင်ရန် ပူးပေါင်းဆောင်ရွက်သွားကြမည်ဖြစ်ပြီး အကြံပြုချက်များကိုလည်း နိုင်ငံတကာ ကမ္ဘာလုံးဆိုင်ရာ ရွှေ့ပြောင်း သွားလာသူများအတွက် တင်ပြသွားမည်ဖြစ်ကြောင်း သိရသည်။ ။






## ခ ရီး သွား ဆောင်း ပါး

# မက္ခရာဆီသို့.......

**သတင်းဆောင်းပါး-မောင်မောင်မြင့်ဆွေ**

ရန်ကုန်-မန္တလေးလမ်းဟောင်းအတိုင်း မောင်းနှင်လာသော ကျွန်တော်တို့ မော်တော်ယာဉ်က အရှိန်မြှင့်လာသဖြင့်ယာဉ်မောင်းကို သတိပေးနေရသည်။ ကားလမ်းက ကောင်းမွန်သော်လည်း ကားအသွားအလာများသဖြင့် အရှိန်နှုန်းမြှင့်မောင်းနှင်လျှင် အန္တရာယ်များလေသည်။ ကားများကို တစ်စီးပြီးတစ်စီး ကျော်တက်မောင်းနှင်လာသော ကျွန်တော်တို့ မော်တော်ယာဉ်သည် ဆိုင်းဘုတ်တစ်ခု တွေ့သည်နှင့် ချိုးကွေ့ဝင်ရောက်လိုက်သည်။ ဆိုင်းဘုတ်ကိုအနီးကပ်၍ အမြန်ဖတ်ကြည့်လိုက်ရာ "မက္ခရာသမိုင်းဝင်ရှေးဟောင်းစေတီတော်များဆီသို့" ဟူသောစာသားကို တွေ့မြင်ရသည်။

ကျွန်တော်တို့ မန္တလေးမြို့သို့ရောက်ခိုက် မန္တလေးမြို့အနီးဝန်းကျင်တွင် စိတ်ဝင်စားစရာနေရာများသို့ လိုက်လံလေ့လာရန် အစီအစဉ်ရှိရာ ယခုမန္တလေးတိုင်းဒေသကြီး စဉ့်ကိုင်မြို့နယ် ညော့်ပြရွာအနီး မက္ခရာမြို့ဟောင်းစေတီများသို့ လာရောက်လေ့လာခဲ့ကြခြင်း ဖြစ်သည်။ မက္ခရာမြို့ဟောင်းတွင် သမိုင်းဝင်ဘုရားပုထိုးစေတီများတည်ရှိနေရာ ရှေးဟောင်းဘုရားပုထိုးများကို စိတ်ဝင်စားစွာ လေ့လာဖူးမြော်တတ်သော ဝါသနာကြီးသည့် ကျွန်တော့်အတွက်တော့ ဆန္ဒပြည့်ဝတော့မည် ဖြစ်သည်

**"မြစ်ဆုံဟုခေါ်ဆိုနေကြခြင်းမှာ မြစ်ငယ်မြစ်တွင် ဆည်တည်ဆောက်ထားသဖြင့် ဆည်ကြောင့် သောင်ထွန်းမှုဖြစ်ပေါ်ကာ သောင်ခုံများ ထွက်ပေါ်လာခြင်းဖြစ်သည်၊ သောင်ခုံများက ကျယ်ပြန့်သည်ဖြစ်ရာ မက္ခရာမြို့ဟောင်းစေတီများကို လာရောက်ဖူးမြော်ကြသူများအတွက် ဤနေရာသို့ ရောက်အောင်သွားပြီး အပန်းဖြေစရာနေရာတစ်ခုအဖြစ် အပန်းဖြေနိုင်ခြင်းဖြစ်သည်"**

မြန်မာနိုင်ငံတွင် မြို့ဟောင်းများစွာတည်ရှိနေဆဲ ဖြစ်သော်လည်း အတော်များများမှာ အုတ်ပုံအုတ်ရိုးအနေအထားများဖြစ်သည်။ အချို့မြို့ဟောင်းများမှာ အဆောက်အအုံဟောင်းများနှင့် အုတ်ပုံများဖြစ်သော်လည်း ကျွန်တော်တို့အတွက် သမိုင်းတန်ဖိုးမဖြတ်နိုင်သော အုတ်ပုံများဖြစ်နေပြန်သည်။

အချိန်အနည်းငယ်အတွင်း ကျွန်တော်တို့မက္ခရာမြို့ဟောင်းသို့ ရောက်ရှိခဲ့သည်။ ကျွန်တော်တို့ရောက်ချိန်တွင် ပြည်တွင်းပြည်ပ ညော့်သည်တစ်ဦးတစ်ယောက်မျှ မတွေ့ရ။ လူသိနည်း၍လားမသိ။ သို့သော် မက္ခရာမြို့ဟောင်း၏ သမိုင်းပုံရိပ်က ထင်ထင်ရှားရှားရှိခဲ့သည်ကတော့ အမှန်ပင်ဖြစ်သည်။ ရှေးဟောင်းယဉ်ကျေးမှုများကို လေ့လာလိုသူများအတွက်တော့ တန်ဖိုးကြီးမားသော မြို့ဟောင်းတစ်မြို့ပင်ဖြစ်သည်။

သမိုင်းပုံရိပ်က မေ့ပျောက်၍မရကောင်းဖြစ်ရာ ဤမက္ခရာမြို့ဟောင်းသည်လည်း မြန်မာ့သမိုင်းတွင် အထင်ကရနေရာမြို့တစ်မြို့ဖြစ်ခဲ့သည်။ မက္ခရာမြို့ဟောင်းသည် မြောက်ဘက်၌ ဒုဋ္ဌဝတီမြစ် (မြစ်ငယ်မြစ်)၊ အရှေ့ဘက်တွင် ဇော်ဂျီမြစ်တို့ရှိပြီး ၎င်းမြစ်နှစ်မြစ်ဆုံရာရပ်ဝန်း၌ တည်ရှိနေသော မြို့ဖြစ်သည်။ မက္ခရာမြို့ဟောင်း၏ အနောက်ဘက်တွင် ညော့်ပြရွာတည်ရှိနေသည်။ မက္ခရာမြို့ဟောင်းနှင့်အနီးစပ်ဆုံးမှာ ညော့်ပြရွာဖြစ်ရာ ညော့်ပြရွာမှ မက္ခရာမြို့ဟောင်းသို့သွားရောက်နိုင်လေသည်။

မက္ခရာမြို့ဟောင်းတွင် အထင်ကရရှိသော ရွှေစည်းခုံစေတီသို့ ဖူးမြော်ရန် သွားရောက်ခဲ့သည်။ စေတီလှေကားထစ်များအတိုင်း တက်ရောက်ခဲ့ပြီးနောက် ရင်ပြင်တော်ပေါ်ရောက်ရှိပြီး ဦးချဖူးမြော်ရင်း မက္ခရာရွှေစည်းခုံစေတီကြီးသမိုင်းကို အတွေးဝင်မိသည်။ မက္ခရာရွှေစည်းခုံစေတီတော်ကို ဥဇနမင်းကြီးကစတင်တည်ထားခဲ့ခြင်းဖြစ်ပြီး သဘာဝဘေးဒဏ်များကြောင့် ပြိုကျပျက်စီးမှုနှင့်ကြုံတွေ့ခဲ့ရသည်။ နှစ်ပေါင်း ၆၀၀ကျော်အထိ အုတ်ပုံအနေဖြင့်တည်ရှိနေခဲ့ရာမှ သက္ကရာဇ် ၁၃၇၀ ပြည့်နှစ်၌ စေတီတော်ကြီးကို ပြန်လည်ပြုပြင်တည်ဆောက်ခဲ့ခြင်းဖြစ်ကြောင်း သမိုင်းမှတ်တမ်းတွင် လေ့လာခဲ့ဖူးသည်ကို ပြန်သတိရနေမိသည်။

ကျွန်တော်တို့ ရွှေစည်းခုံစေတီကို ဖူးမြော်ပြီးနောက် ရင်ပြင်တော်ပေါ်မှ ပတ်ဝန်းကျင်သို့ ဝေ့ဝဲကြည့်ရှုလေ့လာလိုက်ရာ ရှမ်းရိုးမတောင်တန်း၊ တောင်စွယ်များကို လှမ်းမြင်ရပြီး စေတီအချို့ကိုဖူးမြော်တွေ့မြင်ရသည်။ ပတ်ဝန်းကျင်တစ်ခွင်တွင် ကျေးလက်နှင့် သစ်ပင်အုပ်ဆိုင်းဆိုင်းများ၊ ဒုဋ္ဌဝတီမြစ် (မြစ်ငယ်မြစ်)နှင့်ဇော်ဂျီမြစ်တို့ဆီသို့လည်း မှန်းမျှော်ကြည့်ရှုနိုင်သည်။ ရိတ်သိမ်းပြီး လယ်ကွင်းများ၊ ခပ်ဝေးဝေးမှ ထန်းပင်အုပ်စုကိုလည်း မြင်တွေ့ရသည်။

ကျွန်တော်တို့ရွှေစည်းခုံစေတီမှ ပြန်ထွက်လာပြီးနောက် မက္ခရာမြို့ဟောင်း အရှေ့မြောက်ဘက်သို့ သွားရောက်ကာ ရှေးဟောင်းစေတီတော်များရှိရာသို့ ဖူးမြော်လေ့လာခဲ့သည်။ ရွှေရောင်တော်ဘုရား၌ မက္ခရာမြို့ဟောင်းမှ တူးဖော်ရရှိသည့် ရှေးဟောင်းပစ္စည်းများကို ပြသထားသည့်ပြတိုက်ရှိရာ ရှေးဟောင်းပစ္စည်းမျိုးစုံကို မြင်တွေ့ရသည်။ ရွှေရောင်တော်ဘုရားတွင် ဘုရားဖူးလာသူ တစ်ဦးစ နှစ်ဦးစသာ တွေ့ရသည်။

ရွှေရောင်တော်ဘုရားတောင်ဘက်တွင် ရှေးဟောင်းစေတီတော်များကို မပြုပြင်မီပုံနှင့် ပြုပြင်ပြီးပုံများနှင့် စေတီတော်များ တည်ရှိရာနေရာများအား မြေပုံအမှတ်အသားများနှင့်ပြသထားသည်ကိုတွေ့ရသည်။ ပြုပြင်ရန်နှင့် ပြုပြင်ဆဲ စေတီအချို့ကိုလည်းတွေ့မြင်ရသည်။ မက္ခရာမြို့ဟောင်းအတွင်း ရှေးဟောင်းစေတီ ၅၀ ခန့်ကို မူလပုံစံအတိုင်း ပြုပြင်ပြီးဖြစ်ကြောင်း သိရသည်။

မက္ခရာမြို့ဟောင်းစေတီအများစုကို မြန်မာသက္ကရာဇ် ၆၆၆ ခုနှစ်တွင် တည်ထားခဲ့ခြင်းဖြစ်ပြီး နှစ်ပေါင်းများစွာ ပြိုကျပျက်စီးခဲ့သည့် စေတီများကို ယခုပြန်လည်ပြင်ဆင်ခဲ့ကြောင်း သိရသည်။

မက္ခရာမြို့ဟောင်းတွင် စေတီများကို ပြန်လည်ပြုပြင်နိုင်ခဲ့သဖြင့် မက္ခရာမြို့ဟောင်း၏ သမိုင်းပုံရိပ်ကို မှန်းဆမြင်ယောင်လိုစိတ်ဖြစ်မိသည်။ မြန်မာ့သမိုင်းတွင် မက္ခရာမင်းသား၊ မက္ခရာစားစသည့် အသုံးအနှုန်း အမည်နာမများကို ငယ်စဉ်ကပင် ရင်းနှီးကျွမ်းဝင်ခဲ့သည်။ ကျွန်တော်တို့ ငယ်စဉ်ကပင် မက္ခရာစားရုပ်ပြစာအုပ်များ ဖတ်ရှုခဲ့ရသဖြင့် မက္ခရာဆိုသည့်အမည်က မစိမ်းခဲ့။

မက္ခရာမြို့ဟောင်းစေတီများကို ပြုပြင်ထိန်းသိမ်းစောင့်ရှောက်ထားနိုင်မှုနှင့် အလှူရှင်များ ပါဝင်လှူဒါန်းမှုများအတွက်လည်း သာဓုခေါ်မိသည်။ မြန်မာနိုင်ငံတစ်ဝန်း စေတီပုထိုးများ တည်ထားမှုမှာ လက်ညှိုးထိုးမလွဲအောင် တည်ရှိနေသည် ဖြစ်ရာ မြန်မာတို့၏လှူဒါန်းမှုသဒ္ဓါတရားကို လေးစားဂုဏ်ယူမိသည်။ တစ်ဖန်ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးအတွက် မက္ခရာမြို့ဟောင်းစေတီများကဲ့သို့ ခရီးစဉ်များကို ထည့်သွင်းပေးခြင်းဖြင့် သမိုင်းဆိုင်ရာ တန်ဖိုးကြီးမားသော မြို့ဟောင်းများကို ကိုယ်တိုင်သွားရောက်လေ့လာနိုင်သည့် ခရီးစဉ်သစ်များ ထွက်ပေါ်လာမည်ဖြစ်သည်။

ကျွန်တော်တို့ မက္ခရာမြို့ဟောင်းစေတီများကို လိုက်လံဖူးမြော်လေ့လာပြီးနောက် မြစ်ဆုံဘက်သို့ ထွက်လာခဲ့ကြသည်။ ဇော်ဂျီမြစ်နှင့် မြစ်ငယ်မြစ်တို့ဆုံစည်းရာ အနီးဝန်းကျင်မှာ ဖြစ်ပေါ်နေသည့်နေရာဖြစ်ပြီး ခရီးသွားများ အပန်းဖြေစရာ နေရာတစ်ခုအဖြစ် တည်ရှိနေခြင်းဖြစ်သည်။

ကျွန်တော်တို့ ဇော်ဂျီမြစ်ကူးတံတားပေါ် ဖြတ်သန်းခဲ့ပြီး တံတားအဆုံး ဘယ်ဘက်တွင်ရှိသည့် လမ်းအတိုင်း ဝင်ရောက်ခဲ့ရာ မကြာမီ မြစ်ဆုံသို့ ရောက်ရှိလာခဲ့သည်။ မြစ်ဆုံဆိုသည်မှာ မြစ်ကြီးနားမြို့အနီး မေခ၊ မလိခ မြစ်ဆုံကဲ့သို့ တောတောင်ရေမြေသဘာဝအလှအပများဖြင့် ပြည့်စုံနေသည်တော့မဟုတ်။ သို့သော်လည်း လာရောက်သူများအတွက် အပန်းဖြေစရာ နေရာတစ်ခုအဖြစ် တည်ရှိနေသည်က အမှန်ပင်။

မြစ်ဆုံဟုခေါ်ဆိုနေကြခြင်းမှာ မြစ်ငယ်မြစ်တွင် ဆည်တည်ဆောက်ထားသဖြင့် ဆည်ကြောင့် သောင်ထွန်းမှုဖြစ်ပေါ်ကာ သောင်ခုံများ ထွက်ပေါ်လာခြင်းဖြစ်သည်။ သောင်ခုံများက ကျယ်ပြန့်သည်ဖြစ်ရာ မက္ခရာမြို့ဟောင်းစေတီများကို လာရောက်ဖူးမြော်ကြသူများအတွက် ဤနေရာသို့ ရောက်အောင်သွားပြီး အပန်းဖြေစရာနေရာတစ်ခုအဖြစ် အပန်းဖြေနိုင်ခြင်းဖြစ်သည်။

ကျောက်ဆည်ခရိုင် စဉ့်ကိုင်မြို့နယ်အတွင်း ဤသို့မြစ်ဆုံနေရာဖြစ်ပေါ်နေခြင်းမှာ ကန္တာရအတွင်းမှ အိုအေစစ်ရပ်ဝန်းလေးတစ်ခုကဲ့သို့ဖြစ်နေသည်။ သောင်ခုံပေါ်တွင် မတ်တတ်ရပ်ကာ အနီးဝန်းကျင်ကိုကြည့်ရှုရင်း ငြိမ်သက်စွာလေ့လာနေမိသည်။ ရာသီသီးနှံစိုက်ခင်းများ၊ ဆီးသီးနှင့် သရက်စိုက်ပျိုးမှုများကို တွေ့မြင်ရသည်။ စိုက်ပျိုးရေးကို အခြေခံသော ဒေသဖြစ်ရာ ကြည့်လိုက်တိုင်း စိုက်ခင်းမျိုးစုံတွေ့ရသည်။

ဥယျာဉ်ခြံစိုက်ပျိုးပြီး အေးအေးချမ်းချမ်းနေထိုင်လိုသူများအတွက် သင့်တော်ကာ ကောင်းမွန်သည့် နေရာတစ်ခုပင်ဖြစ်သည်ဟု တွေးနေမိသည်။ မြစ်ငယ်မြစ်ရေနှင့် ဆည်ရေများကြောင့် စိုက်ပျိုးရေရရှိနေကြသည်ဖြစ်ရာ သီးနှံများအောင်မြင်ဖြစ်ထွန်းမှုရှိသည်ကိုလည်း သတိပြုမိသည်။

မြစ်ဆုံတွင် ရပ်ရင်း ဤအရပ် ဤနေရာတွင် ခရီးသွားများ လာချင်စဖွယ်ဖြစ်စေရန် တည်ဆောက်မှုများပြုလုပ်ပါက ဆွဲဆောင်မှုတစ်ရပ်ဖြစ်လာကာ ခရီးသွားဧည့်သည်များအတွက် အပန်းဖြေနားနေရန် နေရာသစ်တစ်ခုဖြစ်လာနိုင်သည်ဟုလည်း အတွေးများဝေနေမိပြန်သည်။

ကျွန်တော်တို့မြစ်ဆုံမှ ပြန်ထွက်ခဲ့ကြပြီးနောက် ဇော်ဂျီမြစ်ကူးတံတားဖြတ်ကာ ပြန်လာခဲ့ကြသည်။ ကျွန်တော်တို့နိုင်ငံတွင် သွားစရာ၊ လေ့လာစရာနေရာများစွာ ရှိနေသည်။ ခရီးစဉ်သစ်၊ နေရာသစ်များစွာလည်းရှိနေသည်ဖြစ်ရာ စနစ်တကျ ဖော်ဆောင်နိုင်ပါက မြန်မာ့အလှသည် နေရာတိုင်းတွင် ရှိနေကြောင်း နိုင်ငံတကာကို ထုတ်ဖော်ပြသနိုင်မည်ဟု တွေးနေမိသည်က အမှန်ပင်။ ။


**ကုန်အမှတ်တံဆိပ်အမည်အမှတ်အသားကို မိမိတစ်ဦးတည်းမှုပိုင်ဖြစ်ကြောင်း အများသိစေရန်ကြေညာခြင်း**

ရန်ကုန်တိုင်းဒေသကြီး၊ အမှတ် (၉၂)၊ လေးဒေါင့်ကန်လမ်း၊ သဃ်န်းကျွန်းမြို့နယ်၊ ရန်ကုန်မြို့တွင်တည်ရှိသော **GLOBAL L S MYANMAR CO., LTD.** ၏လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန်ကြေညာအပ်ပါသည်။

HERCULES A Longer Journey

(၁၂၂၇၀/၂၀၁၇)

အထက်ဖော်ပြပါကုန်အမှတ်တံဆိပ်အမည်အမှတ်အသားကို ရန်ကုန်မြို့စာချုပ်စာတမ်းများမှတ်ပုံတင်ရုံးတွင် မှတ်ပုံတင်စာချုပ်အမှတ်-၁၂၂၇၀/၁၇ ဖြင့် မှတ်ပုံတင်သွင်းထားပြီးဖြစ်ပါသည်။ အဆိုပါကုန်အမှတ်တံဆိပ်အမည်အမှတ်အသားဖြင့် ကုန်ပစ္စည်းအမျိုးမျိုးကို ရန်ကုန်မြို့နှင့်တကွ မြန်မာနိုင်ငံတစ်ဝှမ်းလုံးတွင် ထုတ်လုပ်ဖြန့်ချိသွားမည်ဖြစ်ပါသည်။

သို့ဖြစ်ပါ၍ အဆိုပါကုန်အမှတ်တံဆိပ်အမည်အမှတ်အသား၏ တစ်စိတ်တစ်ဒေသကိုဖြစ်စေ၊ အစိတ်အပိုင်းကိုဖြစ်စေ၊ အားလုံးကိုဖြစ်စေ၊ ဆင်တူယိုးမှားပြုလုပ်၍သော်လည်းကောင်း၊ ထုတ်လုပ်ခြင်း၊ ဖြန့်ဖြူးရောင်းချခြင်းများမပြုလုပ်ရန်နှင့် အကယ်၍ ထိုသို့ပြုလုပ်သုံးစွဲနေသည်များကို တွေ့မြင် သိရှိရပါက ကျွန်ုပ်တို့မိတ်ဆွေကုမ္ပဏီ၏အကျိုးစီးပွားထိခိုက်နစ်နာဆုံးရှုံးကုန်ကျသမျှ အရပ်ရပ်စရိတ်ငွေကြေးများနှင့်တကွ လျော်ကြေးကိုပါတောင်းခံနိုင်ရန်အတွက် မြန်မာနိုင်ငံအတွင်းရှိမည်သည့်တရားရုံးများတွင်မဆို တရားမကြောင်းအရဖြစ်စေ၊ ရာဇဝတ်ကြောင်းအရဖြစ်စေ၊ တရားစွဲဆိုမည့်အပြင် တုပပြုလုပ်သည့်ကုန်အမှတ်တံဆိပ်အမည်အမှတ်သားကို ပယ်ဖျက်သည်အထိ ထိရောက်စွာအရေးယူသွားမည်ဖြစ်ကြောင်း သတိပေးကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဦးမိုးမင်းဆွေ(LL.B., DBL) (စဉ်-၂၈၆၄၁)
ဒေါ်ခင်မာနွယ်(LL.B., DBL) (စဉ်-၃၁၀၇၀)
ဦးအောင်မျိုးသူ(LL.B) (စဉ်-၄၆၅၄၅)

အထက်တန်းရှေ့နေများ
အမှတ်-၃၆၊ မိုးမခလမ်း၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း - ၀၉ ၄၂၁၀၂၂၁၁၂၊ ၀၉ ၄၃၁၆၇၂၉၆



**ကန့်ကွက်နိုင်ပါကြောင်း**

ယာဉ်အမှတ်-၄၇ယ/၉၅၇၉၅ NCX Myanmar Co.,Ltd သည် (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ လှိုင်ကော်**



**ကန့်ကွက်နိုင်ပါကြောင်း**

ယာဉ်အမှတ်-၄၇ယ/၉၅၈၀၈ NCX Myanmar Co.,Ltd သည် (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်၊ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ လှိုင်ကော်**



**အများသိစေရန်ကြေညာခြင်း**

ကွယ်လွန်သူ ဖခင်ကြီးဖြစ်သူ (ဦးမောင်စိန်) ၁၂/မဂတ(နိုင်)၀၇၇၅၆၉ပိုင်ဆိုင်သော ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ဖို့မြေရပ်ကွက်၊ လမ်း ၁၃၀၊ အိမ်အမှတ် ၁၄ မြေညီထပ်နှင့် ရန်ကုန်တိုင်းဒေသကြီး၊ ပုဇွန်တောင်မြို့နယ် ပုဇွန်တောင်ဈေးဆိုင်အမှတ် ၃ A ရုံ အပြင်တန်းနှင့်ပတ်သက်၍ ကျန်ရစ်သူသားသမီးများဖြစ်ကြသော (၁) ဦးမောင်မောင် (ကွယ်လွန်)၊ (၂) ဦးလှဌေး၊ (၃) မစော၊ (၄) ဦးဇော်နိုင်၊ (၅) ဒေါ်သီသီမြင့်၊ (၆) ဒေါ်နုနုမြင့်၊ (၇) ဦးဇော်အေးမောင်၊ (၈) ဦးဇော်အေဝင်း သားသမီးရှစ်ဦးသာလျှင်ပိုင်ဆိုင်ကြပါသည်။ ထိုရှစ်ဦး၏ သဘောတူခွင့်ပြုချက်မရရှိဘဲ တစ်ဦးတစ်ယောက်၏ သဘောဆန္ဒအရ ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ ပေးကမ်းခြင်း၊ တစ်ဦးတစ်ယောက်တည်း သိမ်းပိုက်ထားခြင်းမပြုလုပ်ရန် အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်အေးအေးသင်း
အထက်တန်းရှေ့နေ
LL.B, D.B.L
(စဉ်-၄၀၇၀၂)
အမှတ် ၂၃၄ A၊ ဗိုလ်တထောင်ဈေးလမ်း၊ ပုဇွန်တောင်မြို့နယ်



**ကန့်ကွက်နိုင်ပါကြောင်း**

ယာဉ်အမှတ် 4I/5366 Toyota Toyoace ယာဉ်လက်ဝယ်ရှိသူ ဦးစိုး ၁၃/ကလန(နိုင်)၀၄၉၇၀၆က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့လူကိုယ်တိုင်လာ ရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ အောင်ပန်း**



**ဖောင်းကြွပျောက် လျှောက်ထားခြင်း**

ယာဉ်အမှတ် ၈ဃ/၇၁၄၃၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(စစ်ကိုင်း)**



**ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း**

ယာဉ်အမှတ် ၅၀ယ/၈၂၄၃၁ ဟွန်ဒါ ဝေ့(ဖ်)110 ဆိုင်ကယ်ယာဉ်လက်ဝယ်ရှိသူ ဦးကျော်သူရ ၆/လလန(နိုင်)၀၇၉၄၆၀ က(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသည့်အထောက်အထားများဖြင့် ကြော်ငြာပါသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ တိုင်းဒေသကြီးဦးစီးမှူးရုံး (ထားဝယ်)**



**ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း**

ယာဉ်အမှတ် ၂၇ယ/၁၉၉၀၆ Honda Wave NF 100 M/C ယာဉ်လက်ဝယ်ရှိသူ ဦးမိုးအောင်သူ ၆/လလန(နိုင်)၀၄၃၇၀၇ က(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသည့်အထောက်အထားများဖြင့် ကြော်ငြာပါသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ တိုင်းဒေသကြီးဦးစီးမှူးရုံး (ထားဝယ်)**



**ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း**

ယာဉ်အမှတ် ၃ယ/၄၉၀၈၃ Honda Wave NF100 M/C ယာဉ်လက်ဝယ်ရှိသူ ဒေါ်မိုးမိုးစံ ၆/ထဝန(နိုင်)၀၈၈၇၃၈ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသည့်အထောက်အထားများဖြင့် ကြော်ငြာပါသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ တိုင်းဒေသကြီးဦးစီးမှူးရုံး (ထားဝယ်)**



**ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း**

ယာဉ်အမှတ် ၄၁ယ/၃၃၇၂၀ Heno Anbo-110 ယာဉ်လက်ဝယ်ရှိသူ Saung Yati Age Co.,Ltd က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့်ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။ **ကညန၊ ခရိုင်ရုံး(မန္တလေးတောင်ပိုင်း) မန္တလေးမြို့**

## လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန
## မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း
# အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်းလက်အောက်ရှိ အမှတ်(၄)ဓာတ်မြေသြဇာစက်ရုံ (မြောင်းတကာ) မှ ထုတ်လုပ်ပြီး ယူရီးယားဓာတ်မြေသြဇာများနှင့် တစ်လအတွင်းထပ်မံထွက်ရှိမည့် ယူရီးယားဓာတ်မြေသြဇာ စုစုပေါင်း ၅,၀၀၀ တန် (တန်ငါးထောင်)ခန့်အား တစ်လအတွင်း ထုတ်ယူသည့်စနစ်ဖြင့် တင်ဒါခေါ်ယူရောင်းချမည်ဖြစ်ရာ အဆိုပြုလွှာတင်သွင်းနိုင်ပါရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ **တင်ဒါပုံစံရောင်းချမည့်ရက်** ၂၂-၁၂-၂၀၁၇ရက်မှ ၅-၁-၂၀၁၈ရက်အထိ

၃။ **တင်ဒါပုံစံရောင်းချမည့်နေရာ**
(က) ဘဏ္ဍာရေးဌာန၊ မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း၊ ရုံးအမှတ်(၄၄)၊ နေပြည်တော်
(ခ) ဘဏ္ဍာရေးဌာန၊ မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း ရုံးအမှတ်-၇(က)၊ သန့်လျက်စွန်းလမ်း၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့

၄။ **တင်ဒါတင်သွင်းရမည့် နောက်ဆုံးရက် အချိန်နှင့်နေရာ** ၅-၁-၂၀၁၈(သောကြာနေ့) ၁၂:၀၀နာရီ မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း (ရုံးချုပ်)၊ ရုံးအမှတ်၄၄၊ နေပြည်တော်

၅။ **တင်ဒါဖွင့်လှစ်မည့်နေ့ ရက်နှင့်အချိန်** ၅-၁-၂၀၁၈ရက်၊ ၁၄:၀၀နာရီ

၆။ အသေးစိတ်သိရှိလိုပါက မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း၊ ကုန်ထုတ်လုပ်မှုဌာန၊ ဖုန်း-၀၆၇-၄၁၁၀၈၂၊ ၀၆၇-၄၁၁၀၉၃ သို့ရုံးချိန်အတွင်းဆက်သွယ်၍ မေးမြန်းနိုင်ပါသည်။

**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ**
**မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း**
**လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန**
**ရုံးအမှတ်(၄၄) နေပြည်တော်**

---

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
## ရန်ကုန်တိုင်းဒေသကြီးအစိုးရ
## ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ
## မြို့တော်ခန်းမ၊ ရန်ကုန်မြို့
## (၂၀၁၇ ခုနှစ် ဒီဇင်ဘာလ ၇ ရက်)
# လျှောက်လွှာခေါ်ယူခြင်း

၁။ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ တိရစ္ဆာန်ဆေးကုနှင့်သားသတ်ရုံများဌာနတွင် လစ်လပ်လျက်ရှိသော ဒု-တိရစ္ဆာန်ဆေးကုမှူး (လစာနှုန်းကျပ်၊ ၁၈၀၀၀၀-၂၀၀၀-၁၉၀၀၀၀) ရာထူးအတွက် လျှောက်ထားလိုသူများ လျှောက်လွှာတင်သွင်းနိုင်ကြပါသည်။

၂။ လျှောက်ထားသူများသည်-
(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသားဖြစ်ရမည်။
(ခ) ၂၀၁၇ခုနှစ် ဒီဇင်ဘာ ၃၁ရက်တွင် အသက် ၃၅နှစ် (ဝန်ထမ်းဖြစ်ပါက ၄၀)ထက်မကျော်လွန်သူ ဖြစ်ရပါမည်။
(ဂ) တိရစ္ဆာန်ဆေးပညာဘွဲ့(သို့မဟုတ်)တိရစ္ဆာန်ဆေးသိပ္ပံဘွဲ့ရရှိသူဖြစ်ရပါမည်။

၃။ လျှောက်လွှာပုံစံကို www.ycdc.gov.mm၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ စီမံရေးရာဌာနနှင့် တိရစ္ဆာန်ဆေးကုနှင့်သားသတ်ရုံများဌာနတို့တွင် ရယူနိုင်ပါသည်။

၄။ လျှောက်လွှာနှင့်အတူ အောက်ပါတို့ကိုပူးတွဲပေးပို့ရပါမည်-
(က) လွန်ခဲ့သော(၆)လအတွင်း ရိုက်ကူးထားသည့် ပီပြင်ထင်ရှားသော လိုင်စင်ဓာတ်ပုံ(၂)ပုံ၊ (ကျောဘက်တွင် အမည်နှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်ရေးသားဖော်ပြရန်)
(ခ) နိုင်ငံသားစိစစ်ရေးကတ်ပြားမိတ္တူ(၁)စောင်၊
(ဂ) ဘွဲ့လက်မှတ်မိတ္တူ(သို့မဟုတ်) သက်ဆိုင်ရာ တက္ကသိုလ်မှ ထုတ်ပေးသောပညာအရည်အချင်းထောက်ခံချက်လက်မှတ်မိတ္တူ (၁) စောင်၊
(ဃ) အခြေခံပညာအထက်တန်းအောင်လက်မှတ်မိတ္တူ(၁)စောင်၊
(င) ဝန်ထမ်းမဟုတ်သူများအတွက် အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာ မြို့နယ်ရဲတပ်ဖွဲ့စခန်း၏ ထောက်ခံချက်မူရင်း (၁)စောင်၊
(စ) မြို့နယ်အလုပ်သမားညွှန်ကြားမှုဦးစီးဌာနရုံးတွင် အလုပ်သမားမှတ်ပုံတင်ထားသည့် အလလခပုံစံ(၃)မိတ္တူ(၁)စောင်၊

၅။ လျှောက်လွှာများကို ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ စီမံရေးရာဌာနနှင့် တိရစ္ဆာန်ဆေးကုနှင့် သားသတ်ရုံများဌာနတို့သို့ ၂၆-၁၂-၂၀၁၇ရက် နောက်ဆုံးထား တိုက်ရိုက်ပေးပို့လျှောက်ထားရမည်ဖြစ်ပြီး ဝန်ထမ်းဖြစ်ပါက သက်ဆိုင်ရာဌာနမှတစ်ဆင့် လျှောက်ထား၍ မိတ္တူ(၁)စုံကို ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ စီမံရေးရာဌာနသို့ ၂၆-၁၂-၂၀၁၇ ရက် နောက်ဆုံးထားပေးပို့ရမည် ဖြစ်ပါသည်။

၆။ လူတွေ့စစ်ဆေးခံရမည့် အမည်စာရင်းနှင့် စစ်ဆေးမည့်ရက်ကို www.ycdc. gov.mm၊ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ စီမံရေးရာဌာနနှင့် တိရစ္ဆာန်ဆေးကုနှင့်သားသတ်ရုံများဌာနတို့တွင် ထုတ်ပြန်ကြေညာမည်ဖြစ်ပါသည်။

၇။ အသေးစိတ်သိရှိလိုပါက ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ စီမံရေးရာဌာန ဖုန်း-၀၁-၃၇၈၀၉၄နှင့် တိရစ္ဆာန်ဆေးကုနှင့် သားသတ်ရုံများဌာန ဖုန်း-၀၉- ၅၀၂၄၄၈၁ တို့သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

---

### အမည်ပြောင်း

ဟိုပင်မြို့၊ အထက(မြသီတာ)၊ စတုတ္ထတန်းမှ မောင်စွမ်းထက်အောင်အား မောင်စိုးညီမ်းဟု ပြောင်းလဲခေါ်ဆိုပါရန်။

### တစ်ဦးတည်းဖြစ်ကြောင်း

မုံရွာမြို့၊ နည်းပညာတက္ကသိုလ် (5-BE) မှ မောင်ကျော်ထက်ဦး၏ဖခင် ဦးရဲရင့်အောင်နှင့် ဦးရင်ထွေး ၅/ရဥန(နိုင်)၀၅၃၉၅၈ မှာ တစ်ဦးတည်းဖြစ်ပါသည်။

---

# အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၏ဌာနများတွင် အသုံးပြုရန်အတွက် လိုအပ်သောအောက်ဖော်ပြပါပစ္စည်းကို ဌာနအရောက်ကျပ်ငွေဖြင့် ဝယ်ယူလိုပါသဖြင့် စိတ်ပါဝင်စားသည့် လုပ်ငန်းရှင်များအနေဖြင့် အိတ်ဖွင့်တင်ဒါများ ပေးသွင်းနိုင်ပါကြောင်း ဖိတ်ခေါ်အပ်ပါသည်-
(က) စက်ဆီ/ချောဆီ 1 Lot

၂။ အိတ်ဖွင့်တင်ဒါပုံစံနှင့် စည်းကမ်းချက်များကို ၁၁-၁၂-၂၀၁၇ရက်မှစ၍ ရောင်းချမည်ဖြစ်ပြီး၊ အိတ်ဖွင့်တင်ဒါများကို ၂၂-၁၂-၂၀၁၇ရက် ၁၂:၀၀နာရီ နောက်ဆုံးထား၍ တင်သွင်းရန် ဖြစ်ပါသည်။ တင်ဒါစိစစ်ရွေးချယ်မည့်ရက်အား ထပ်မံအကြောင်းကြားပါမည်။

၃။ တင်ဒါပုံစံအား မြို့တော်ခန်းမ(ပထမထပ်)ဘတ်ဂျက်နှင့် ငွေစာရင်းဌာန၊ ပစ္စည်းဝယ်ယူရေးဌာနစုတွင် ဝယ်ယူနိုင်ပါသည်။ အသေးစိတ်အချက်အလက်များကို ဖုန်း-၃၈၈၇၃၂ သို့လည်းကောင်း၊ စံချိန်စံညွှန်းသတ်မှတ်ချက်များအတွက် ဖုန်း-၀၉-၅၁၇၄၇၀၂နှင့် ၀၉-၄၉၃၄၂၆၅၀သို့ လည်းကောင်း ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**ပစ္စည်းဝယ်ယူရေးတင်ဒါကော်မတီ**

---

## ဆောက်လုပ်ရေးဝန်ကြီးဌာန
## ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန
# (အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနတွင် အသုံးပြုရန်လိုအပ်သည့် အောက်ပါရုံးလုပ်ငန်းသုံးပစ္စည်းများကို မြန်မာကျပ်ငွေဖြင့် ဌာနဂိုဒေါင်အရောက် အိတ်ဖွင့်တင်ဒါခေါ်ယူ၍ ဝယ်ယူလိုပါသည်။

| စဉ် | ပစ္စည်းအမျိုးအမည် | အရေအတွက် | မှတ်ချက် |
|---|---|---|---|
| ၁။ | (၄၅)ယောက်စီး ဘတ်(စ်)ကား | ၂စီး | 1 Lot |
| ၂။ | ကွန်ပျူတာ၊ ပရင်တာ | ၂၀၀ စုံ | 1 Lot |
| ၃။ | မိတ္တူကူးစက် | ၉၇ လုံး | |

၂။ **တင်ဒါပုံစံရောင်းချမည့်ရက်** - ၁၁-၁၂-၂၀၁၇ ရက်
၃။ **တင်ဒါပိတ်မည့်ရက်** - ၂၅-၁၂-၂၀၁၇ ရက်
၄။ **တင်ဒါပိတ်မည့်အချိန်** - ၁၆:၀၀ နာရီ
၅။ တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် လာရောက်စုံစမ်း ဝယ်ယူနိုင်ပါသည်။

**ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန**
**စက်မှုဌာနခွဲ၊ ပျဉ်းမနားမြို့၊ နေပြည်တော်**
**ဖုန်း-၀၉-၂၀၂၃၂၁၀၊ ၀၉-၉၇၉၅၆၃၄၉၆၊ ၀၉-၄၄၈၅၃၇၆၃၁၊ ၀၉-၂၅၆၁၆၇၇၀၇**

---

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန
## မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း
## အမှတ်(၁)ရေနံဓာတ်ငွေ့ရည်စက်ရုံ(မင်းဘူး)မှ (၂)လအတွင်း ထွက်ရှိသောLight Naphtha များကို (၂)လအတွင်း ထုတ်ယူသည့်စနစ်ဖြင့် ရောင်းချနိုင်ရန်
# တင်ဒါခေါ်ယူခြင်း

၁။ မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်းကြီးကြပ်မှုအောက်ရှိ အမှတ်(၁)ရေနံဓာတ်ငွေ့ရည်စက်ရုံ(မင်းဘူး) မှ (၂)လအတွင်းထွက်ရှိသော Light Naphtha များကို (၂) လအတွင်း ထုတ်ယူသည့်စနစ်ဖြင့် တင်ဒါခေါ်ယူရောင်းချမည်ဖြစ်ရာ အဆိုပြုလွှာတင်သွင်းနိုင်ပါရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ **တင်ဒါပုံစံရောင်းချမည့်ရက်** ၁၁-၁၂-၂၀၁၇ရက်မှ ၂-၁-၂၀၁၈ရက်အထိ

၃။ **တင်ဒါပုံစံရောင်းချမည့်နေရာ**
(က) ဘဏ္ဍာရေးဌာန၊မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း၊ ရုံးအမှတ်(၄၄)၊ နေပြည်တော်
(ခ) ဘဏ္ဍာရေးဌာန၊မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း၊ အမှတ်-၇(က)၊ သံလျက်စွန်းလမ်း၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့

၄။ **တင်ဒါတင်သွင်းရန်နောက်ဆုံးရက် အချိန်နှင့်နေရာ** ၂-၁-၂၀၁၈ရက်(အင်္ဂါနေ့)၁၂:၀၀နာရီ မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း၊ ရုံးအမှတ်(၄၄)၊နေပြည်တော်

၅။ **တင်ဒါဖွင့်ပွဲပြုလုပ်မည့်ရက်နှင့် အချိန်** ၂-၁-၂၀၁၈ရက်(အင်္ဂါနေ့)၁၃:၀၀နာရီ

၆။ အသေးစိတ်သိရှိလိုပါက မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း၊ ကုန်ထုတ်လုပ်မှုဌာန၊ ဖုန်း-၀၆၇-၃၄၁၁၁၉၄ သို့ရုံးချိန်အတွင်း ဆက်သွယ်၍ မေးမြန်းနိုင်ပါသည်။

**တင်ဒါကော်မတီ**
**မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း၊**
**လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန**
**ရုံးအမှတ်(၄၄)၊နေပြည်တော်**

---

### ဖခင်အမည်မှန်

ကျိုက်မရောမြို့နယ်၊ အထက (ခွဲ)၊ ကျွန်းရွာသစ် ဆဋ္ဌမတန်းမှ မောင်အောင်မွန်၏ ဖခင်အမည်မှန်မှာ ဦးစောတင် ဖြစ်ပါကြောင်း။

**ဦးစောတင်**

### ဖခင်အမည်မှန်

ဆီဆိုင်မြို့၊ အထက (ဆိုက်ခေါင်)၊ နဝမတန်းမှ နန်းခမ်းကျော်၏ ဖခင်အမည်မှန်မှာ ခွန်ချစ်ဖေ ၁၃/ပလန(နိုင်)၀၅၀၃၉၅ ဖြစ်ပါကြောင်း။

**ခွန်ချစ်ဖေ**

### အမည်မှန်

လှိုင်ကော်မြို့၊ အထက(ကုန်းသာ)၊ ပဉ္စမတန်းမှ ဦးမြာရယ်၏သမီး မတီတာဝင်း၏ အမည်မှန်မှာ မသီတာဝင်း ၂/လကန(နိုင်)၁၂၄၈၄၉ ဖြစ်ပါကြောင်း။

**မသီတာဝင်း**

### ပျောက်ဆုံးကြောင်း

ကျွန်တော် ထူရု ၂/ဖရဆ(နိုင်) ၀၁၆၇၇၆ ၏ နိုင်ငံကူးလက်မှတ် အမှတ်(မမှတ်မိ) သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၂၅၀၆၂၁၇၂၂**

### အမည်ပြောင်း

လှိုင်ကော်မြို့၊ လှိုင်ကော်တက္ကသိုလ်၊ သချာဘာသာအထူးပြု (နောက်ဆုံးနှစ်) (ဘ) ဦးတင်ထွန်း၏သား မောင်ဝေယံတင်ထွန်းအား မောင်စောဝေယံဦးဟု ပြောင်းလဲခေါ်ဆိုပါရန်။

**မောင်စောဝေယံဦး**

### ကန့်ကွက်နိုင်ပါကြောင်း

ယာဉ်အမှတ် 3I/6472 Mitsubishi Canter ယာဉ်လက်ဝယ်ရှိသူ ဒေါ်သီသီ ၉/မထလ(နိုင်)၀၄၃၇၂၅ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါကခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန (တောင်ကြီး)**

### အမည်မှန်

လှိုင်ကော်မြို့၊ စီးပွားရေးတက္ကသိုလ်(ပထမနှစ်) မှ ဦးစောဘွယ်စေး၏သား မောင်စောအီဖဲဂေးဖိုး၏ အမည်မှန်မှာ မောင်စောတီဖဲဂေးဖိုး ဖြစ်ပါကြောင်း။

**မောင်စောတီဖဲဂေးဖိုး**

---

# အသိပေးနှိုးဆော်ခြင်း

၁။ စားသောက်ဆိုင်လုပ်ငန်းရှင်များသည် တည်ဆဲကုန်သွယ်လုပ်ငန်းခွန် ဥပဒေပုဒ်မ ၅(ခ) နှင့် ကုန်သွယ်လုပ်ငန်းခွန်နည်းဉပဒေ ၄၀(က) (၃)ပါ ပြဋ္ဌာန်းချက်နှင့်အညီ ရောင်းရငွေနှင့်အတူ ကုန်သွယ်လုပ်ငန်းခွန်ကို စားသုံးသူထံမှ တစ်ပါတည်းကောက်ခံပေးရန် တာဝန်ရှိသကဲ့သို့ ကျသင့်ငွေပေးချေချိန်တွင် ကုန်သွယ်လုပ်ငန်းခွန် ၅ ရာခိုင်နှုန်းနှင့်ညီမျှသော အခွန်အမှတ်တံဆိပ်များ ကပ်နှိပ်ထားသည့်ပြေစာကို စားသုံးသူထံသို့ ထုတ်ပေးရမည်ဖြစ်ပါသည်။

၂။ ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ အောက်ဖော်ပြပါစားသောက်ဆိုင်များသည် ကျသင့်ငွေပေးချေချိန်တွင် စားသုံးသူများသို့ အခွန်အမှတ်တံဆိပ်အပြည့်အဝ ကပ်နှိပ်ထားသော ပြေစာများကို ထုတ်ပေးရန် တတိယအကြိမ်ပျက်ကွက်ခဲ့ခြင်းကြောင့် တည်ဆဲကုန်သွယ်လုပ်ငန်းခွန် ဥပဒေပုဒ်မ ၂၁၊ ပုဒ်မခွဲ(စ)အရ ဒဏ်ကြေးပေးဆောင်ခဲ့ပြီးဖြစ်ပါသည်။ အဆိုပါစားသောက်ဆိုင်များအနေဖြင့် ထပ်မံပျက်ကွက်ကြောင်း အများပြည်သူမှ တိုင်ကြားလာပါက (သို့မဟုတ်) စိစစ်တွေ့ရှိပါက ကုန်သွယ်လုပ်ငန်းခွန် ဥပဒေပုဒ်မ ၂၃(င)အရ တရားစွဲဆိုခြင်းခံရမည်ဖြစ်ကြောင်း အသိပေးအပ်ပါသည်-

| စဉ် | စားသောက်ဆိုင်အမည် | လိပ်စာ | မှတ်ချက် |
|---|---|---|---|
| ၁ | Beautiful KTV | စီ/၇၊ မင်းရာဇာအိမ်ရာ၊ ဧရာဝတီလမ်း၊ သာကေတမြို့နယ် | |
| ၂ | ရွှေယုန်လေးစားသောက်ဆိုင် | ၉၂၇၊ သစ္စာလမ်း၊ (၇)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ် | |
| ၃ | သပြေရိပ်စားဖွယ်စုံ | ပြည်လမ်း(ဘောလုံးကွင်း)ဈေးရပ်ကွက်၊ မင်္ဂလာဒုံမြို့နယ် | |

၃။ သို့ဖြစ်ပါ၍ စားသောက်ဆိုင်လုပ်ငန်းရှင်များအနေဖြင့်အခွန်ဘဏ္ဍာငွေများ အပြည့်အဝရရှိရေးအတွက် ဥပဒေနှင့်အညီ တိကျစွာလိုက်နာဆောင်ရွက်ပေးနိုင်ရန်နှင့် စားသုံးသူပြည်သူများမှလည်း ပြေစာအမှတ်တံဆိပ်အပြည့်အဝ ကပ်နှိပ်ထားသောပြေစာများကို တောင်းယူခြင်းဖြင့် ကူညီဆောင်ရွက်ပေးနိုင်ပါရန် အသိပေးနှိုးဆော်အပ်ပါသည်။

**ရန်ကုန်တိုင်းဒေသကြီးအခွန်ဦးစီးဌာနမှူးရုံး**
**ပြည်တွင်းအခွန်များဦးစီးဌာန**

---

## ပြည်တွင်းအခွန်များဦးစီးဌာန
## အခွန်ဆိုင်ရာကြီးကြပ်ရေးဌာနခွဲ
## ၂၀၁၈ ခု ဘဏ္ဍာရေးနှစ်အတွက် အထူးကုန်စည်ခွန်
# မှတ်ပုံတင်သက်တမ်းတိုးလျှောက်ထားရန် နှိုးဆော်ခြင်း

၁။ အထူးကုန်စည်ခွန်ဥပဒေပုဒ်မ ၄ပုဒ်မခွဲ (က) အရ အထူးကုန်စည်ကို ပြည်တွင်းသို့တင်သွင်းခြင်း၊ပြည်တွင်း၌ထုတ်လုပ်ခြင်း၊ ပြည်ပသို့တင်ပို့ခြင်းများအတွက် အထူးကုန်စည်ခွန် ကျသင့်စေရမည် ဖြစ်ပါသည်။ အဆိုပါ ဆောင်ရွက်ခြင်းအပေါ် ကျသင့်သည့်အခွန်ကို အထူးကုန်စည်တင်သွင်းသူ၊ ထုတ်လုပ်သူ၊ တင်ပို့သူတို့က ထမ်းဆောင်ရမည်ဖြစ်ပါသည်။

၂။ ယင်းအထူးကုန်စည်ခွန်ထမ်းဆောင်ရန် တာဝန်ရှိသူသည် အထူးကုန်စည်ခွန် ဥပဒေပုဒ်မ ၁၅၊ ပုဒ်မခွဲ (က) အရ ဝင်ငွေခွန်စည်းကြပ်ခြင်းကို ခံယူရမည့် သက်ဆိုင်ရာ အခွန်ဦးစီးဌာနမှူးရုံးများတွင် လုပ်ငန်းမှတ်ပုံတင် လျှောက်ထားဆောင်ရွက်ရပါမည်။

၃။ အထူးကုန်စည်ခွန်ထမ်းဆောင်ရန်အတွက် သက်ဆိုင်ရာအခွန်ဦးစီးဌာနမှူးရုံးမှ ထုတ်ပေးသည့် မှတ်ပုံတင်လက်မှတ်သည် ဘဏ္ဍာရေးနှစ် တစ်နှစ်အတွက်သာ ထုတ်ပေးထားခြင်းဖြစ်သဖြင့် အထူးကုန်စည်ခွန်ဥပဒေပုဒ်မ ၁၅၊ ပုဒ်မခွဲ(ဃ)အရ အထူးကုန်စည်ကို တင်သွင်းခြင်း၊ ထုတ်လုပ်ခြင်း၊ တင်ပို့ခြင်းများကို ၁-၄-၂၀၁၈ မှ ၃၀-၉-၂၀၁၈ ရက်တွင် ကုန်ဆုံးမည့် ၂၀၁၈ခုဘဏ္ဍာရေးနှစ်တွင် ဆက်လက်ဆောင်ရွက်လိုပါက လုပ်ငန်းမှတ်ပုံတင် သက်တမ်းတိုး လျှောက်ထားခြင်း ဆောင်ရွက်ရမည်ဖြစ်ပါသည်။

၄။ **သက်တမ်းတိုးဆောင်ရွက်ရမည့် နောက်ဆုံးရက်** - ၂၀၁၇ ခုနှစ်၊ ဒီဇင်ဘာလ၏ နောက်ဆုံးရုံးဖွင့်ရက်

၅။ **ပျက်ကွက်မှုအတွက်ပြစ်ဒဏ် အထူးကုန်စည်ခွန် ဥပဒေပုဒ်မ၂၂၊ ပုဒ်မခွဲ(က)အရ** - မည်သူမဆိုလိုလောက်သောအကြောင်း မရှိဘဲ သက်ဆိုင်ရာနှစ်အတွင်း မှတ်ပုံတင်ရန်ပျက်ကွက်ခြင်းအတွက် ကျပ်၅၀သိန်း

၆။ စုံစမ်းရန်။ မရှင်းလင်းသည့်အချက်များကို သက်ဆိုင်ရာ မြို့နယ်အခွန်ဦးစီးဌာနမှူးရုံး(သို့မဟုတ်) အလယ်အလတ်အခွန်ထမ်းများဆိုင်ရာ အခွန်ရုံး၊ (၁)(၂)(၃) (သို့မဟုတ်) အခွန်ထမ်းကြီးများဆိုင်ရာ အခွန်ရုံး (သို့မဟုတ်) အခွန်ဆိုင်ရာဝန်ဆောင်မှုရုံး၊ (Tax Service Unit) (ရန်ကုန်) အမှတ်-၅၉/၆၁၊ မြေညီထပ်၊ ပန်းဆိုးတန်းလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး (သို့မဟုတ်) အခွန်ဆိုင်ရာဝန်ဆောင်မှုရုံး (Tax Service Unit)(မန္တလေး) ၆၅ လမ်း၊ ၂၂×၂၃လမ်းကြား၊ အောင်မြေသာစံမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး တို့တွင်မေးမြန်းစုံစမ်းနိုင်ပါသည်။

**ညွှန်ကြားရေးမှူး**
**အခွန်ဆိုင်ရာကြီးကြပ်ရေးဌာနခွဲ**

---

### ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် 9F/5167 ISUZU NKR 811 ယာဉ်လက်ဝယ်ရှိသူ ဦးစိန်လွင် ၈/ရနခ(နိုင်) ၁၀၄၆၉၅ က (ကမ-၃)ပျောက် မိတ္တူလျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း ကညန၊ ခရိုင်ရုံး(မင်းဘူး)သို့ လာရောက်ဆက်သွယ်ဆောင်ရွက်ပါရန်။

**ကညန၊ ခရိုင်ရုံး(မင်းဘူး)**

**Best Digital Bank in Myanmar 2017**

C B BANK




THE ASIAMONEY AWARDS

**Best Digital Bank in Myanmar 2017**

မြန်မာနိုင်ငံတွင် **Digital Banking** ဝန်ဆောင်မှု အကောင်းဆုံးပေးနိုင်ခဲ့ခြင်းအတွက် ASIAMONEY မှ **Best Digital Bank** in Myanmar 2017 ဆုအား ပေးအပ်ခဲ့ခြင်း ဖြစ်ပါသည်။

**CB** Bank
YOUR **DIGITAL** BANK

ထုတ်လုပ်ခွင့်လိုင်စင်အမှတ် ဂ/၂၀၁၁၊ တဆဆလ/တိုး(၅၄)၊ တိုင်းရင်းဆေးဝါးမှတ်ပုံတင်အမှတ်(ဆေးပြား) - TMR 004815(0314) / (ဆေးမှုန့်)TMR 000394(0314)

RE GD.

ဟေဗွက်ဟွက်ဖြန့် ဒါပြီးမရှဗနာင်ဆိုးနေဝါချောင်း ကွမ်းရှက်ပုံ ဆေးကောင်း

ကွမ်းရှက်ပုံတိုင်းရင်းဆေးအား မည်သည့် မြို့ရွာ များကိုမျှ မော်တော်ယာဉ်များဖြင့် လိုက်လံရောင်းချခြင်း မရှိပါကြောင်း သုံးစွဲသူ မိဘပြည်သူများနှင့် ရောင်းချသူများအား အထူးသတိပေး ပန်ကြားအပ်ပါသည်။

မြန်မာ့တိုင်းရင်းဆေးဖက်ဝင်စစ်မှန်သော ပရဆေးပစ္စည်းများဖြင့် ဖော်စပ်ထားသောကြောင့် အံ့ဩလောက်အောင် အထူးပင် ဆေးစွမ်းထက်မြက်လှပါသည်။



MMC Myanmar Metropolitan College

Where learning comes alive

UBIS UNIVERSITY

100% Assignment-based Programme

NO Exam Stress

Various Flexible Payment Plans

AYA Education Loan

Early Bird Discounts

များလည်း ပေးအပ်နေပါပြီ။

January 2018 Intake ၏

Batch 15 တန်းခွဲသစ်အတွက်

ကျောင်းအပ်လက်ခံနေပါပြီ။



MBA Master of Business Administration

လုပ်ငန်းခွင်တွင် စီးပွားစီမံခန့်ခွဲမှုနှင့် အုပ်ချုပ်မှုစွမ်းရည် မြင့်မားပြီး အရည်အချင်းပြည့်ဝသည့် ဦးဆောင်နိုင်သူတစ်ဦး ဖြစ်ရန်အတွက် Myanmar Metropolitan College တွင် Switzerland နိုင်ငံ University of Business and International Studies မှ တိုက်ရိုက်ချီးမြှင့်မည့် နိုင်ငံတကာအသိအမှတ်ပြု Master of Business Administration (MBA) ဘွဲ့ကို ရယူနိုင်ပါပြီ။ 100% Assignment-Based Programme ဖြစ်သည့်အပြင် ရုံးချိန်လွတ် စနေနှင့် တနင်္ဂနွေသာ တက်ရောက်ရသောကြောင့် အလုပ်တစ်ဖက်နှင့် ကျောင်းတက်လိုသူများအတွက် အလုပ်နှင့် စာကြား စိတ်ဖိစီးမှုလျော့နည်းစွာဖြင့် Master Degree ကိုရယူနိုင်မည်ဖြစ်ပါသည်။

Hotline

YGN: 09 2633 34223/4

MDY: 09 2633 34225/6

Yangon:
No. 232, Bargayar Street,
Myay Ni Gone,
Sanchaung Tsp.

Mandalay:
Block (4), Unit (3),
Mingalar Mandalay
Chanmyatharsi Tsp.

www.yourmmc.com

Myanmar Metropolitan College

info@yourmmc.com



ကြည်စိုး I.C အိမ်ခြံမြေ မှတ်စု ၂၀၀၀/

ဖြန့်ချိ ၁၇၆၊၃၄-လမ်း၊သင်တန်းခန်းမ ၀၉၅၁၀၄၀၄၁



စိန့်ပွင့်မေအိမ်ခြံမြေကုမ္ပဏီမှရောင်းမည်

ပေ (၈၀×၅၀) ထောင့်ကွက်၊ ဘိုးဘွားပိုင်မြေ

အရှုပ်အရှင်းမရှိ၊ ရေမီးအပြည့်အစုံ၊

နေရာကောင်း၊ တောင်သူကုန်းရပ်ကွက်၊

အင်းစိန်မြို့နယ်။ ဖုန်း-၀၉ ၅၁၅၃၂၂၃



အားမာန် ဖွင့်ပြီ

B.Ed ဝင်ခွင့်

ဒီဇင်ဘာအနီးကပ်သင်တန်း

အမှတ်(၂၂၄)၊ပန်းဆိုးတန်းလမ်း(အပေါ်ဘလောက်)၊

၃-လွှာ၊ကျောက်တံတားမြို့နယ်၊ရန်ကုန်တိုင်းဒေသကြီး။

ဖုန်း - ၀၁-၃၇၄၄၇၀၊ ၀၉-၂၅၀၃၁၂၇၇၉၊ ၀၉-၄၂၀၁၇၈၈၉၇



ရောင်းမည်

ရှင်စောပုလမ်း (လမ်းသွယ်)

၀.၂၀ ဧက

ဈေးနှုန်းညှိနှိုင်း

ဆက်သွယ်ရန်ဖုန်း - ၀၉ ၅၁၅၉၈၂၂



Christmas Special Promotion

Big Discount

OR

Only 20% Deposit With No Interest

1st~31st, December, 2017



H-1

MODERN AND POWERFUL, COMPLETE YOUR OWN H-1

$373/Month




- 2.5 CRDi Engine / 2.5 TCi Engine
- 6-Speed A/T / 5-Speed M/T
- 12-Seaters (Mini Bus)
- 3 Years or 100,000 km Warranty

HYUNDAI

INTERNATIONAL KLM CO.,LTD.

Yangon : No. 2/6, 2 Quarter, Corner of Insein Rd & Thamine Station Rd, Mayangone Township, Yangon, Myanmar.
Showroom : (01) 522 723, 09 42 100 2051 ,09 2500 100 10 Service Center : ( 01 ) 522 724

GLOBAL KLM CO.,LTD.

Mandalay : 3-F Myo Ma Oo Yin x 74th Street, Taung Myint Quarter, Pyi Gyi Ta Gon Tsp, MITC.
Showroom : 09 2531 51970, 09 4539 55560 Service Center : 09 421 888 220, 09 971 347 001

www.hyundaimotor.com.mm

info@hyundaimotor.com.mm

www.facebook.com/hyundaimm

All information and illustrations are based on data avilable at the time of publication and subject to change without notice.


### တစ်ဦးတည်းဖြစ်ကြောင်း

မကွေးမြို့၊ အမှတ် (၁၁၀)၊ လမ်းမတော်လမ်း၊ ဆားစည့်ရပ်ကွက်နေ မခိုင်သဇင်သက် ၈/မကန(နိုင်) ၂၁၆၆၅၃ နှင့် မောင်သာရင်မြတ် ၈/မကန(နိုင်)၂၅၈၁၇၇ တို့၏ ဖခင် ဦးမင်းဆွေနှင့် ဦးမင်းဆွေသိန်း ၈/မကန(နိုင်)၀၃၄၂၄၅ မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

**ဦးမင်းဆွေ(ခ)ဦးမင်းဆွေသိန်း**

### ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 5M/2024 ၏ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံးသွားပါ၍ ထုတ်ပေးပါရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **ကညန၊ တိုင်းဒေသကြီးဦးစီးမှူးရုံး၊ ပဲခူး**

### ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 6C/8984 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **ကညန၊ ခရိုင်ရုံး(ရန်ကုန်အနောက်ပိုင်း)**

**ဖခင် အမည်မှန်**

တောင်ကြီးမြို့၊ အထက(၂) သတ္တမတန်း(A)မှ နန်းမေနှင်းဦး၏ ဖခင်အမည်မှန်မှာ ဦးမောင်ငွမ်း ၁၃/တကန(နိုင်)၁၇၁၃၁၇ ဖြစ်ပါကြောင်း။ **ဦးမောင်ငွမ်း**

**အမည် ပြောင်း**

ညောင်ရွှေမြို့နယ် သပြေကုန်း အထက (ခွဲ)၊ တက္ကသိုလ်ဝင်တန်း(ခ)မှ ခွန်မောင်ဟန်အား ယနေ့မှစ၍ ခွန်နေဝင်းထွန်း ၁၃/တကန(နိုင်)၁၄၇၁၃၆ ဟုပြောင်းလဲခေါ်ပါရန်။ **ခွန်နေဝင်းထွန်း**

### ကန့်ကွက်နိုင်ပါကြောင်း

ယာဉ်အမှတ်-9C/1825 Mitsubishi Pajero ယာဉ်လက်ဝယ်ရှိသူ ဦးပြည့်စုံဝင်း ၉/ခအဇ(နိုင်)၀၅၆၉၂၁က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ တောင်ကြီး**

### ကန့်ကွက်နိုင်ပါကြောင်း

ယာဉ်အမှတ်-၄ဧယ/၅၃၈၁၉ CANDA ယာဉ်လက်ဝယ်ရှိသူ မမြတ်ပွင့်ဖြူ ၁၃/တကန(နိုင်)၂၁၂၉၁၅က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ တောင်ကြီး**

# ညောင်ချောင်းသာကမ်းခြေ ဒီဇင်ဘာနောက်ဆုံးပတ် ဖွင့်မည်



ညောင်ချောင်းသာ ကမ်းခြေအပန်းဖြေစခန်း သဲသောင်ပြင်ပေါ်တွင် ဈေးဆိုင်ခန်းများ ဆောက်လုပ်နေသည်ကို တွေ့ရစဉ်။

**ညောင်တုန်း ဒီဇင်ဘာ ၉**

မိုးအလွန် နွေရာသီ ကမ်းခြေအပန်းဖြေစခန်းအဖြစ် လူသိများ ထင်ရှားပြီး လာရောက်အပန်းဖြေသူ များပြားလာသော ညောင်တုန်းမြို့၏ ရောဝတီကမ်းခြေ ညောင်ချောင်းသာရေချိုးဆိပ် အပန်းဖြေစခန်းကို အမြန်ဆုံး ဖွင့်လှစ်နိုင်ရေး အတွက် ညောင်တုန်းမြို့နယ်မှ တာဝန်ရှိသူများက စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**စည်ကားလာ**

လွန်ခဲ့သော ခြောက်နှစ်ခန့်မှ စတင်ပြီး ရောဝတီမြစ်နှင့် ပန်းလှိုင်မြစ်ဆုံတွင် သဘာဝအလျောက် ဖြစ်တည်ခဲ့သော သဲသောင်ပြင်ကြီးပေါ်တွင် ရန်ကင်းသာ အပန်းဖြေရေချိုးဆိပ်အဖြစ် ဖွင့်လှစ်ခဲ့ရာမှ ညောင်ချောင်းသာ အပန်းဖြေစခန်း အဖြစ် ပိုမိုလူသိများလာပြီး နှစ်စဉ် လာရောက်အပန်းဖြေသူ ပိုမိုများပြားကာ စည်ကားလာခြင်းဖြစ်ကြောင်း သိရသည်။

လွန်ခဲ့သောနှစ်မှစတင်ပြီး အန္တရာယ်များသော နေရာဟောင်းတွင် ဖွင့်လှစ်ခြင်း မပြုတော့ဘဲ ရောဝတီမြစ်ကမ်းဘေးရှိ ကျယ်ဝန်းသော သဲသောင်ပြင်ကြီးပေါ်တွင် ပြောင်းရွှေ့ဖွင့်လှစ်ခဲ့ရာ ပိုမိုအဆင်ပြေသည့်အပြင် အန္တရာယ်လည်း ကင်းဝေးသွားကြောင်း သိရသည်။

**တည်ဆောက်လျက်ရှိ**

ယခုအခါ ရောဝတီမြစ်ကမ်းဘေးရှိ ကျယ်ဝန်းသော သဲသောင်ပြင်ကြီးပေါ်တွင် ဈေးဆိုင်ခန်း ၆၀ တည်ဆောက်လျက်ရှိပြီး ခိုင်ခံ့သော အဆင်းတံတား တည်ဆောက်ခြင်း၊ အဆင်းကားလမ်း ဖြောင့်ဖြူးကောင်းမွန်ရေးနှင့် ယာဉ်ရပ်နားစခန်းများ တည်ဆောက်ခြင်းနှင့် အခြားလိုအပ်သော အဆောက်အအုံများကိုလည်း တည်ဆောက်လျက်ရှိသည်။

"မနှစ်က ဖေဖော်ဝါရီ ၂၈ ရက်မှာ ဖွင့်လှစ်နိုင်ခဲ့ပေမယ့် ဒီနှစ်တော့ နှစ်မကုန်မီ ဒီဇင်ဘာလနောက်ဆုံးပတ်မှာ ဖွင့်လှစ်နိုင်ဖို့ *စာမျက်နှာ ၈ ကော်လံ ၄* ✻

## အာရှ-ပစိဖိတ်ဒေသတွင်းဆိုင်ရာ တတိယအကြိမ် အာရှ-ပစိဖိတ် ရေညီလာခံဖွင့်ပွဲ အခမ်းအနား တိုက်ရိုက်ထုတ်လွှင့်မည်

**နေပြည်တော် ဒီဇင်ဘာ ၉**

အာရှ-ပစိဖိတ်ဒေသတွင်းဆိုင်ရာ တတိယအကြိမ် အာရှ-ပစိဖိတ် ရေညီလာခံ ဖွင့်ပွဲအခမ်းအနားကို ဒီဇင်ဘာ ၁၁ ရက် နံနက် ၉ နာရီ မိနစ် ၄၀ တွင် ရန်ကုန်မြို့ ဆီဒိုးနားဟိုတယ်၌ ကျင်းပမည်ဖြစ်သည်။

အဆိုပါအခမ်းအနား ကျင်းပပုံများကို ယင်းနေ့နံနက် ၉ နာရီခွဲမှ စတင်၍ မြန်မာ့ရုပ်မြင်သံကြား(MRTV)၊ MITV၊ Sky Net Up to date၊ MNTV နှင့် မြန်မာ့အသံ ရေဒီယိုအစီအစဉ်တို့မှ တိုက်ရိုက် ထုတ်လွှင့်ပေးသွားမည် ဖြစ်ပြီး MRTV Facebook page မှလည်း Live ဆွေးနွေးပြုလုပ်သွားမည် ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

## ဒလမြို့မှ ကွမ်းခြံကုန်းမြို့သို့ YBS ယာဉ်ကြီးများ စတင်ပြေးဆွဲ

**ဒလ ဒီဇင်ဘာ ၉**

ရန်ကုန်တိုင်းဒေသကြီး သယ်ယူပို့ဆောင်ရေး ကြီးကြပ်ကွပ်ကဲမှု အာဏာပိုင်အဖွဲ့ ရွှေတောင်ပိုင်း သယ်ယူပို့ဆောင်ရေး အများနှင့်သက်ဆိုင်သော ကုမ္ပဏီလီမိတက်က ဒလမြို့မှ ကွမ်းခြံကုန်းမြို့သို့ အမှတ် ၅၀ YBS ယာဉ်ကြီးများဖြင့် ခရီးသည်ပို့ဆောင် ပြေးဆွဲခြင်းကို ဒီဇင်ဘာ ၈ ရက်က စတင်နေပြီဖြစ်ကြောင်းသိရသည်။

ယာဉ်စီးခနှုန်းထားများအဖြစ် ဒလ-ကော့မှူး ခရီးစဉ်အတွက် ငွေကျပ် ၅၀၀၊ ဒလ-ကွမ်းခြံကုန်း ခရီးစဉ်အတွက် ငွေကျပ် ၈၀၀ နှင့် ခရီးစဉ် တစ်ပိုင်းစီအတွက် ငွေကျပ် ၂၀၀ နှုန်း သတ်မှတ်ထားကြောင်း သိရသည်။

ယာဉ်ထွက်ချိန်အဖြစ် နံနက်ပိုင်းတွင် ကွမ်းခြံကုန်းမြို့မှ ၆ နာရီ၊ ဒလမြို့မှ ၈ နာရီ တွင် စတင်ထွက်ခွာပြီး နာရီဝက်လျှင် ယာဉ်တစ်စီးကျစီ ပြေးဆွဲလျက်ရှိကြောင်း၊ ညနေပိုင်းတွင် ကွမ်းခြံကုန်းမြို့မှ မွန်းလွဲ ၂ နာရီ၊ ဒလမြို့မှ ညနေ ၄ နာရီတွင် ပြေးဆွဲ ပေးလျက်ရှိကြောင်း၊ *စာမျက်နှာ ၈ ကော်လံ ၁* ●

## နေရာကျဲကျဲ မိုးထစ်ချုန်း ရွာနိုင်

**နေပြည်တော် ဒီဇင်ဘာ ၉**

ထူးခြားသည့် ညအပူအချိန်များမှာ ပူတာအိုမြို့တွင် ၇ ဒီဂရီစင်တီဂရိတ်နှင့် တွန်းဇံမြို့တွင် ၉ ဒီဂရီစင်တီဂရိတ်တို့ ဖြစ်ကြသည်။ မှတ်သားဖွယ်ရာ မိုးရေချိန်များမှာ ဟားခါးမြို့တွင် ၁ ဒသမ ၁၈ လက်မ၊ ဖလမ်းမြို့နှင့် ဟိုင်းကြီးကျွန်းမြို့တွင် ၀ ဒသမ ၁၀ လက်မစီ၊ ကိုကိုးကျွန်းမြို့တွင် ၁ ဒသမ ၀၇ လက်မ၊ ပုသိမ်မြို့တွင် ၀ ဒသမ ၉၈ လက်မနှင့် တီးတိန် မြို့တွင် ၀ ဒသမ ၇၅ လက်မတို့ ဖြစ်ကြသည်။

မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ စစ်ကိုင်းတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်နှင့် ချင်းပြည်နယ်တို့တွင် နေရာကျဲကျဲ မိုးထစ်ချုန်း ရွာနိုင်သည်။

**မိုး/ဇလ**

# ဇွဲကပင်အသင်းနှင့် ဂျပန်အပျော်တမ်းလိဂ် ညွန့်ပေါင်းအသင်း ခြေစမ်းပွဲကစား

**ရန်ကုန် ဒီဇင်ဘာ ၉**

၂၀၁၈ ရာသီ MNL အမှတ်ပေးပြိုင်ပွဲအတွက် လေ့ကျင့်ပြင်ဆင်မှုများ ပြုလုပ်နေသည့် ဇွဲကပင်အသင်းနှင့် မြန်မာနိုင်ငံသို့ ရောက်ရှိနေသည့် ဂျပန်အပျော်တမ်းလိဂ် ညွန့်ပေါင်းအသင်းသည် ယနေ့ညနေပိုင်းက သုဝဏ္ဏကွင်း၌ ခြေစမ်းပွဲယှဉ်ပြိုင်ကစားရာ ဂျပန်အပျော်တမ်းလိဂ်ညွန့်ပေါင်းအသင်းက လေးဂိုး-တစ်ဂိုးဖြင့် အနိုင်ရခဲ့သည်။

အာရှ ထိပ်သီးဘောလုံးနိုင်ငံဖြစ်သော ဂျပန်နိုင်ငံ၏ အပျော်တမ်းလိဂ်မှ အကောင်းဆုံးကစားသမားများဖြင့် ဖွဲ့စည်းထားသော ဂျပန်အပျော်တမ်းလိဂ်ညွန့်ပေါင်းအသင်းသည် ဇွဲကပင်အသင်းကို ခြေအသာဖြင့်ကစားကာ ဂိုးပြတ်အနိုင်ယူခဲ့သည်။ ဇွဲကပင်အသင်းသည် ယခုပွဲတွင် ဦးဆောင်ဂိုး သွင်းယူနိုင်ခဲ့သော်လည်း အနိုင်ရလဒ်ကို မထိန်းနိုင်ခဲ့သည့်အပြင် ရာသီကြိုကာလဖြစ်သောကြောင့် နိုင်ငံခြားသားနှင့် ပြည်တွင်း ကစားသမားများ စုံလင်ခြင်းမရှိသေးရာ ပုံစံကောင်းပြသနိုင်ခြင်း မရှိခဲ့ပေ။

ဇွဲကပင်အသင်းသည် ခြေစွမ်းပိုင်းခေါ်ယူစမ်းသပ်နေသည့် ပေါ်တူဂီတိုက်စစ်မှူး ပေါ်လိုကို အထောင်တိုက်စစ်မှူးအဖြစ် အသုံးပြုကာ ပြည်တွင်းကစားသမားများဖြင့် ယှဉ်ပြိုင်ကစားခဲ့သည်။ ပွဲအစ ခြောက်မိနစ်တွင် ပေါ်လိုက ဇွဲကပင်အသင်းအတွက် ဂိုးစတင်သွင်းယူခဲ့သော်လည်း ဂျပန်အပျော်တမ်းလိဂ် ညွန့်ပေါင်းအသင်း၏ ဖိအားပေးခြင်းကို ကြာရှည်တောင့်ခံနိုင်ခြင်းမရှိခဲ့ပေ။ တစ်ဦးချင်း ဘောလုံးပညာ သာလွန်သည့် ဂျပန်အပျော်တမ်းလိဂ်ညွန့်ပေါင်းအသင်းသည် ချေပဂိုးရရန် ဆက်တိုက် ဖိအားပေးကစားခဲ့ရာ ၁၄ မိနစ်တွင် မာကိုတိုက ချေပဂိုးသွင်းယူခဲ့သည်။ ဂိုးပြန်ရပြီးနောက်ပိုင်းတွင် ဂျပန်အပျော်တမ်းလိဂ်ညွန့်ပေါင်းအသင်းက စိတ်ကြိုက်ဖိကစားသွားပြီး *စာမျက်နှာ ၁၃ ကော်လံ ၃* ✻



ဂျပန်အပျော်တမ်းလိဂ်ညွန့်ပေါင်းအသင်း၏ ဂိုးသွင်းရန်ကြိုးပမ်းမှုကို ဇွဲကပင်ဂိုးသမား နိုင်ဇေယျာထွန်း ကာကွယ်နေစဉ်။
ဓာတ်ပုံ-စိုးညွန့်

